ဘုရားရှင် လက်ထက်တော်ကာလကမူ စိတ္တသူကြွယ်၊ အနာထပိဏ်သူဌေး၊ ဗိမ္ဗိသာရမင်း၊ အဇာတသတ်မင်း၊ ကောသလမင်းစသော သာသနာပြုပုဂ္ဂိုလ်နှင့် ကျွမ်းကျင်လိမ္မာသော ကပ္ပိယကောင်းတို့ကြောင့် ရဟန်းတော်များသည် ဆင်းရဲငြိုငြင်မှုမရှိဘဲ၊ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ခဲ့ကြပါသည်။

ထို့ကြောင့် ကပ္ပိယဟူသော ဝေါဟာရ အသုံးအနှုန်းသည် ဗုဒ္ဓမြတ်စွာသာသနာတော်၌ အဆင့်အတန်းမြင့်သော ဝေါဟာရဖြစ်သကဲ့သို့ ကပ္ပိယကောင်းတို့သည်လည်း ဘုန်းကံပါရမီ အလွန်ကြီးမားသူများ ဖြစ်ကြပေသည်။

dhammatrainingcenter.com

ရန်ကင်းတောင်စာစဉ် (၄၂)

# ဝိနည်းသင်ပုန်းကြီးဖတ်စာ

## အပိုင်း (၁)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်



ရန်ကင်းတောင်စာစဉ် (၄၂)

# ဝိနည်းသင်ပုန်းကြီးပတ်စာ

## (အပိုင်း - ၁)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

dhammatrainingcenter.com

ven.khemananda.brahmana@gmail.com

www.dhammatrainingcenter.com

**ရန်ကင်းတောင်စာစဉ်အမှတ် (၄၂)**

အဖုံးနှင့်အတွင်းပုံနှိပ် – ရွှေနိုင်ငံပုံနှိပ်တိုက် (၀၅၇၄၅)
အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်။

ထုတ်ဝေသူ – ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၄၁၉၃)

ဖြန့်ချိရေး – **ရန်ကင်းတောင်စာစဉ်၊ နေပြည်တော်**
ဖုန်း– ၀၉–၄၃၀ ၇၅၇၀၄
၀၉–၇၉၇ ၃၀၃၀၂၁
**သော်တာစန်းစာပေ၊ နေပြည်တော်**
ဖုန်း– ၀၉–၄၃၀ ၃၅၄၉၅
၀၉–၇၉၇ ၉၂၁ ၂၈၀
**သစ္စာမဏ္ဍိုင်ပိဋကစာပေ**
(ရွှေတိဂုံဘုရားတောင်ဘက်မုခ်)
ဖုန်း– ၀၉–၅၀၆၀ ၈၄၅
၀၉–၄၅၀ ၁၉၁ ၁၄၂

တန်ဖိုး – ကျပ်

ထုတ်ဝေခြင်း – ပထမအကြိမ် (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ)

အုပ်ရေ – ၅၀၀

**"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)**

၂၉၄ • ၃
အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်။
ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း–၁)၊ (ပထမအကြိမ်)
ရန်ကုန်၊ ရွှေနိုင်ငံစာပေ ၂၀၂၃။
၁၇၆ စာ၊ ၁၁ • ၄၃ × ၂၁ • ၃၄ စင်တီ။

ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း-၁)


| စဉ် | မာတိကာ | နှာ |
|---|---|---|
| * | အရှင်အဘယာလင်္ကာရ၏ ဥပါသကာတို့ အတွက် အမှာစကား | င |
| * | စကားဦး | ၅ |
| | **ဘုဉ်းပေးခြင်းဆိုင်ရာ ဘုရားဥပဒေတော်** | |
| ၁။ | ကာလိက ၄-ပါး | ၁ |
| ၂။ | သံသယဖြစ်လို့ ဆွမ်းတစ်နပ် မဘုဉ်းပေးတော့ပါ-၁ | ၆ |
| ၃။ | သံသယဖြစ်လို့ ဆွမ်းတစ်နပ် မဘုဉ်းပေးတော့ပါ-၂ | ၈ |
| ၄။ | ညဆွမ်းတဲ့ကိုယ်တော် | ၁၂ |
| ၅။ | အစားအစာကို ဇာမချဲ့ချင်ကြပါနဲ့ | ၁၃ |
| ၆။ | မှိုတက်ကိတ်က စားရခဲတယ် | ၁၅ |
| ၇။ | မြောင်းမြဆရာတော်ဝိနည်းအရာ သံသယကြီးတော်မူပါတယ် | ၂၃ |
| ၈။ | ကုဋ္ဌနူနာရောဂါဖြစ်နေတဲ့ ကပ္ပိယ | ၂၆ |
| ၉။ | ထန်းလျက်နှစ်ခဲကြောင့် ဒေသနာကြားရ | ၃၃ |
| ၁၀။ | ထန်းလျက်ခဲကြောင့် ဒဏ်ထမ်းကြရ | ၃၆ |
| | **ကပ္ပိယသာ ဂိလာနရဟန်းရဲ့ အားကိုးရာ** | |
| ၁။ | အင်္ဂလိပ်ရဟန်းတော် အရှင်အာနန္ဒမေတ္တေယျ | ၃၈ |
| ၂။ | မြွေပွေးသည်းခြေ အစွမ်းထက်ဆေး | ၄၃ |
| ၃။ | သံသယဆွမ်းကို မဘုဉ်းပါ | ၄၉ |
| ၄။ | သီလက အသက်ထက် တန်ဖိုးကြီးပါတယ် | ၅၃ |
| ၅။ | မြင့်မြတ်လှတဲ့ ရဟန်းသီလ | ၅၅ |
| ၆။ | ကတိုးသွေးဆေး ပြန်ယူသွား | ၅၇ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၇။ | ရဟန်းတော်များအား မလှူကောင်းတဲ့ဝတ္ထုနှင့် မဘုဉ်းပေးကောင်းတဲ့ အသားကြီးဆယ်ပါး | ၅၉ |
| ၈။ | ညနေဆွမ်းမဘုဉ်းဘဲ ကုလို့ရတဲ့ ကုထုံးမရှိဘူး ဆိုရင် ဆေးမကုပေးပါနဲ့တော့ | ၆၂ |
| ၉။ | ဂိလာနဖြစ်လို့ ဆေးရုံရောက်သော်လည်း ဝိနည်းသံသယ ကြီးတော်မူကြပါတယ် | ၆၇ |
| | **နဝကမ္မနဲ့ ကပ္ပိယရဲ့ အခန်းကဏ္ဍ** | |
| ၁။ | ကပ္ပိယနှင့် ငွေ | ၇၂ |
| ၂။ | ငွေမကိုင်တဲ့ ရဟန်းတစ်ပါးရဲ့ ရန်ကုန်မြို့ထဲက ဘတ်စ်ကားခရီး | ၇၉ |
| ၃။ | ကုန်တာကြာလှပြီ ကိုယ်တော် | ၈၃ |
| ၄။ | ရိုးတာကအစစ်၊ ဆန်းတာကအပြစ် | ၈၇ |
| | **ကပ္ပိယကောင်းတို့အတွက် အထွေထွေ သိမှတ်ဖွယ်ရာများ** | |
| ၁။ | ကျောင်းအဆောက်အဦဆောက်ရာ ကပ္ပိယပါ | ၉၃ |
| ၂။ | ဗေဒင်ယတြာချေသူကြောင့် ဆရာတော်ကြီးမှာ အာပတ်သင့်နိုင်တယ် | ၉၈ |
| ၃။ | ရှေးက ကပ္ပိယဒါယကာများ ဝိနည်းသိကြတယ် | ၁၀၁ |
| ၄။ | ရဟန်းဝိနည်းကို လူတိုင်းသိရင် သင့်ပါ့မလား | ၁၀၃ |
| ၅။ | ဝိနည်းတည်မှ သာသနာတည်မယ် | ၁၁၁ |
| ၆။ | ကပ္ပိယရဲ့ ရပိုင်ခွင့်နဲ့ လုပ်ပိုင်ခွင့် | ၁၁၅ |
| ၇။ | ကပ္ပိယလည်း ပစ္စည်းလေးပါး လျှောက်ထား သင့်တယ် | ၁၁၈ |

ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း-၁)


| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၈။ | ကပ္ပိယက သီလလည်း ဖြူစင်ရမယ်၊ စိတ်ဓာတ်လည်း ကောင်းရမယ် | ၁၂၈ |
| ၉။ | ဝေယျာဝစ္စပြုတဲ့ တောတိရစ္ဆာန်များ | ၁၃၂ |
| ၁၀။ | ကပ္ပိယနှင့် ဒုလ္လဘရဟန်း | ၁၃၇ |
| ၁၁။ | အရှုဏ်နှင့် ကပ္ပိယတာဝန် | ၁၃၉ |
| ၁၂။ | မအပ်စပ်တဲ့ အသုံးအနှုန်း (သို့) အကပ္ပိယဝေါဟာရ | ၁၄၅ |
| ၁၃။ | ရဟန်းသံဃာကို မပြစ်မှားကောင်းဘူး | ၁၅၀ |
| | **ကပ္ပိယများ၏ ရင်တွင်းစကား** | |
| ၁။ | ကပ္ပိယမောင်ချစ်ကိုကို (ခ) အောင်ပုရဲ့ ရင်တွင်းစကား | ၁၅၆ |
| ၂။ | ကပ္ပိယအဘဦးကျော်ဝင်း (ပျဉ်းမနား) ရဲ့ ရင်းတွင်းစကား | ၁၅၈ |
| ၃။ | ကပ္ပိယကိုသားကြီး (ရန်ကုန်)ရဲ့ ရင်တွင်းစကား | ၁၆၀ |
| ၄။ | ကပ္ပိယကိုနိုင်လင်း (ရန်ကုန်)ရဲ့ ရင်တွင်းစကား | ၁၆၁ |
| ၅။ | ကပ္ပိယကိုဂျင်မီထွန်းရဲ့ ရင်တွင်းစကား | ၁၆၃ |
| ၆။ | ကပ္ပိယဦးကံမြင့်ဦးရဲ့ ရင်တွင်းစကား | ၁၆၄ |
| ၇။ | ကပ္ပိယမောင်စိုးသူရဲ့ ရင်တွင်းစကား | ၁၆၅ |
| ၈။ | ကပ္ပိယဦးအောင်ကျော်ငြိမ်းရဲ့ ရင်တွင်းစကား | ၁၆၇ |
| ၉။ | ကပ္ပိယကိုအောင်ဟိန်းရဲ့ ရင်တွင်းစကား | ၁၆၇ |
| ၁၀။ | ကပ္ပိယကိုပြည့်ဖြိုးမြတ်ရဲ့ ရင်တွင်းစကား | ၁၆၉ |
| ၁၁။ | ကပ္ပိယမောင်နန်းထက်လှိုင်ရဲ့ ရင်တွင်းစကား | ၁၇၁ |
| ၁၂။ | ကပ္ပိယကိုကျော်ဇင်းဟိန်းရဲ့ ရင်တွင်းစကား | ၁၇၃ |

ရဟန်းကျင့်ဝတ် တစ်ပါးချို့က၊
လူ့နတ် မကြိုက် ကဲ့ရဲ့ထိုက်၏။

(မဃဒေဝလင်္ကာ)

ရဟန်းကျင့်ဝတ် တစ်ပါးတတ်က၊
လူ့နတ် ဦးခိုက် ပူဇော်ထိုက်၏။

(စတုဓမ္မသာရ ကိုးခန်းပျို့)

# ဥပါသကာတို့အတွက် အမှာစကား

သာသနာတော်၌ 'ကပ္ပိယ' တို့သည် အလွန် အရေးကြီးသော ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပါသည်။ ကပ္ပိယမရှိလျှင်ဖြစ်စေ၊ ကပ္ပိယ ရှိသော်လည်း လိမ္မာပါးနပ်မှု မရှိလျှင်ဖြစ်စေ ဆရာ ဘုန်းကြီးများ အာပတ်ကင်းစင်စွာဖြင့် ချမ်းချမ်း သာသာ ပရိယတ်၊ ပဋိပတ် အားထုတ်ရန် မလွယ် ကူပေ။ သို့ဖြစ်၍ ဆရာဘုန်းကြီးများ အာပတ် အပြစ်ကင်းစင်ရေးအတွက် ဒကာ၊ ဒကာမတို့က ဝိနည်းအရာ တတ်သိလိမ္မာထားမှ ဖြစ်ပေမည်။ ထို့ကြောင့်လည်း ရှေးပညာရှိတို့က '*တပည့်လိမ္မာ၊ ဆရာအာပတ်လွတ်*' ဟု ဆိုခဲ့ကြခြင်း ဖြစ်ပေ လိမ့်မည်။

သို့သော် အချို့ပုဂ္ဂိုလ်တို့က 'လူတို့က ဝိနည်းသိရန်မလို' ဟု ဆိုကြပါသည်။ အပြစ် အာပတ်ကို အလေးဂရုမပြုသော ပုဂ္ဂိုလ်များ အတွက် ထိုစကားသည် အတိုင်းအတာ တစ်ခုထိ မှန်ကောင်း မှန်ပေလိမ့်မည်။ သို့သော် သာသနာ တော်၌ သီလကိုဖြူစင်လိုသော ရဟန်းကောင်း များ အတွက်မှာမူကား 'လူပုဂ္ဂိုလ်များ ဝိနည်း သိရန် မုချ လိုအပ်ပါသည်'ဟု ရဲဝံ့စွာ ဆိုချင် ပါသည်။

သာဓကတစ်ခုကို ပြလိုပါသည်။ ဝိနည်း ပဓာနပြုသည့် စာသင်တိုက်တစ်ခုတွင် ဧရာဝတီ တိုင်းဒေသကြီးမှ ဒကာ ဒကာမများက ဆွမ်း ဆက်ကပ် လှူဒါန်းပြီးနောက် ကျောင်းထိုင် ဆရာတော်ထံ ချဉ်းကပ်ကာ "အရှင်ဘုရား- သံဃာတော်များ ပစ္စည်းလေးပါးအတွက် တပည့် တော်တို့ သိန်း (၅၀) လှူဒါန်းလိုပါတယ်ဘုရား၊ ဝတ္ထုငွေလည်း တစ်ပါတည်း ပါလာပါတယ်ဘုရား" ဟု လျှောက်ထားကြလေသည်။ ရဟန်းတော်များ သည် ကိုယ်တိုင်လည်း ငွေအလှူမခံကောင်းသကဲ့ သို့ "ကပ္ပိယထံ အပ်လိုက်ပါ"ဟူ၍လည်းကောင်း၊ "ဒီမှာ ငွေလှူနေတယ် လာယူပါ ကပ္ပိယကြီး" ဟူ၍လည်းကောင်း မပြောကောင်းပေ။

ထို့ကြောင့် ကျောင်းထိုင်ဆရာတော်ကြီး က "ဘုန်းကြီးတို့ ငွေအလှူမခံပါ"ဟု မိန့်တော်မူပါ သည်။ ထိုအခါ ဒကာ၊ ဒကာမ တို့က မိမိတို့ တစ်ခုခု မှားယွင်းစွာ လျှောက်ထားမိပြီဟု ရိပ်စား မိပါသော်လည်း ဝိနည်းဗဟုသုတ မရှိသော ကြောင့် မလုပ်တတ်တော့ပေ။ ထိုအချိန်၌ ဘုန်းတော်ကြီး၏ အနား၌ရှိသည့် ကပ္ပိယကြီး ကလည်း အသစ်ဖြစ်နေသဖြင့် နက်နဲလွန်းသည့် ဝိနည်းအရာကို နားမလည်ရှာသောကြောင့် ဘုန်းကြီးနဲ့ အလှူရှင်ကြားတွင် ဝိနည်းနှင့်အညီ အပ်စပ်အောင် ဆောင်ရွက်မပေးနိုင်ခဲ့ပါပေ။

အကယ်၍သာ အလှူရှင်များက ဝိနည်းနားလည်၍ “ကပ္ပိယ ညွှန်ပြတော်မူပါဘုရား” ဟူသော စကားတစ်ခွန်းမျှ ထည့်လျှောက်နိုင်ခဲ့လျှင် ကျောင်းထိုင်ဆရာတော်က ကပ္ပိယကို ညွှန်ခွင့် ရှိပါသည်။ ဤကား တပည့် ဒကာ၊ ဒကာမတို့ ဝိနည်းနားမလည်သည့်အတွက် သံဃာတော်များ၌လည်း လာဘ်လာဘ ချို့တဲ့သွားသကဲ့သို့ ဒါယကာများအဖို့လည်း သူတို့၏အလှူ မအောင်မြင်ခဲ့သည့် သာဓကတစ်ခုပင် ဖြစ်ပေသည်။

ထို့ကြောင့် ကျမ်းပြုအကျော် ပန်းကုံးဆရာတော်ဘုရားကြီးက “ဝိနည်းမသင်ကောင်းဘူးလို့ သူများကပြောတိုင်း ယောင်တောင်တောင် မလုပ်ကြနဲ့၊ လူတွေက ဒီလိုဝိနည်းနဲ့ ပတ်သက်တာတွေ သိနားလည်ထားမှ သံဃာတော်များအတွက် ဆောင်ရွက်ပေးတဲ့အခါမှာ လွယ်ကူချောမောမှာပေါ့” ဟု ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ကျမ်းစာအုပ်တွင် မိန့်ကြားတော်မူဖူးပါသည်။

သို့ဖြစ်ပါ၍ “လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းကို လူပုဂ္ဂိုလ်များ မုချ သိသင့်သည်” ဟု ခံယူတော်မူကြသော မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ မြောင်းမြဆရာတော်၊ မဟာဂန္ဓာရုံ ဆရာတော်၊ သာသနဝ္ဝဝန်ဆောင်ဆရာတော်

စသည့် သာသနာ့ ထိပ်ခေါင်တင် ဆရာတော်ကြီးများသည် လူပုဂ္ဂိုလ်များ သိနားလည်စေရန် ဝိနည်းကို ရေးသားတော်မူခဲ့ကြသည်၊ ဟောပြတော်မူခဲ့ကြပါသည်။

ရန်ကင်းတောရဆရာတော်သည်လည်း "လူပုဂ္ဂိုလ်များ ဝိနည်းကို မုချသိသင့်သည်"ဟု ခံယူတော်မူသော ဆရာတော်တစ်ပါးပင် ဖြစ်သည်။ ထို့ကြောင့်လည်း "လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်း" "မထေရ်မြတ်ကြီးတို့၏ စံနမူနာယူစရာ ကျင့်သီလ" စသည်ဖြင့် ဝိနည်း ဗဟုသုတဆိုင်ရာစာအုပ်တို့ကို ပုံစံအမျိုးမျိုးဖြင့် လူပုဂ္ဂိုလ်တို့၏ ရင်ထဲရောက်အောင် ရေးသားတော်မူခဲ့ပြီး ဖြစ်သည်။ ယခုလည်း "ဝိနည်းသင်ပုန်းကြီးဖတ်စာ"အမည်ဖြင့် စာအုပ်တစ်အုပ် ထပ်မံထွက်ရှိလာပေပြီ။

တစ်ခုသော ညနေခင်းတွင် ရန်ကင်းတောရဆရာတော်က ဖုန်းဆက်ပြီး "အရှင်ဘုရား ဝိနည်းသင်ပုန်းကြီးဖတ်စာ စာအုပ်တစ်အုပ် တပည့်တော်ရေးနေတယ်၊ ဖတ်ကြည့်ပြီး လိုတာရှိရင် လည်းပြောပါဦး၊ အမှာစာလေးလည်း ရေးလိုက်ပါဦး" ဟု မိန့်တော်မူပြီး စာမူကို ပို့ပေးတော်မူပါသည်။

အလုပ်မအားလပ်သဖြင့် နောက်ရက်မှ ဖတ်တော့မည်ဟု နှလုံးသွင်းကာ ရန်ကင်းဆရာတော်၏ စာမူပါ မာတိကာခေါင်းစဉ်မျှကိုသာ ပထမဖတ်ကြည့်ပါသည်။ ထိုခေါင်းစဉ်များက အလွန်စိတ်ဝင်စားဖွယ်တွေ့ရသဖြင့် ဖတ်ချင်စိတ်ကို မချိုသိပ်မထားနိုင်သည့်အဆုံး "ဝိနည်းသင်ပုန်းကြီးဖတ်စာ"ကို တစ်ထိုင်တည်း ဖတ်ဖြစ်သွားခဲ့ပါသည်။

ရန်ကင်းတောရဆရာတော်သည် လူပုဂ္ဂိုလ်များ စိတ်လည်းဝင်စားအောင် ရင်ထဲလည်း အလွယ်တကူရောက်အောင် ဆရာတော်ကြီးများ၏ စံနမူနာယူစရာ ကျင့်သီလတို့ကို သာဓကထား၍ စကားပြေဟန်ဖြင့် ရေးသားထားပါသည်။

ဆရာတော်၏ "ဝိနည်းသင်ပုန်းကြီးဖတ်စာ"တွင် ကပ္ပိယတို့ အရေးပါပုံ၊ ကပ္ပိယတို့ မလိမ္မာ၍ ဆရာတော်များ အခက်ကြုံရပုံ၊ ကပ္ပိယတို့ လိမ္မာ၍ ဆရာတော်များ ချမ်းသာရပုံတို့ကို ဖတ်ရသောအခါ စာအောင်လက်မှတ် ဆက်ကပ်ပွဲ အခမ်းအနားတစ်ခုကို သတိရမိသည်။

တစ်ခုသော စာအောင်လက်မှတ် ဆက်ကပ်ပွဲအခမ်းအနားတွင် မြို့နယ်လူကြီးများက စာအောင်သံဃာတော်တို့အား အောင်လက်မှတ်

နှင့်တကွ ဝတ္ထုငွေများကို တစ်ပါတည်းကပ်နေကြပါသည်။ ဝိနည်းကို အလေးဂရုပြုသည့် ရဟန်းငယ်လေးတစ်ပါးအလှည့် ရောက်သောအခါတွင် အောင်လက်မှတ်ကိုသာ လက်ခံပြီး ဝတ္ထုငွေထည့်ထားသည့် စာအိတ်ကို လက်မခံသောကြောင့် ထိုလူကြီးများက ဘာလုပ်ရမည်မှန်းမသိဘဲ ဖြစ်နေကြပါသည်။

ထိုအခမ်းအနားတွင် ဆရာမထေရ်မြတ်ကြီး များအပါအဝင် မင်းပရိသတ်၊ လူပရိသတ်လည်း တက်ရောက်နေကြသဖြင့် ထိုလူကြီးများနှင့် ထိုရဟန်းတော်လေး၏ရှေ့ မတိုးသာ၊ နောက်မဆုတ်သာ ဖြစ်နေသည့်ဖြစ်စဉ်ကြောင့် ပရိသတ်များက "ဘာလဲ၊ ဘယ်လိုလဲ၊ ဘာဖြစ်တာလဲ၊ ဘာကြောင့်လဲ" ဟူသောသဘောဖြင့် လှုပ်လှုပ်ရွရွ ဖြစ်လာကြပါသည်၊

ထိုအခိုက် ပရိသတ်ထဲမှ ဒကာကြီးတစ်ဦးထလာပြီး ထိုစာအိတ်ကို ယူကာ "အရှင်ဘုရား-အရှင်ဘုရားရဲ့ ကပ္ပိယကို ညွှန်းပါဘုရား"ဟု လျှောက်ထားလိုက်လေသည်။ ထိုအခါ ရဟန်းတော်မြတ်က "ကားမောင်းသမားဟာ ဦးပဇင်းရဲ့ ကပ္ပိယပဲ"ဟု ညွှန်ကြားလိုက်သည်။ ထိုလူကြီးက လိမ္မာပါးနပ်စွာဖြင့် ကားသမားထံ ထိုစာအိတ်ကို အပ်နှံလိုက်သဖြင့် လိပ်ခဲတည်းလည်း ဖြစ်နေသော

ပြဿနာ ပြီးသွားလေသည်။ ထိုပရိသတ်ထဲတွင် ဝိနည်းနားလည်သည့် ဥပါသကာကောင်းတစ်ဦး ရှိ၍ တော်သေးတော့၏။

လူပုဂ္ဂိုလ်များ ဝိနည်းကို လေ့လာသင်ယူရာ၌ အထူးသတိပြုရန်မှာ ဝိနည်းလေ့လာသင်ယူခြင်းသည် သံဃာတော်များကို ပုတ်ခတ်စော်ကားရန်မဟုတ်၊ သံဃာတော်များ အာပတ်ကင်းစင်စွာ ချမ်းချမ်းသာသာ သာသနာပြုနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီပေးကြရန်သာဖြစ်ပါသည်။

ဤစာအုပ်၏ စာမျက်နှာ (၁၅၀)တွင် 'ရဟန်းသံဃာကို မပြစ်မှားကောင်းဘူး' ဟူသောခေါင်းစဉ်ဖြင့် ဆရာတော်ကအထူး သတိပေးရေးသားထားပါသည်။

ထို့ကြောင့် "ဝိနည်းသင်ပုန်းကြီးဖတ်စာ" စာအုပ်ကိုဖတ်ရှုပြီး ဝိနည်းအရာ လိမ္မာကျွမ်းကျင်သော ဥပါသကာကောင်းများဖြစ်အောင် ကြိုးစားနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**အရှင်အဘယာလင်္ကာရ (မဟာဝိဟာရဝံသီ)**

# စကားဦး

ရဟန်းတော်တို့အား ဝိနည်းတော်နှင့်အညီ အပ်အပ်စပ်စပ် ပြုပေးနိုင်သူ၊ တစ်နည်းအားဖြင့် ရဟန်းတော်များ ဝိနည်းအပြစ်မဖြစ်ရလေအောင် ဆောင်ရွက်ပေးနိုင်သူကို သာသနာ့ဝေါဟာရဖြင့် ကပ္ပိယဟု ခေါ်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် (Kappiya = Lay Attendant in a Monestry) ဟု ဘာသာပြန်လေ့ ရှိပါသည်။ ဤဘာသာပြန်ဆိုမှုသည် ကပ္ပိယဟူသော ဝေါဟာရကို ခြုံမိ၊ ငုံမိသည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် ကပ္ပိယကို Kappiya ဟု သုံးနှုန်းခြင်းကပင် ပြီးပြည့်စုံသော အဓိပ္ပာယ်ကို ဆောင်နေပါသည်။

သာသနာတော် သုံးရပ် အဆက်မပြတ် ရှင်သန်တိုးတက်နေရေးအတွက် သာသနာ့ဝန်ထမ်းရှင်ရဟန်းကောင်းတို့၏ တာဝန်ဖြစ်ပေသည်။ ထို့ကြောင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းကောင်းများ အာပတ်ကင်းစင်စွာဖြင့် သာသနာပြုလုပ်ငန်းများကို ကူညီစောင့်ရှောက်ပေးနိုင်သည့် သာသနာပြုဖက်မှာ ကပ္ပိယများပင် ဖြစ်ကြပေသည်။

ကပ္ပိယများက ဝိနည်းအရာ လိမ္မာကျွမ်းကျင်လေလေ၊ ရှင်ရဟန်းကောင်းတို့အဖို့ အာပတ်ကင်းစင်လေလေ ဖြစ်သည်။ ရှင်ရဟန်းကောင်းတို့ အာပတ်ကင်းစင်လေ မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး စင်ကြယ် သန့်ရှင်းလေလေ ဖြစ်သည်။ သံဃာတော်များ အာပတ်ကင်းစင်ရန်မှာ ကပ္ပိယများ၏ စေတနာနှင့် အသိဉာဏ်ပညာသာ ပဓာနဖြစ်လေသည်။

ဘုရားရှင် လက်ထက်တော်ကာလကမူ စိတ္တသူကြွယ်၊ အနာထပိဏ်သူဌေး၊ ဗိမ္ဗိသာရမင်း၊ အဇာတသတ်မင်း၊ ကောသလမင်း စသော သာသနာပြုပုဂ္ဂိုလ်နှင့် ကျွမ်းကျင်လိမ္မာသော ကပ္ပိယကောင်းတို့ကြောင့် ရဟန်းတော်များသည် ဆင်းရဲငြိုငြင်မှုမရှိဘဲ၊ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ခဲ့ကြပါသည်။

တစ်ဖန် နတ်မင်းကြီးလေးပါးသည် မြတ်စွာဘုရားရှင်၏ ကျောင်းအာရမ်ကို စောင့်ရှောက်သူများဖြစ်ကြောင်း၊ သိကြားမင်းက မြတ်စွာဘုရားရှင်၏ သပိတ် သင်္ကန်း ပရိက္ခရာတို့ကို ယူဆောင်ပေးသည့် ကိုရင်ကပ္ပိယမျှသာ ဖြစ်ကြောင်း၊ အရှင်သာရိပုတ္တရာက မိခင်မယ်တော်ကြီး ပုဏ္ဏေးမကို တရားဟောတော်မူပါသည်။

ထို့ပြင် အဇာတသတ်မင်းက မြတ်စွာဘုရား ထံတော်ပါး ချဉ်းကပ်ခါ "ဘုရားတပည့်တော် အသက်ရှည်သမျှ ကာလပတ်လုံး ဘုရားမှအပ ကိုးကွယ်ရာ မရှိတော့ပါဘုရား၊ တပည့်တော်ကို ဥပါကာဟူ၍ လည်းကောင်း၊ ကပ္ပိယကာရက ဟူ၍လည်းကောင်း မှတ်ယူပေးတော်မူပါဘုရား" ဟု လျှောက်ထားဖူးပါသည်။

သို့ဖြစ်ပါ၍ ကပ္ပိယဟူသော ဝေါဟာရ အသုံးအနှုန်းသည် ဗုဒ္ဓမြတ်စွာသာသနာတော်၌ အဆင့်အတန်းမြင့်သော ဝေါဟာရဖြစ်သကဲ့သို့ ကပ္ပိယကောင်းတို့သည်လည်း ဘုန်းကံပါရမီ အလွန်ကြီးမားသူများ ဖြစ်ကြပေသည်။

ထို့ကြောင့် ဤသာသနာတော်၌ ဘုန်းကံ ပါရမီကြီးမားသည့် ကပ္ပိယကျောင်းများစွာ ပေါ် ထွန်းလာနိုင်ရန် ဤ "ဝိနည်းသင်ပုန်းကြီးဖတ်စာ" စာအုပ်က ရည်ရွယ်ပါသည်။

---

**ကျမ်းညွှန်း**

* သမညဖလသုတ် အဋ္ဌကထာ (နှာ-၂၁၁)

* စူဠသုတ္တဝဏ္ဏနာ၊ နာလန္ဒဝဂ္ဂ၊ မဟာဝဂ္ဂသံယုတ္တအဋ္ဌကထာ (နှာ-၂၅၁)

# ဘုဉ်းပေးခြင်းဆိုင်ရာ ဘုရားဥပဒေတော်

## ၁။ ကာလိက ၄-ပါး

ရဟန်းတော်များ ဝိနည်းတော်နှင့်အညီ သာသနာ့တာဝန်ကို ချမ်းသာစွာ ထမ်းရွက်တော်မူနိုင်ရန်အတွက် မိမိစွမ်းနိုင်သမျှ ကပ္ပိယကောင်းဖြစ်လိုသည့် Dr.အောင်သူနှင့် သူ၏သား M.A ကျောင်းသားတို့သည် အခါအားလျော်စွာ တောရကျောင်းသို့ လာကြပါသည်။ လာတိုင်းလည်း လူတို့နှင့်သက်ဆိုင်သည့် ရဟန်းဝိနည်းဆိုင်ရာ မေးခွန်းများကို စူးစမ်းလေ့လာ မေးမြန်းလျှောက်ထားကြလေ့ရှိပါသည်။ ယခုအပတ်တွင် ဆွမ်းစသည့် စားဖွယ်ဆိုင်ရာကို မေးလျှောက်ကြပါသည်။

ဆရာတော် ။ ။ ရဟန်းဘဝဆိုတာ စားချင်တိုင်း စားလို့မရဘူး၊ သတ်မှတ် ပိုင်းခြားထားတဲ့အချိန်အတွင်းမှာမှ ဘုဉ်းပေးသုံးဆောင်ကြရတယ်။ ဒါကို ပါဠိလို 'ကာလိက' လို့ ခေါ်ပါတယ် ကျောင်းသား။

M.A ကျောင်းသား ။ ။ ပါဠိလို နားမလည်ပါဘုရား။ ကာလိက ဆိုတာကြီးက ဘာအဓိပ္ပာယ်ပါလဲဘုရား။

ဆရာတော် ။ ။ 'ကာလိက'ဆိုတဲ့ ပါဠိ စကားရဲ့အဓိပ္ပာယ်က ပိုင်းခြားသတ်မှတ်ထားတဲ့ အချိန်အခါမှာ မှီဝဲ သုံးဆောင်ရတဲ့ အစား၊ အသောက်တွေ ဖြစ်ပါ တယ်။ နားလည်အောင် ပြောပြမယ်နော်။ ဘာ့ ကြောင့်လဲဆိုရင် ကျောင်းသား၊ ကပ္ပိယတွေက 'ကာလိက'လေးမျိုးအကြောင်းကို ပြည့်ပြည့်စုံစုံ သိထားမှသာလျှင် သံဃာတော်တို့ကို အချိန် အခါအားလျော်စွာ ဆက်ကပ်တတ်မယ်။ အမှား အယွင်းမရှိ ဆက်ကပ်တတ်မယ်။ ဒါကြောင့် တစ်ခုချင်းစီကို အသေးစိတ် ရှင်းပြပေးမယ်နော်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။ မြန်မာ စကားနှင့်မှပဲ ဖြစ်မှာပါ ဘုရား။

ဆရာတော် ။ ။ အချိန်အခါအားလျော်တဲ့ ကာလိက ၄ ပါး ရှိတယ် မောင်ကျောင်းသား၊ အဲဒါတွေကတော့ မနက် အရုဏ်တက်ချိန်ကနေ နေ့လယ် နေမွန်းတည့်ချိန် တိုင်အောင် ဘုဉ်းပေးသုံးဆောင်ကောင်းတဲ့ အစား အစာတွေကို 'ယာဝကာလိက' လို့ ခေါ်ပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒုတိယက 'ယာမကာ-လိက' ခေါ်တယ်။ သူက

ဒီကနေ့ မနက်အစောအရုဏ်တက်ချိန်ကနေ နောက်နေ့ မနက်အရုဏ်မတက်ခင် အချိန်အထိ သုံးဆောင်ကောင်းတဲ့ ဖျော်ရည် စတာတွေပါ။

M.A ကျောင်းသား ॥ ॥ လူတွေသောက်သုံးတဲ့ ယမကာဆိုတာနဲ့စာလုံး နည်းနည်း ဆင်တူနေပါတယ်ဘုရား။

ဆရာတော် ॥ ॥ မြန်မာဝေါဟာရ စကားလုံး ၃၉၇၀ ကျော်ကျော်လောက်က ပါဠိကနေ နည်းမျိုးစုံနှင့် ဆင်းသက်ရောက်ရှိလာတာမို့ ဒီမှာလည်း ယာမကာလိက ကနေ ယမကာဖြစ်လာတာပါ မောင်ကျောင်းသား။

M.A ကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အခုတစ်ခါ တတိယက *'သတ္တာဟကာလိက'*တဲ့ သံဃာတော်များ ရက်သတ္တတစ်ပတ် သိုမှီးပြီး သုံးဆောင်ကောင်းတဲ့ ပျားရည်၊ ထောပတ် စတာတွေပါ။

M.A ကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အခုနောက်ဆုံး *'ယာဝဇီဝိက'*က အသက်ထက်ဆုံးတိုင် သိုမှီးသိမ်းဆည်း ဘုဉ်းပေးလို့ရတဲ့ အင်္ဂလိပ်ဆေး၊ မြန်မာဆေးတွေ ပါဝင်ပါတယ်။

## (က) ယာဝကာလိကဝတ္ထု

M.A ကျောင်းသား ။ ။ တပည့်တော် ဒါကို အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ ပထမဦးဆုံး ဒီနေ့ အရုဏ်တက်ချိန်ကစပြီး၊ နေမွန်းမတည့်မီ ကာလအတွင်း ဘုဉ်းပေးသုံးဆောင်ကောင်းတဲ့ အရာတွေကို အသေးစိတ် ပြန်ပြောပြမယ်နော်။ အဲဒါကို ပါဠိလို 'ယာဝကာလိကဝတ္ထု'လို့ ခေါ်တယ်နော်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား၊ အဲဒီ 'ယာဝကာလိက' ဝတ္ထုဆိုတာ ဘာတွေပါပါသလဲဘုရား။

ဆရာတော် ။ ။ 'ယာဝကာလိကဝတ္ထု'ထဲမှာ ဆွမ်းပါတယ်။ ဆွမ်းဟင်း၊ ဆွမ်းကျော်၊ မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်း၊ အသီးသီး လူတွေစားနေကျ အစားအစာအားလုံးပါတယ်။ သစ်သီးတွေ၊ သစ်ရွက်တွေ၊ သစ်မြစ်တွေ၊ သစ်ဖု၊ ခဲဖွယ်၊ စားဖွယ် အကုန်လုံးဟာ အရုဏ်တက်ပြီးတဲ့ အချိန်ကနေပြီးတော့မှ မွန်းမတည့်မချင်း သုံးဆောင်ကောင်းတဲ့ အစာအာဟာရတွေဖြစ်တယ်။

M.A ကျောင်းသား ။ ။ ဒါဆိုလို့ရှိရင် ဘုရား တပည့်တော်က ဒီကနေ့ ကပ်လိုက်တဲ့ ငှက်ပျောသီးဆိုတော့ အသီးထဲမှာ ပါတယ်ဘုရား။ ဒီနေ့ မွန်းမတည့်မချင်းဘဲ သုံး ဆောင်ကောင်းတာပါလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ မှန်ပါတယ်။

M.A ကျောင်းသား ။ ။ ဒါဆို ပိုတဲ့ငှက်ပျောသီး ကို ဘာလုပ်ရမလဲဘုရား။

ဆရာတော် ။ ။ ပိုတဲ့ဟာကို အာလယ ပြတ် စွန့်လိုက်ရုံပါပဲ။

M.A ကျောင်းသား ။ ။ ဘယ်ကို သွားစွန့်ပစ်ရ မလဲဘုရား။ ငှက်ပျော သီးကအများကြီးဉစ္စာ။

ဆရာတော် ။ ။ ဘယ်စွန့်ပစ်၊ စွန့်ပစ်ပေ့ါ။ ရဟန်းက သုံးဆောင် လို့မှ မရတော့တာ၊ မသုံးဆောင်ကောင်းတဲ့ပစ္စည်း ဖြစ်သွားပြီလေ။

M.A ကျောင်းသား ။ ။ ကပ္ပိယကို ပေးစွန့်လို့ ရ ပါသလားဘုရား။

ဆရာတော် ။ ။ ရတယ်၊ ရတယ်။

M.A ကျောင်းသား ။ ။ ရှင်းပါပြီဘုရား။ နောက် နောင် တပည့်တော် ဘာသာ ငှက်ပျောသီးယူလာပြီး ကြွက်တွေ၊

ရှဉ့်တွေ မကိုက်တဲ့ နေရာလေးတစ်နေရာမှာ သိမ်းဆည်းထားပြီး နေ့တိုင်း၊ နေ့တိုင်း အရှင်ဘုရားကို တစ်လုံး၊ နှစ်လုံး လောင်းလှူရင် ရပါသလားဘုရား။

ဆရာတော် ။ ။ ရပါတယ်၊ ဘာမှ အပြစ်မရှိပါဘူး။ လောင်းတဲ့သူကလည်း ကုသိုလ်ရ၊ အလှူခံပုဂ္ဂိုလ်မှာလည်း ချမ်းချမ်းသာသာ ဝိနည်းတော်နဲ့အညီ ဘုဉ်းပေးလို့ရတာပေါ့ မောင်ကျောင်းသား။

## ၂။ သံသယဖြစ်လို့ ဆွမ်းတစ်နပ် မဘုဉ်းပေးတော့ပါ – ၁

ဆရာတော် ။ ။ သတိရတာတစ်ခု ပြောပြဦးမယ်။ ဝိသုဒ္ဓါရုံဆရာတော်အလောင်းအလျာ ငယ်စဉ်ရဟန်းငယ်ဘဝမှာ ရွှေကျင်တိုက်ကနေ သပိတ်လွယ်ပြီး ထွက်သွားတယ်။ ရွာတစ်ရွာရောက်တော့ ဆွမ်းခံတယ်။ ဆွမ်းစားမယ်အလုပ် လေတိုက်လို့ မြူမှုန်တွေ သပိတ်ထဲ ကျကုန်တယ်။

---

**ကျမ်းညွှန်း**

* ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၅)
* ဝိကာလဘောဇနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၉၉)
* သန္နိဓိကာရကသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၁၇)
* သန္နိဓိကာရသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၀၄-၁၀၅)

M.A ကျောင်းသား ။ ။ ဒါဆိုရင် သပိတ်ထဲက ဆွမ်း ဘုဉ်းပေးလို့ မရတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ဘယ်ရတော့မလဲ၊ ဒါကြောင့် ဆရာတော်က ဆွမ်းမဘုဉ်းသေးဘဲ လမ်းသွားလမ်းလာ ဒါယကာတစ်ယောက်ယောက်ကို စောင့်နေတော်မူတယ်။ တစ်ယောက်ယောက်လာရင် အကပ်ခံပြီးမှ ဘုဉ်းမယ်လို့ စောင့်နေတော်မူလိုက်တာ နေမွန်းတည့်သွားလို့ ဆွမ်းမဘုဉ်းပေးလိုက်ရဘူး။

M.A ကျောင်းသား ။ ။ ကိုယ့်လက်ထဲက သပိတ်ထဲစားစရာ ပြည့်ပြည့်စုံစုံလည်း ရပြီးပြီ။ အချိန်အခါကလည်း နေမွန်းမတည့်သေးဘူး။ ဒါပေမဲ့ ဝိနည်းသံသယကြောင့် အငတ်ခံဝံ့တာ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ။ ။ သာသနာတော်မှာ ဒီလိုသာဓကတွေ ရှိပါသေးတယ်မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ တပည့်တော်က လူငယ်ဆိုတော့ အခုလိုပုံဝတ္ထုသာဓကနဲ့ဆိုရင် ပိုလို့ မှတ်မိလွယ်ပါတယ်ဘုရား။

---

**ကျမ်းညွှန်း**

* ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၁၁)

## ၃။ သံသယဖြစ်လို့ ဆွမ်းတစ်နပ် မဘုဉ်းပေးတော့ပါ – ၂

ဆရာတော် ॥ ॥ ကောင်းပါပြီ။ အလားတူ အဖြစ်အပျက်လေး တစ်ခု ပြောပြဦးမယ်နော်။

M.A ကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဘုန်းကြီးက ရန်ကုန်မှာ ကျင်းပတဲ့ သံဃအစည်း အဝေးတစ်ခုကို ကြွရတယ်။ လေယာဉ်ပေါ်က ဆင်း၊ ကားနဲ့ ဆက်ကြရတယ်။ ကားပေါ်က ဆင်းတာနဲ့ စည်းဝေးတိုင်ပင်ရင်း နေ့ ၁၁ နာရီကျော်မှ ပထမပိုင်း စည်းဝေးပြီးတော့တယ်။ ဒါနဲ့ ဆွမ်းဘုဉ်းကြမယ်ဆိုတော့ *'ရေချိုးပြီးမှလာပါ့မယ်ဘုရား'* လို့ တောင်းပန်လျှောက်ထားပြီး နေရစ်ခဲ့တယ်။

M.A ကျောင်းသား ॥ ॥ သံဃာတွေ ဆွမ်းစားပွဲဝိုင်းတွေနဲ့ တင်ပလ္လင် ခွေထိုင်ပြီး သပိတ်တွေနှင့်ပဲ တောကျောင်းမှာလို ဘုဉ်းပေးတာပါလားဘုရား။

ဆရာတော် ॥ ॥ မဟုတ်ရပါဘူး မောင် ကျောင်းသားရယ်၊ ဆွမ်းကျောင်းလည်းရောက်ရော ကုလားထိုင်နဲ့ အလယ်မှာ လှည့်လို့ရတဲ့ စားပွဲအမြင့်နဲ့ ဇွန်းနဲ့ ခက်ရင်း

နဲ့ ဟိုတယ်မှာလို ဝတ်စုံဝတ်ထားတဲ့ စားပွဲထိုးနဲ့ မြင်လိုက်ရတော့ အံ့သြသွားတယ်။

M.A ကျောင်းသား ။ ။ အဲဒါ မဘုဉ်းပေးကောင်း ဘူးလားဘုရား။

ဆရာတော် ။ ။ ဘုဉ်းပေးကောင်းပါ တယ်၊ ဘုဉ်းပေးကောင်း ပါတယ်ဗျာ၊ ဒါပေမဲ့ အကပ်ခံတဲ့သိက္ခာပုဒ်တစ်ခု ပျောက်နေတာကို နည်းနည်း အကဲခတ်မိ လိုက်တယ်။

M.A ကျောင်းသား ။ ။ မကပ်ဘဲ ဟိုတယ်မှာလို မှာပြီး ဘုဉ်းပေးနေကြ တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ မှာတဲ့ဟင်းတွေ စားပွဲ ထိုးက လာချပေး၊ ကုန်တဲ့ဟင်းခွက် ပြန်ယူနဲ့ ဖြစ်နေတယ်။ ဒါနဲ့ စားပွဲထိုး ဒကာမတစ်ယောက် က ဘုန်းကြီးရှေ့ ဆွမ်းထမင်း၊ ဆွမ်းဟင်းတွေ လာချပေးသွားတယ်။ သူက မကပ်ဘူး။ နေက မွန်းတည့်တော့မယ်။

M.A ကျောင်းသား ။ ။ မြန်မြန်ဘုဉ်းပေးရတော့ မှာပေါ့ဘုရားနော်။

ဆရာတော် ။ ။ အကပ် မခံထားတဲ့ အစားအစာ ဘယ်လို ဘုဉ်းပေးရမလဲ မောင်ကျောင်းသား။ ဒါနဲ့ အချိုပွဲပဲ

ဘုဉ်းပေးမယ်လို့ ဆုံးဖြတ်လိုက်ရတယ်။ အချို့ပွဲတွေကို လာချတာကလည်း အလွန်ကိုပဲ မြန်လွန်းတယ်။ ဘုန်းကြီးလက်ထဲ အကပ်ခံမိလိုက်တာက ငှက်ပျောသီးတစ်လုံးနဲ့ ကော်ဖီတစ်ခွက်ပဲရှိတယ်။ ဒီလောက်နဲ့ပဲ အရုဏ်ဆွမ်း၊ နေ့ဆွမ်းပြီးလိုက်ရပါတယ်။

M.A ကျောင်းသား ။ ။ စိတ်မကောင်းစရာပါလားဘုရား။

ဆရာတော် ။ ။ ဒါစိတ်မကောင်းစရာမဟုတ်ပါဘူး။ ဘဝသံသရာမှာ တောထဲက သား၊ သမင်တွေ ဖြစ်ခဲ့တုန်းက အစာငတ်လို့၊ ရေငတ်လို့ သေခဲ့ရတဲ့ဘဝလည်း များလှပါပြီဗျာ၊ ရန်သူလိုက်လို့ ပြေးရင်း၊ လွှားရင်း သေခဲ့ရတဲ့ဘဝလည်း နည်းမှတ်လို့၊ ဒီနေ့သာသနာနဲ့ ကြုံနေတဲ့ဘဝ၊ ရဟန်းဖြစ်ခွင့်ရထားတဲ့ဘဝမှာ သံသယရှိတဲ့ဆွမ်းကို ဘာလို့စားမလဲ၊ အငတ်ခံရပါတယ်၊ စားစရာမရှိလို့ အငတ်ခံတာမှ မဟုတ်တာ၊ မိမိ မြတ်မြတ်နိုးနိုး စောင့်ထိန်းထားတဲ့ သီလအတွက် အငတ်ခံတာလေ မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ လဲဘူးဆရာတော်ကြီးက ထန်းတပင်တောရ

မှာတုန်းက မိန့်တော်မူဖူးတာ သတိရလို့ ပြောပြဦးမယ်နော်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ *"စားပွဲ အကြီးကြီးကို မကပ်ကြတယ်၊ အကပ် မပြောက်ဘူး ဦးခေမာ၊ တပည့်တစ်ပါး သူ့မြို့နယ်မှာ အကြီးအကဲ၊ ဒါပေမဲ့ ဝိနည်းလျော့ရဲတယ်၊ ဒါကြောင့် ပြောလိုက်တယ် 'ငါ့ကို နောက်နောင် မမျှော်နဲ့တော့၊ ငါ့စကား နားမထောင်လို့ မဟုတ်ဘူး။ ဘုရားစကားကို နားမထောင်လို့ ငါ့ကိုမပင့်နဲ့တော့၊ ငါမလာတော့ဘူး'လို့ ပြောလိုက်တယ်။ အာပတ်သင့်မခံနိုင်ဘူး ကိုယ်တော်၊ ပတ်ဝန်းကျင် တော်တော်များများကတော့ အကပ် မခံဘဲ စားတဲ့ခေတ်ကို ရောက်သွားပြီနဲ့တူတယ် ကိုယ်တော်"လို့ မိန့်တော်မူဖူးတယ်။*

M.A ကျောင်းသား ။ ။ အနာဂတ်သာသနာတော်အရေး ရင်လေးစရာကြီးပါလားဘုရား။

**ကျမ်းညွှန်း**

* ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၀၉)

# ၄။ ညဆွမ်းတဲ့ကိုယ်တော်

ဆရာတော် ။ ။ လဲဘူးဆရာတော်ကြီး မိန့်တာလေးတစ်ခု ပြောပြဦးမယ်နော်။ ဆရာတော်ကြီးက *"နတ်မောက်နယ်ဘက်က ရွာတစ်ရွာမှာ သိမ်သမုတ်ပွဲရှိလို့ပင့်တယ် ကိုယ်တော်၊ အချိန်အခါကို စောင့်ရင်း ရောက်နှင့်တဲ့ သံဃာတွေနဲ့ စကားစမြည်ပြောနေတာလေ၊ အဲဒါ ညနေ (၅)နာရီကျော်တော့ ကပ္ပိယတစ်ယောက်လာပြီး အလိုရှိတဲ့ပုဂ္ဂိုလ်များ ဒီဘက်အခန်းကို ကြွတော်မူပါဘုရား"*လို့ လျှောက်တယ် ကိုယ်တော်။

M.A ကျောင်းသား ။ ။ သိမ်သမုတ်တော့မှာမို့ ပင့်တာပါလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးတွေကလည်း တစ်ပါးပြီးတစ်ပါး အလျှိုလျှိုထပြီး ကြွသွားကြတယ်တဲ့။ ဒါနဲ့ လဲဘူးဆရာတော်ကြီးကလည်း ဘာမှန်းမသိလို့ အနားက တစ်ပါးကို မေးတော်မူမှ သိရတာတဲ့။

M.A ကျောင်းသား ။ ။ ဒီဘက်အခန်းထဲကို ဘာအကြောင်းကြောင့်များ ကြွပါလို့ ပင့်တာပါတဲ့လဲဘုရား။

ဆရာတော် ။ ။ လဲဘူးဆရာတော် မိန့်တော်မူတာက *"ဦးခေမာရေ အခန်းထဲကို ညစာစားဖို့ ပင့်တာတဲ့၊ သာသနာက အဲသလိုဖြစ်နေပြီ ကိုယ်တော်"*။

M.A ကျောင်းသား ॥ ॥ ကပ္ပိယကလည်း ညစာစားတာလားဘုရား။

ဆရာတော် ॥ ॥ ကပ္ပိယက ညစာစားလို့ ဘာအပြစ်ဖြစ်မှာလဲ၊ စားပါစေ။ ဒါပေမဲ့ ဘုန်းကြီးတွေကို ညဆွမ်းဆိုပြီး လုပ်လာကြတာကတော့ သာသနာမှာ မဖြစ်သင့်ဘူးပေါ့ မောင်ကျောင်းသား။

M.A ကျောင်းသား ॥ ॥ သက်တော်ရှည် လဲဘူး ဆရာတော်ကြီး ကိုယ်တိုင် ကြုံဆုံခဲ့ရတာကြီးက သာသနာတော်အတွက် စိတ်မသက်သာစရာ အခြေအနေပါပဲဘုရား။

## ၅။ အစားအစာကို ဓာမချဲ့ချင်ကြပါနဲ့

ဆရာတော် ॥ ॥ ရေစကြိုဆရာတော်ကြီးက "*ငါ့ရှင်တို့ ဖြစ်သလို စားကြ၊ အစားကို မချဲ့ချင်ကြပါနဲ့၊ ဆွမ်းစားပြီး လက်ဖက်ရည် မသောက်ချင်ကြနဲ့၊ အစားအသောက် ဟာချဲ့လို့ မဆုံးနိုင်ဘူး။ တို့တစ်တွေ မန္တလေး ရွှေမြို့တော် အရှေ့ပြင်တိုက်မှာ စာသင်သား*

**ကျမ်းညွှန်း**

* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ မဟာထေရ်မြတ်ကြီးတို့၏ စံနမူနာယူစရာကျင့်သီလ (အပိုင်း-၄)၊ ပထမအကြိမ်

*အဖြစ်နဲ့ နေခဲ့စဉ်က ဆွမ်းခံသွားတာ တစ်ခါတစ်ခါ ဟင်းလျာမရဘူး။ အဲဒီတုန်းကဆို တချို့ရက်တွေမှာ ဆွမ်းကို ရေနဲ့မျိုချရတယ်။ တစ်ခါတလေ စျေးထဲသွားရပ်တော့ ချဉ်ပေါင်ရွက်စည်း ရတတ်တယ်။ အဲဒီချဉ်ပေါင်ရွက်ရည်ကလေးကို ညှစ်ပြီး စားခဲ့ရတာလည်း ရှိတာပဲ၊ အခုနေအခါ အဲဒီလောက် မရှားပါဘူးကွယ်*”လို့ ဩဝါဒပေးတော်မူပြီး ဆရာတော်ကြီးကလည်းပေးတဲ့ ဩဝါဒအတိုင်းပဲ တစ်သက်တာ နေတော်မူသွားတယ်။

M.A ကျောင်းသား ॥ ॥ မှန်ပါဘုရား။ တစ်ခါမှ မကြားဘူးတဲ့ ဩဝါဒပါဘုရား၊ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ॥ ॥ သက်တော်ရှည် ရွှေဒါးတောရ ဆရာတော်ကြီးကလည်း “*သက်န်းစီးပြီး ရှင်ငယ်ဘဝကနေ ပျံလွန်တော်မူသည့်တိုင်အောင် ညစာမဘုဉ်းပေးဘူးကြောင်းနှင့် ညစာစားတဲ့ အိပ်မက်တောင် မမြင်မက်ခဲ့ဘူးကြောင်း*” ကြည်ညိုစဖွယ် မိန့်ကြားတော်မူဖူးပါသေးတယ် ကျောင်းသား။

M.A ကျောင်းသား ॥ ॥ သာဓု၊ သာဓု၊ သာဓု ပါဘုရား။

---

**ကျမ်းညွှန်း**

* ဝိကာလဘောဇနသိက္ခာပုဒ်၊ ဘောဇနဝဂ်၊ ပါစိတ္တိယပါဠိ (နှာ-၁၁၄)

## ၆။ မှိုတက်ကိတ်က စားရခဲတယ်

Dr. အောင်သူ ။ ။ ဆရာတော်များထံ တော်ပါး ဆွမ်းတွေ၊ အချိုပွဲတွေ၊ မုန့်ဘောဇဉ်တွေကပ်တာမှာ ကပ္ပိယတွေက ကျန်းမာရေးနှင့် ညီညွတ်အောင် ကပ်တတ်ကြပါသလားဘုရား။

ဆရာတော် ။ ။ ခေတ်ပညာတတ်တဲ့ လူငယ်၊ လူကြီး ကပ္ပိယတွေကတော့ စဉ်းစားတတ်ပါတယ်။ လယ်သမား၊ ယာသမား ကပ္ပိယများနှင့် နေရတဲ့အခါမှာတော့ သူတို့အားအစွမ်း ရှိသလောက်ပဲ စဉ်းစား ဆောင်ရွက်ပေးတတ်တယ်။ ဘုန်းကြီးဘက်က ခွင့်လွှတ်သည်းခံပေးရပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ဘယ်လိုမျိုး ခွင့်လွှတ် သည်းခံကြရတာပါလဲ ဘုရား။

ဆရာတော် ။ ။ ဥပမာနဲ့ ပြောပြပါမယ်။

Dr. အောင်သူ ။ ။ ဥပမာနဲ့ဆိုရင် မှတ်မိလွယ်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဥပမာ မဟုတ်တော့ဘူး ဒကာကြီးရေ။ ဘုန်းကြီးကြုံခဲ့တာလေးကိုပဲ ပြောပြတော့မယ်။

Dr. အောင်သူ ။ ။ ကိုယ်တွေ့ဆိုရင် ပိုပြီး မှတ်မိပါတယ်ဘုရား။

ဆရာတော် ။ ။ လယ်ဝေးမြို့နယ် သပြေပင်ရန်ကင်းတောရမှာ နေတုန်းက ကပ္ပိယတွေ ဝေခွဲရခက်တဲ့ အခက်အခဲ တစ်ခု ကြုံခဲ့ရတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုမျိုး အခက်အခဲ ပါလဲဘုရား။

ဆရာတော် ။ ။ အချိုပွဲအတွက် မုန့်ကပ်ဖို့ပြင်နေသခိုက် မြို့က ဒကာတစ်ယောက်က တောရကျောင်းကို ရောက်နေတယ်။ သူက ကပ္ပိယဘကြီး လှော်ငင့်ပစ်လိုက်တဲ့ မုန့်ထုပ်ဘူးခွံကို ကြည့်ပြီး *'အဘ ဒီမုန့်က ရက်လွန်နေပြီ၊ ဒါကြောင့် ဆရာတော်ကို မကပ်သင့်ဘူး'* လို့ ပြောပြသတဲ့။

Dr. အောင်သူ ။ ။ ကပ္ပိယက ဒါလေးတောင် မသိဘူးလားဘုရား။

ဆရာတော် ။ ။ မသိရှာဘူး၊ ဒါကြောင့် ကပ္ပိယဘကြီးက မြို့က ရောက်နေတဲ့ ဧည့်သည်ကို *'ငါ့တူ ဘကြီးက ဒါတွေ နားမလည်ဘူး၊ ရက်လွန်တော့ ဘာလုပ်ရမလဲ'* လို့ မေးသတဲ့။ ရောက်နေတဲ့ ဧည့်သည်က *'ရက်မလွန်ခင် ကပ်စရာကပ်ရမယ်၊ ရက်လွန်သွားရင်တော့ မစားကောင်းဘူးအဘ'* လို့ သင်ပြသတဲ့။

Dr. အောင်သူ ။ ။ ဒါနဲ့ ကပ္ပိယဘကြီးတို့က နောက်နေ့တွေ လိုက်နာကြသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယဘကြီးက ပြန်ပြောတယ် *'သံဃပစ္စည်းဖြစ်နေတယ်။ ဒါကြောင့် ဘကြီး မပစ်ရက်ဘူး။ ဆရာတော်စွန့်ရင်တော့ ဘကြီးတို့ကပ္ပိယတွေ စားကြတယ်။ ငါ့တူပြောတဲ့ ရက်လွန်ဆိုတဲ့ဟာ ဘကြီးအသက် ၇၀ ကျော်ပြီ၊ တစ်ခါမှ မကြားဖူးဘူး၊ ကြုံလည်းမကြုံဖူးဘူး'* လို့ ပြောလိုက်တယ်။

Dr. အောင်သူ ။ ။ ကပ္ပိယဘကြီးက ဗဟုသုတ တော်တော့်ကို နည်းပုံရတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ *'အဲဒီရက်လွန်ဆိုတဲ့ဟာကြီးကို ဘယ်လိုသိနိုင်တုန်း ငါ့တူပြခဲ့စမ်းပါ'*လို့ ပြောသတဲ့။ ဒါနဲ့ ဧည့်သည်ကလည်း ရက်စွဲကြည့်တတ်အောင် သင်ပေးခဲ့တယ်လို့ ဘုန်းကြီးကို နောက်တစ်နေ့မနက် ဆွမ်းခံသွားရင်း ကပ္ပိယဘကြီးက လျှောက်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နောက်တစ်ပတ်၊ ဆယ်ရက်လောက်နေတော့

ကိတ်မုန့်ကပ်တာ အနံ့နည်းနည်းရလို့ *"ဒကာကြီး ဒီမုန့်က ရက်လွန်နေပြီ ထင်တယ်နော်"*လို့ မေးလိုက်တယ်။ ဒကာကြီး ဖြေတာက *"ဟိုတစ်ပတ်က မုန့် ရက်လွန်ပါတယ်ဘုရား၊ ဒါက ရက်မလွန်ပါဘုရား"*လို့ ပိုင်ပိုင်ကြီးလျှောက်တယ်။

Dr. အောင်သူ ။ ။ အထုပ်ပေါက်ပြဲသွားတာ ဖြစ်မယ်ဘုရား။

ဆရာတော် ။ ။ ဒါနဲ့ မုန့်ထည့်ထားတဲ့ မူလစက္ကူဘူးယူခဲ့ပါဦး

ကြည့်ရအောင်လို့ဆိုတော့ *"ဘူးကို တပည့်တော်တို့ အပြန်ပြန် အလှန်လှန် စစ်ဆေးပြီးပါပြီ၊ ရွာမုန့်ဆိုင်ကဝယ်လာတဲ့ ကိတ်မုန့်ပါဘုရား။ ရက်လွန်ရက် မရှိတာ သေချာတယ်။ ဒါကြောင့် ဒီကိတ်မုန့်ကို တစ်လထားလည်း ရတယ်ဆိုပြီး မကပ်သေးဘဲ ကြောင်အိမ်ထဲ သေသေချာချာ သိမ်းထားပြီး ရက်လွန်ရက်ပါတဲ့ တခြားမုန့်တွေကို အရင်ကပ်နေတာပါဘုရား"*လို့ ကပ္ပိယက ပြည့်ပြည့်စုံစုံ လျှောက်တယ်။

Dr. အောင်သူ ။ ။ အနံ့ထွက်မှတော့ မှိုတက်ရောပေါ့ဘုရား။

ရွာဆိုင်တွေက သူတို့ပစ္စည်း ရက်လွန်သွားရင် ရက်စွဲ ရေးထားတဲ့စာရွက်ကို ခွာပစ်တတ်တယ်။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒါနဲ့ ကပ္ပိယကို ဒါက မကောင်းတော့ဘူး။ မှိုတွေလည်း တက်နေတယ်၊ လွှင့်ပစ်လိုက်ပါလို့ ပြောလိုက်ရတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယဘကြီးက လွှင့်ပစ်လိုက်သလားဘုရား။

ဆရာတော် ။ ။ အဲဒါမပစ်ဘူး ဆိုတာကို နောက်မှသိရတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုလုပ်လိုက်ကြသလဲဘုရား။

ဆရာတော် ။ ။ တစ်ယောက်ကို ပြောသတဲ့ *'ဘုန်းကြီးက ကိတ်မုန့် ချဉ်စော်နံလို့တဲ့ ငါ့ကိုလွှင့်ပစ်ခိုင်းတယ်။ ဘယ်ပစ်ရက်မလဲကွာ ပါကင်ဘူးက အသစ်စက်စက်ကြီး ရှိသေးတာ။ မှိုက နည်းနည်းလေး တက်တာလေ၊ ချဉ်စော်နံရုံလေးနံတာပါကွာ။ မှိုတက်ကိတ်က စားရခဲလို့ နောက်နေ့မနက် ငါတို့ ကပ္ပိယတွေ အရဏ်စာ စားလိုက်ကြတာ ကုန်ပါရောဗျာ'*တဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ ဒုက္ခပါပဲဘုရား၊ နှလုံးသားဖြူစင်ကြတဲ့ ကပ္ပိယကြီးတွေမှာ သိသင့်တဲ့ ဗဟုသုတလောက်တော့ ရှိမှဖြစ်ပါတော့မယ်ဘုရား။

## (ခ) ယာမကာလိကဝတ္ထု

M.A ကျောင်းသား ॥ ॥ မနက်ဖြန်မနက် အရုဏ်မတက်မချင်း သုံးခွင့်ရှိတယ်ဆိုတဲ့အရာက နားမလည်သေးပါဘုရား။

ဆရာတော် ॥ ॥ အကပ်ခံထားတဲ့ နေ့ရဲ့ အရုဏ်ချိန်ကစပြီးတော့ မနက်ဖြန်မနက် အရုဏ်မတက်မချင်း သုံးဆောင်ကောင်းတာကတော့ အပ်စပ်တဲ့ ဖျော်ရည်တွေ အမျိုးမျိုး ဖြစ်ပါတယ်။ ဒါကိုတော့ 'ယာမကာလိကဝတ္ထု'လို့ ခေါ်ပါတယ်။

M.A ကျောင်းသား ॥ ॥ အပ်စပ်တဲ့ဖျော်ရည်ဆိုတော့ မအပ်စပ်တဲ့ဖျော်ရည်တွေ ရှိပါသေးသလားဘုရား။

ဆရာတော် ॥ ॥ မအပ်စပ်တဲ့ ဖျော်ရည်တွေ ရှိပါသေးတယ်။

M.A ကျောင်းသား ॥ ॥ ဘုရားတပည့်တော် ဒါလေးလည်း သိပါရစေဘုရား။ မအပ်စပ်တာ သိထားတော့ လှူဒါန်းတဲ့နေရာ သတိထားနိုင်တာပေါ့ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ၊ မအပ်စပ်တဲ့ဖျော်ရည်ဆိုတာ ကစပါး ၇ မျိုးကနေ ရတဲ့အရည်၊ အသီးကြီး ၉ မျိုးကနေရတဲ့အရည်၊ ပဲမျိုးအရည်လို့ခေါ်တဲ့

အသီးအရည်၊ သစ်နွယ်၊ အညွန့်၊ အပွင့်အရည်၊ ဟင်းရွက်ချက်လို့ရတဲ့ အရည်မှန်သမျှဟာ ဖျော်ရည်လုပ်ဖို့ မအပ်ဘူး။ အသီးကြီး ကိုးမျိုးရှိသေးတယ်။

M.A ကျောင်းသား ။ ။ အဲဒီအသီးကြီး ကိုးမျိုး ဆိုတာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ အဲဒါကတော့ (၁) ထန်းသီး၊ (၂) အုန်းသီး၊ (၃) အိမ်ပိန္နဲသီး၊ (၄) တောင်ပိန္နဲသီး၊ (၅) ဘူးသီး၊ (၆) ဖရုံသီး၊ (၇) သခွားပြေပ်သီး၊ (၈) သခွားကြောင်သီး၊ (၉) သခွားဆစ်သီး၊ အဲဒီအသီးကိုးမျိုးကနေ ဖြစ်ပေါ်တဲ့ အရည်တွေလည်း မအပ်စပ်ဘူး။

M.A ကျောင်းသား ။ ။ အဲဒီ အသီးတွေကနေ လွတ်ရင် ကျန်တာက အပ်စပ်ပြီလို့ ယူနိုင်ပြီလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ယူနိုင်ပါပြီ။ ပမာဆိုပါစို့၊ မန်ကျည်းဖျော်ရည်၊ ဆီးဖျော်ရည်၊ သံပုရာရည်၊ ရှောက်ရည်၊ လိမ္မော်ရည် စတာတွေကတော့ အပ်စပ်ပါတယ်။ သုံးဆောင်ကောင်းပါတယ်။

M.A ကျောင်းသား ။ ။ အုန်းနို့၊ ပိန္နဲသီးဖျော်ရည်၊ သခွားသီးဖျော်ရည်

စတာတွေကတော့ ရဟန်းအနေနဲ့ ညနေပိုင်း သုံးဆောင်ဖို့ မသင့်တော်ဘူးဆိုရင် မှန်ပါသလား ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ မှန်ပါတယ် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ သင့်လည်းသင့်၊ အပ်လည်း အပ်စပ်တာကို

တော့အချိန်မရွေး သုံးဆောင်လို့ ရပြီလားဘုရား။

ဆရာတော် ။ ။ မရပါဘူး၊ ရဟန်းက ဆာလောင်မွတ်သိပ်မှ

သာလျှင် ဖျော်ရည်ကို သုံးဆောင်ကောင်းတယ် နော်။ ဆာလောင်မွတ်သိပ်မှု မရှိဘဲနဲ့ သက်သက် အာဟာရဖြစ်အောင် သုံးဆောင်မိလို့ရှိရင် အပြစ် ရှိပါတယ်။

M.A ကျောင်းသား ။ ။ အကပ်ခံကောင်းတဲ့ ဖျော်ရည်ကို ဒီကနေ့

အကပ်ခံထားပြီး၊ မနက်ဖြန်မနက် အရုဏ် မတက်မချင်း သုံးခွင့်ရှိတာပါလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ ကနေ့ အကပ်ခံထားပြီးရင်

မနက်ဖြန်မနက် အရုဏ်မတက်မချင်း သုံးခွင့်ရှိပါတယ်။ အရုဏ်တက်ပြီးရင်တော့ အာလယပြုတ်စွန့်လိုက်ရပါတယ်။

## ၇။ မြောင်းမြဆရာတော် ဝိနည်းအရာ သံသယကြီးတော်မူပါတယ်

ဆရာတော် ။ ။ ဖျော်ရည်နှင့် ပတ်သက်ပြီး သတိရတာလေး တစ်ခု ပြောရဦးမယ်။

MA ကျောင်းသား။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ တစ်ခါတုန်းက မြောင်းမြဆရာတော်ဘုရားကြီးနှင့် ကျွန်းကုန်းဆရာတော်ကြီးတို့နှစ်ပါး စစ်ကိုင်းတောင်ရိုးမှာရှိတဲ့ ရွှေကျင်ဂိုဏ်း ဆိုင်ရာကျောင်းတွေကို ကြွတော်မူတယ်။ ညနေစောင်းမှာ ကျောင်းတစ်ကျောင်းကိုရောက်တော့ ဦးပဉ္စင်းတစ်ပါးက သရက်သီးအမှည့်တွေ အကပ်ခံပြီး ကိုယ်တိုင်အခွန်သင်ပြီး လှီးဖြတ်နေတယ်။

---

**ကျမ်းညွှန်း**

* ကေဏိယဇဋိလဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၄၄)
* ကေဏိယဇဋိလဝတ္ထုကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ-၃၈၃)
* ဝိကာလဘောဇနသိက္ခာပဒဝဏ္ဏနာ၊ ဘေသဇ္ဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ-၉၉)
* ပဌမပဝါရဏာသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ-၈၈)
* သန္နိဓိကာရကသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ-၁၁၅)

MA ကျောင်းသား။ ။ ညနေပိုင်းမှာ ဦးဇင်းက ဘာကြောင့် သရက်သီး လှီးနေရတာလဲဘုရား။

ဆရာတော် ။ ။ သရက်ဖျော်ရည် လုပ်မ လို့တဲ့၊ ဒါကို ဆရာတော် ကြီးက မြင်တော်မူလိုက်တယ်ဆိုရင်ပဲ "ဦးပဥ္စင်း တို့ မသောက်ဘူး၊ မဖျော်နဲ့၊ ကိုယ်တိုင်ဖျော်ရ သလား"လို့ ပြတ်ပြတ်သားသားကြီးကို မိန့်တော် မူလိုက်ပါတယ်။ မြောင်းမြဆရာတော်ကြီးက ဝိနည်းအရာမှာ သံသယရှိတော်မူရင် အဲဒီ ကျောင်းက ရေတောင်မသောက်ဘူး မောင် ကျောင်းသား။

MA ကျောင်းသား။ ။ ဝိနည်းအရာ အဲသလို ထိပ်တန်းကျတဲ့ ဆရာ တော်ကြီးများ ဒီကနေ့ သာသနာတော်မှာရှိပါ သေးသလားဘုရား။

ဆရာတော် ။ ။ ဝိနည်းအရာအားနည်း တဲ့ ပုဂ္ဂိုလ်များက အင် အား ကောင်းနေပါသော်လည်း သာသနာတည် နေသေးတဲ့အတွက် ရဟန်းကောင်းများ မြန်မာ့ မြေပေါ်က မဆိတ်သုဉ်းသေးပါဘူး။ သို့သော်

ပုန်းလျှိုးကွယ်လျှိုး၊ မထင်မရှားဘဲ နေတော်မူကြတာ များပါတယ် မောင်ကျောင်းသား။

MA ကျောင်းသား။ ။ ဘာ့ကြောင့်များ ပုန်းလျှိုး ကွယ်လျှိုး၊ မထင်မရှားလေး နေတော်မူတာပါလဲဘုရား။ ထင်ထင်ပေါ်ပေါ်ဖြစ်ရင် ပိုမကောင်းပါလားဘုရား။

ဆရာတော် ။ ။ ခက်ပါဘိ မောင်ကျောင်းသား ရေများရေနိုင်၊ မီးများ မီးနိုင်ဆိုသလို၊ အခုခေတ် ဒီလောက် ဝိနည်းလျော့ရဲနေတဲ့ကာလမှာ ဦးရေအားဖြင့် နည်းပါးလှတဲ့ ဝိနည်းဆောင်ဆရာတော်များ ဘယ့်နှယ်လုပ် ထင်ထင်ပေါ်ပေါ် နေနိုင်တော့မလဲကွယ်။

MA ကျောင်းသား။ ။ အနာဂတ်သာသနာ အတွက် ရင်လေးပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒီကနေ့တော့ နေဝင်ဆည်းဆာချိန်လည်းရောက်ပြီ ဒီမျှနဲ့ပဲ နိဂုံးချုပ်ကြပါစို့နော်။

## ၈။ ကုဋ္ဌနူနာရောဂါဖြစ်နေတဲ့ ကပ္ပိယ

MA ကျောင်းသား။ ။ ဟိုတစ်ခါက ကပ္ပိယ အကြောင်းနဲ့ ဖျော်ရည် အကြောင်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ကပ္ပိယ အကြောင်း ပြောနေရင်း ထွင့်မှုခေါင်ဆရာတော်ကြီးရဲ့ ကုဋ္ဌနူနာရောဂါ ဖြစ်နေတဲ့ ကပ္ပိယအကြောင်းကို သတိရလာတယ်။

MA ကျောင်းသား။ ။ ရောဂါသည်ကြီးက ကပ္ပိယ လုပ်နေတာ လားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ကပ္ပိယ ကိုသာဟန်တဲ့။ သူက နူနာရောဂါဖြစ်ပြီးတော့ လက်ချောင်းကလေးတွေ တိုပြီး၊ ပြတ်တဲ့ဟာပြတ်၊ ကောက်တဲ့ဟာကောက် နေတာတဲ့။

MA ကျောင်းသား။ ။ ဆရာတော်ကြီးအတွက် ကပ္ပိယကဘာတွေလုပ် ပေးရတာလဲဘုရား။

ဆရာတော် ။ ။ ဆွမ်း၊ ကွမ်း၊ အဖျော် ရည်တွေကို ဆက်ကပ် ရတယ်၊ နွေကာလ ညနေချမ်းအခါများမှာ ဆရာ

တော်က မန်ကျည်းဖျော်ရည် ဘုဉ်းပေးတော်မူ လေ့ရှိလို့ မန်ကျည်းဖျော်ရည် ကပ်ရတယ်။

MA ကျောင်းသား။ ။ နူနာရောဂါသည် ကပ္ပိယက အဲဒါတွေကို လုပ်ပေးရတာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆိုကြပါစို့ ဥပမာ ညနေ မန်ကျည်းဖျော်ရည်ကပ်ခါနီးရင် ဆရာတော်ကြီးရှေ့မှာ ကိုသာဟန်က ထန်းလျက်၊ မန်ကျည်း၊ ဆားတွေ သင့်အောင်ထည့်ပြီး သူ့လက်နဲ့ ပယ်ပယ်နယ်နယ် နယ်ပြီးတော့ အုန်းမှုတ်ခွက်ကြီးနဲ့ ကပ်ရတယ်။

MA ကျောင်းသား။ ။ တိုနေတဲ့ သူ့လက်နဲ့ အဲသလိုကြီးလုပ်ပြီး သူက ကပ်တာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ချို၊ ချဉ်၊ ငန် အချိုးအစပ် တည့်မတည့်သိရအောင် သူက ပါးစပ်နဲ့ မြည်းစမ်းလိုက်သေးတာ မောင်ကျောင်းသား။

MA ကျောင်းသား။ ။ ဆရာတော်ကြီး မရွံ့ရှာဘူးလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးမှာ ရွံ့ရှာတဲ့လက္ခဏာ မတွေ့ရပါဘူး။ မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးတော်မူတာပဲ။

Dr.အောင်သူ ။ ။ တင်ပါ။ ကျန်းမာတဲ့ ကပ္ပိယကလည်း ရှားလိုက်တာဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆက်ပြီး ပြောပြဦးမယ်နော်။

MA ကျောင်းသား။ ။ နူနာသည် ကပ္ပိယများ အကြောင်းကို မိန့်မှာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အရှင်မဟာကဿပမထေရ်ကြီးက ကုဋ္ဌနူနာသည်ရဲ့အိမ်ရှေ့မှာ ဆွမ်းရပ်တော်မူတယ်။ ရောဂါသည်ကလည်း ဆွမ်းထွက်လောင်းနေတုန်း သွေးပြည်တွေ ယိုစီးပြီး ပုပ်ပွ ဆွေးရိနေတဲ့လက်ချောင်း တစ်ချောင်းက သပိတ်ထဲ ပြုတ်ကျ ကျန်ရစ်ခဲ့တယ်။

MA ကျောင်းသား။ ။ သပိတ်ထဲက ဆွမ်းပေါ်ကို ကျတာလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်၊ အရှင်မြတ်ကြီးကလည်း အဲဒီရောဂါသည်ကြီးကို ချီးမြှောက်လိုတဲ့အတွက် သူ့အိမ်ရှေ့မှာပဲထိုင်ပြီး သပိတ်ထဲပါလာတဲ့ လက်ချောင်းအပြတ်ကလေးကို ဘေးဖယ်ပြီးတော့ ဆွမ်းကို မရွံမရှာ မြိန်မြိန်ရှက်ရှက်ကြီး ဘုဉ်းပေးတော်မူတာပါပဲ မောင်ကျောင်းသား။

Dr. အောင်သူ ။ ။ သူတော်ကောင်းကြီး
များရဲ့သဘော သိခွင့်
ရတာ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ။ ။ အခုထပ်ပြောပြဦးမှာ
ကတော့ ဘုန်းတော်
ကြီးဦးသီလရဲ့ ကပ္ပိယအကြောင်းပါ။

MA ကျောင်းသား။ ။ နူနာသည် ကပ္ပိယပဲ
လားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဆရာ
တော်ကြီးက ဆွမ်းခံ
ရလာသမျှကို သပိတ်နဲ့အတူ နူနာသည် ကပ္ပိယ
ကြီးကို ပေးတော်မူလေ့ရှိတယ်။ သူက ဆွမ်းတွေ၊
ဟင်းတွေထဲကို ရေထည့်ပြီး နယ်ဖတ်ပေးရတယ်။
တစ်နေ့ကျတော့ ဆရာတော်ကြီးက “*ဟဲ့ -ကပ္ပိယ
ကြီး၊ နင့် လက်ချောင်းလေးတွေ အစေ့ရှိသေးရဲ့
လား*” လို့ မေးတော်မူသတဲ့။

MA ကျောင်းသား။ ။ ဒီကပ္ပိယလက်ချောင်း
ကလည်း ရိဆွေးလို့ပဲ
ပြတ်ကျတာ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ကပ္ပိယက
ဘယ်လိုဖြေလိုက်သလဲ
ဆိုရင် “*တပည့်တော် လက်သန်းကလေး တစ်ဆစ်
ပြုတ်ပါသွားတယ် ထင်တယ်ဘုရား*”တဲ့။

MA ကျောင်းသား။ ။ တပည့်တော် ကျန်းမာအောင်နေပြီး အခုလို ကျင့်တဲ့ ဆရာတော်ကြီးများအနားမှာ ကပ္ပိယ လုပ်ချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အေးအေး သာဓု၊ သာဓု၊ သာဓုပါ။

## (ဂ) သတ္တာဟကာလိကဝတ္ထု

M.A ကျောင်းသား ။ ။ ဟိုတစ်ပတ်တုန်းက ယာမကာလိကကို ယမကာနဲ့ မှတ်ထားလိုက်တာ တပည့်တော် ဒီနေ့ထိ မှတ်မိနေပါတယ်ဘုရား။

ဆရာတော် ။ ။ သတ္တာဟကာလိကလို့ခေါ်တဲ့ ရက်သတ္တတစ်ပတ်ထားခွင့်ရှိတဲ့ အကြောင်းအရာကို ပြောပြဦးမယ်နော်၊ ကပ္ပိယက ဒါကိုလည်း အထူးသိထားဖို့ လိုပါသေးတယ်။

M.A ကျောင်းသား။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ရက်သတ္တတစ်ပတ် ထားခွင့်ရှိတာက ထောပတ်၊

---

**ကျမ်းညွှန်း**

* မဟာစရိယဦးဌေးလှိုင်၏ ထွန်းခေါင်ဆရာတော်၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၁၆၀-၁၆၂)

* (၁၀၅၈)၊ မဟာကဿပထေရဂါထာ၊ ထေရဂါထာပါဠိ (နှာ-၃၅၁)

ဆီဦး၊ နှမ်းဆီ၊ ပျားရည်၊ တင်လဲတို့ဖြစ်ပါတယ်။ အဲဒါမျိုး လေးမျိုးကို ရောစပ်ထားရင် စတုမဓု လို့ခေါ်တယ်။ ဒီကနေ့ အရုဏ်တက်ကနေစပြီး အကပ်ခံယူထားရင် နောက်ထပ် ၇ အရုဏ်ထိ အကပ်မခံဘဲ သုံးဆောင်ခွင့် ရှိပါတယ်။ ၇ အရုဏ် ကျော်ရင်တော့ သုံးခွင့် မရှိတော့ဘူး။ စွန့်ပစ် ရပါမယ်။ ဒါကိုတော့ သတ္တာဟကာလိကဝတ္ထုလို့ ခေါ်ပါတယ် မောင်ကျောင်းသား။

M.A ကျောင်းသား။ ။ အကပ်ခံထားရင် အချိန် မရွေးဘုဉ်းပေးလို့ ရပြီ လားဘုရား။

ဆရာတော် ။ ။ ဒီမှာလည်း ရဟန်းက ဆာရုံနဲ့ မဘုဉ်းပေး ကောင်းပါဘူး။ ရောဂါရှိမှသာ ဘုဉ်းကောင်းပါ တယ်။ အစာအိမ်ရောဂါရှိလို့ လေနာထရင် ဘုဉ်းပေးကောင်းပါတယ်။ အနာရောဂါကို အကြောင်းပြုပြီး ဆေးဘုဉ်းဖို့ စတုမဓုဘုဉ်း တာ ဘုဉ်းပေးကောင်းပါတယ်။

## (ဃ) ယာဝဇီဝိကဝတ္ထု

ဆရာတော် ။ ။ နောက်ဆုံးနံပါတ် ၄ က ယာဝဇီဝိကဝတ္ထုပါ။

လူတို့ နေ့စဉ် စားသုံးနေကျဖြစ်တဲ့ အာဟာရ ဆွမ်းတွေကို ယာဝကာလိကလို့ ခေါ်ပါတယ်။

အပ်စပ်တဲ့ဖျော်ရည်တွေက ယာမကာလိကပါ။ ဆီ၊ ထောပတ်၊ တင်လဲ၊ ပျားရည်က စတုမဓု စတာတွေက သတ္တာဟကာလိက ဖြစ်ပါတယ်။

M.A ကျောင်းသား ။ ။ ယာဝဇီဝိကရဲ့အဓိပ္ပာယ် သိချင်ပါသေးတယ် ဘုရား။

ဆရာတော် ။ ။ သူက တစ်ခါအကပ်ခံထားပြီးရင်၊ အသက်ထက်ဆုံး အနာရောဂါ အကြောင်းရှိလို့ရှိရင် ထပ်ပြီးတော့ အကပ်မခံဘဲ ဘုဉ်းပေးသုံးဆောင်ခွင့်ရှိပါတယ်။ ဘာတွေပါသလဲဆိုရင် ရေနဲ့ဒန်ပူမှ ကြွင်းတဲ့ဆေးအဖြစ် အသုံးပြုတဲ့ သစ်ဥတွေ၊ သစ်ဖုတွေ၊ ပင်စည်၊ အပွေး၊ အခေါက်၊ အကာတွေ အမျိုးမျိုးသော ယနေ့ပေါ်ပေါက်နေတဲ့ အင်္ဂလိပ်ဆေးတွေ၊ အမျိုးမျိုးသော မြန်မာဆေးတွေဟာလည်းပဲ ယာဝဇီဝိကထဲမှာ အကျုံးဝင်ပါတယ်။

M.A ကျောင်းသား ။ ။ ဘုရားဥပဒေတော်က သိပ်ကို ကြည်ညိုစရာကောင်းတာပဲဘုရား။

---

**ကျမ်းညွှန်း**

* ဘေသဇ္ဇသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၆၃)
* ဘေသဇ္ဇသိက္ခာပဒဝဏ္ဏနာ၊ ပတ္တဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ-၂ (နှာ-၂၉၀)
* ဘေသဇ္ဇသိက္ခာပဒဝဏ္ဏနာ၊ ပတ္တဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၁၈၂)
* သန္နိဓိကာရသိက္ခာပဒဝဏ္ဏနာ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၀၄)
* အပတ္တကာဒိဝတ္ထုကထာ၊ မဟာခန္ဓက၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၃၀၈)

## ၉။ ထန်းလျက်နှစ်ခဲကြောင့် ဒေသနာကြားရ

ဆရာတော် ။ ။ သပြေကန်ဆရာတော် လောင်းလျာ ရဟန်းငယ်ဘဝက အတွေ့အကြုံတစ်ခုကလည်း မှတ်သားစရာ ကောင်းလှတယ်။

M.A ကျောင်းသား ။ ။ ဘယ်လိုအတွေ့အကြုံ များပါလဲဘုရား။

ဆရာတော် ။ ။ ထန်းလျက်ခဲကြောင့် ဒေသနာကြားခဲ့ရတဲ့ အကြောင်းပါပဲ။ တစ်နေ့မှာ ဦးပဉ္စင်းအရှင်ဝါသေဋ္ဌက သံဃာအများသုံးဆောင်ဖို့ထားထားတဲ့ ထန်းလျက်တောင်းထဲကနေ ထန်းလျက်နှစ်ခဲကို နှိုက်ယူလိုက်တယ်။ ဒါကို ကပ္ပိယမောင်အောင်ကြီးက မြင်လိုက်တော့ *"အဲဗျာ ဒီဦးပဉ္စင်းက ဘယ်လို ဦးပဉ္စင်းလည်း မသိဘူး၊ ကိုရင်ဘဝနဲ့ ဝိနည်းငါးကျမ်းလည်း ပြန်တယ်ပြောသေး၊ ပြီးတော့ သံယုတ်ငါးကျမ်းလည်း ပြန်တယ်ပြောသေး၊ အကပ်လည်းမခံဘဲနဲ့ ထန်းလျက်ခဲတွေ နှိုက်ယူရသလား"* လို့ ပြောလိုက်တယ်။

M.A ကျောင်းသား ။ ။ ဦးဇင်းက စိတ်ဆိုးသွားသလားဘုရား။

ဆရာတော် ။ ။ မောင်ကျောင်းသားတို့ စိတ်နှင့်သာဆိုရင် စိတ်ဆိုးမယ်ထင်တယ်နော်။ သပြေကန်ဆရာတော်လောင်းလျာ ဦးပဉ္စင်းက စိတ်မဆိုးဘဲ *"အေးဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ ငါ မင့်ကိုကျေးဇူးတင်တယ်"*လို့ ပြန်မိန့်လိုက်တယ်။

M.A ကျောင်းသား ။ ။ ထန်းလျက်ခဲနှစ်ခဲကိုတော့ ဘုဉ်းပေးလိုက်သလားဘုရား။

ဆရာတော် ။ ။ မဘုဉ်းဘူး၊ မဘုဉ်းဘူး။ ထန်းလျက်နှစ်ခဲကိုသင့်တော်ရာမှာ စွန့်ပစ်လိုက်တယ်။ ပြီးတော့သက်န်းကို သပ်သပ်ရပ်ရပ် လက်ကတော့ထိုးပြီးအဘယာရာမဆရာတော်ကြီးထံပါး ကြွသွားတော်မူတယ်။ ဆရာတော်ကြီးက *"ဦးပဉ္စင်း ဘာကိစ္စတုံး"*လို့ တုံးတုံးတိတိ မေးတော်မူပါတယ်။ *"တပည့်တော် ဒေသနာကြားချင်လို့ပါဘုရား"*လို့ ပြန်လျှောက်တယ်။*"အေးအေးလာ"* လို့ မိန့်တော်မူပြီး ဒေသနာကြားလိုက်တယ်။ ပြီးမှ *"အချိန်မှန်မဟုတ်ဘဲ ဒီအချိန်မှာ ဘာလို့ ဒေသနာကြားရတာတုံး'* လို့ အဘယာရာမဆရာတော်ကြီးကမေးတော်မူတာနဲ့ ဦးဇင်းအရှင်ဝါသေဋ္ဌကအကျိုးအကြောင်း ပြန်လျှောက်ထားပါတယ်။

M.A ကျောင်းသား ။ ။ ဆရာတော်ကြီးက ဆူသလားဘုရား။

ဆရာတော် ။ ။ မောင်ကျောင်းသား တွေးသလို မဟုတ်ရပါဘူးဗျာ။ ဆရာတော် မိန့်တော်မူလိုက်တာက *"အေး အောင်ကြီးနဲ့တွေ့လို့သာ၊ အောင်ကြီးနဲ့သာ မတွေ့မိရင် ဦးပဥ္စင်းက ဘယ်လောက် အကြာကြီး မှားနေဦးမလဲ မသိဘူး"*လို့ မိန့်တော်မူလိုက်ပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား မှတ်သားစရာ ကောင်းလှပါတယ်။

ဆရာတော် ။ ။ နောက်အကြောင်းအရာတစ်ခု သတိရလာတယ်။

M.A ကျောင်းသား ။ ။ ထန်းလျက်ခဲအကြောင်းပဲလားဘုရား။

---

**ကျမ်းညွှန်း**

* သပြေနွယ်၏ သာရိပုတ္တရာအလား ဒို့ဆရာတော်ဘုရား၊ သပြေကန်ထေရရာပြည့် ဂုဏပူဇာ (၂၀၁၂) ခုနှစ်၊ (နှာ-၃၆၁)

* ဒန္တပေါနသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ (နှာ-၁၂၁)

## ၁၀။ ထန်းလျက်ခဲကြောင့် ဒဏ်ထမ်းကြရ

ဆရာတော် ။ ။ ဟုတ်တယ် မောင်ကျောင်းသား။ ရွှေကျင်နိကာယ နဝမသာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ထေရာသနတိုက် အပေါ်ထပ်မှာ သီတင်းသုံးတော်မူစဉ် အခါတုန်းက ည ၇ နာရီလောက် အချိန်မှာ ဆရာတော်ကြီးကို စောင့်ရှောက်နေတဲ့ ကိုရင်တစ်ပါးက စာအံနေပါတယ်။ အဲဒီလိုအမှောင်ထဲမှာ ကိုရင်စာအံနေရင်း ရုတ်တရက်လန့်အော်လိုက်တဲ့အတွက်ကြောင့် ဆရာတော်ကြီးက *"ဟဲ့ . . . ကိုရင် ဘာဖြစ်တာလဲ"* လို့ မေးတော်မူပါတယ်။

M.A ကျောင်းသား ။ ။ ဘာဖြစ်လို့တဲ့လဲဘုရား။

ဆရာတော် ။ ။ ကိုရင်လေးက *"ဘုရားတပည့်တော်ကို လက်နဲ့တို့ခံလိုက်ရလို့ လန့်အော်မိတာပါဘုရား"* လို့ လျှောက်လိုက်ပါတယ်။ ဒါနဲ့ ဆရာတော်ကြီးက *"ဘယ်သူက 'တို့' တာတုံး'* လို့ မေးတော်မူမှ ကိုရင်က *"ညဘုရားဝတ်တက်ပြီးချိန်မှာ ထန်းလျက်ခဲ လာဝေပါတယ်ဘုရား၊ အမှောင်ထဲမှာ လက်နဲ့တို့ပြီးပေးခဲ့လို့ ဘုရားတပည့်တော်က လန့်ပြီးအော်မိတာပါဘုရား"* လို့ လျှောက်လိုက်ပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။ ထန်းလျက်ခဲကို ညမှာ ကိုရင်လေးက ဘုဉ်းပေးလိုက်ပြီလားဘုရား။

ဆရာတော် ။ ။ မဘုဉ်းရသေးဘူး။ ဆရာတော်ကြီးက *"မင်းတို့ ဝါဆိုကျောင်းက ဒီအချိန် ထန်းလျက် ဘယ်ကရသလဲ"* လို့ မေးစစ်တော်မူပါတယ်။ ကိုရင်ကလည်း *"ဘုရားဝတ်တက်ပြီးချိန်တိုင်းမှာ ထန်းလျက် ဝေတာပါဘုရား"* လို့ လျှောက်ထားတယ်။ ဆရာတော်ကြီးက *"မင်းတို့တစ်ကျောင်းလုံး ထန်းလျက်ခဲတွေ စားကြတာပေါ့"* လို့ မိန့်တော်မူတော့ ကိုရင်လေးကလည်း *"မှန်ပါဘုရား"* လို့ လျှောက်လိုက်ပါတယ်။ *"ကဲ. . . ကိုရင် မင်းတို့ ဘုန်းကြီးကိုလျှောက်လိုက်၊ မနက်ဖြန် တစ်ကျောင်းလုံး ဒဏ်ထမ်းကြ၊ ဦးဇင်းတွေက ဒေသနာကြားကြ"* လို့ မိန့်တော်မူပါတယ်။

M.A ကျောင်းသား ။ ။ မှန်ပါ့ဘုရား၊ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ မကျန်းမာတဲ့ပုဂ္ဂိုလ်က နေလွဲတဲ့အခါမှာ ထန်းလျက်ခဲစားကောင်းတယ်တဲ့၊ ကျန်းမာတဲ့ ရဟန်းသာမဏေက ထန်းလျက်ခဲ မစားကောင်းဘူး။ ထန်းလျက်အရည်ကိုသာ သောက်ကောင်းပါတယ်။

M.A ကျောင်းသား ॥ ॥ ဘုရားတပည့်တော်
နောက်ဆိုရင် ချင်းနဲ့
ထန်းလျက်ပြုတ်ပြီး ချင်းပြုတ်ရည် ကပ်ပါ့မယ်
ဘုရား။

ဆရာတော် ॥ ॥ သာဓုပါ၊ သာဓု၊ သာဓု။

## ကပ္ပိယသာ ဂိလာနရဟန်းရဲ့ အားကိုးရာ

### ၁။ အင်္ဂလိပ်ရဟန်းတော် အရှင်အာနန္ဒမေတ္တေယျ

ဆရာတော် ॥ ॥ ဝိနည်းအရာ ထိပ်တန်း
ကျတဲ့ အင်္ဂလိပ်လူမျိုး
ရဟန်းတစ်ပါးက ကျန်းမာရေး ချို့တဲ့လာတဲ့အတွက်
ငွေကိုင်မှုဖြစ်မဲ့ အခြေအနေကြုံလာလို့ လူဝတ်
လဲခဲ့တဲ့ သာဓကတစ်ခု မြန်မာပြည်မှာ ရှိခဲ့ဖူးတယ်
ဒကာကြီး။

Dr. အောင်သူ ॥ ॥ ဘယ်တုန်းကလဲဘုရား။

ဆရာတော် ॥ ॥ သူ့ကျွန်ဘဝရောက်စဉ်
ကာလ ၁၉၀၂ ခုနှစ်

---

**ကျမ်းညွှန်း**

* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ ၂၀၁၆-ခုနှစ် ပထမအကြိမ်။ (နှာ-၁၂၂-၁၂၄)

* ဗေလဌကစ္စာနဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၂၀)

ကဆုန်လပြည့်နေ့မှာ ရဟန်းဘောင် တက်ခဲ့တယ်။ ဝိနည်းကို ကောင်းမွန်စွာ လေ့လာသင်ကြားပြီး ဝိနည်းသိက္ခာပုဒ်မှန်သမျှကို အပြည့်အဝ ကျင့်သုံးလိုက်နာတော်မူခဲ့သလို ဝိနည်းတော်နှင့် မလျော်ညီတဲ့ ဆေးဝါးကုသမှုကိုတောင် ပယ်လှန်တော်မူခဲ့တဲ့ ရဟန်းကောင်း ဖြစ်ပါတယ်ဒကာကြီး။

Dr. အောင်သူ ။ ။ အင်္ဂလိပ်တို့က ဗမာပြည်ကို အုပ်ချုပ်နေတဲ့ကာလမှာ အင်္ဂလိပ်လူမျိုးတစ်ယောက် ရဟန်းဖြစ်လာတာ စိတ်ဝင်စားစရာပါဘုရား။

ဆရာတော် ။ ။ သူက သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ရူပဗေဒ ခေတ်ခွဲပညာရှင်တစ်ဦး ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ သူ့မိဘတွေကလည်း ဗုဒ္ဓဘာသာဝင်တွေ ပါပဲလားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး၊ သူ့မိဘများကိုးကွယ်တဲ့ ခရစ်ယာန်ဘာသာကို သူမယုံကြည်ပါဘူးလို့ ခပ်ငယ်ငယ်ကတည်းက ပြောခဲ့ဖူးတယ်။

Dr. အောင်သူ ။ ။ ရဟန်းဘဝ ဝိနည်းနှင့်အညီ ဗမာပြည်မှာပဲ နေတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဝိနည်း
အနေနဲ့ကတော့ ဥစ္စာ
သယနမဟာသယနကိုတောင် ဂရုစိုက်တယ်။
အမြင့်မှာမကျိန်းဘဲ ကြမ်းပြင်ပေါ်မှာပဲ ကျိန်းတော်
မူတယ်။ အပြင်ထွက်ရင် အမြဲတမ်း ကပ္ပိယ
ပါတယ်။ သက်န်းရုံတယ်။ အဲဒီကာလ သက်တော်
၃၆ နှစ်ပဲ ရှိသေးတာလေ။ ဖူးမြင်ရသူတိုင်း
စိတ်ဝင်စားကြတယ်။ ကြည်ညိုကြတယ်။

Dr. အောင်သူ ။ ။ ငွေလည်းမကိုင်ဘူးလား
ဘုရား။

ဆရာတော် ။ ။ ငွေကြေးကို လုံးဝမကိုင်
တာ။ ဝိကာလဘောဇန
ကိုလည်း အထူး ဂရုပြုတော်မူတယ်။ ခရီးကြွရာ
မှာ အချိန်လွန်သွားခဲ့ရင် ဆွမ်းမဘုဉ်းတော့ဘူး။
အငတ်ခံပြီး နေတော်မူလေ့ရှိတယ်။ ဝိနည်းနဲ့
အညီ အပ်စပ်စွာ စီမံဆောင်ရွက်ပေးတတ်တဲ့
ကပ္ပိယတစ်ယောက် လိုအပ်ပေမဲ့ ရံခါ ကပ္ပိယ
မခေါ်နိုင်ဘူးလေ။

Dr. အောင်သူ ။ ။ ဘာရောဂါဖြစ်လာတာ
ပါလဲဘုရား။

ဆရာတော် ။ ။ ငယ်ကတည်းက ပါလာ
တဲ့ ပန်းနာရင်ကြပ်ရောဂါ
အပြင် သည်းခြေကျောက်တည်တဲ့ရောဂါက
ထပ်ဆင့် နှိပ်စက်လာပြန်တယ်။

Dr. အောင်သူ ။ ။ ဒီရောဂါကြောင့် ပျံလွန်တာပါလားဘုရား။

ဆရာတော် ။ ။ မပျံလွန်ပါဘူး။ ရာသီဥတုကသဗ္ဗာယမမျှတလို့ အနောက်နိုင်ငံကို ပြန်ကြွဖို့ စီစဉ်တော်မူတယ်။ ဒါပေမဲ့ ဝိနည်းနဲ့အညီ ဆောင်ရွက်ပေးမဲ့ ကပ္ပိယပါဖို့ အခက်အခဲ ရှိလာတယ်။

Dr. အောင်သူ ။ ။ ဘာကြောင့်များ ကပ္ပိယ အခက်အခဲ ရှိရတာပါလဲဘုရား။

ဆရာတော် ။ ။ မကျန်းမာတဲ့အခါကျတော့ရေရှည်မှာဝိနည်းနှင့်အညီဖြစ်အောင် စီမံရတဲ့ ကုန်ကျစရိတ်တွေ တိုးတိုးလာပါတယ်။ ထေရ်ရှင် ကိုယ်တိုင်ကလည်း ဘုရားစကားကို ချိုးဖောက်ပြီး ငွေမကိုင်လိုဘူး။

Dr. အောင်သူ ။ ။ ကိုယ်တိုင် ငွေကိုင်လိုက်ရင်တော့ ကုန်ကျသက်သာတာပေါ့ဘုရား။

ဆရာတော် ။ ။ အရှင်မြတ်က ဘုရားဥပဒေတော်ကို မလွန်ကျူးလိုဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ နောက်တော့ ဘယ်လိုဆုံးဖြတ်လိုက်ပါသလဲ။

ဆရာတော် ။ ။ မတတ်နိုင်တဲ့ အဆုံးမှာ တော့ အာနန္ဒာမေတ္တာယျ အရှင်မြတ်ကြီးက သူမြတ်နိုးတော်မူတဲ့ ရဟန်း ဘဝကို ဝမ်းနည်းကြေကွဲစွာနဲ့ပဲ စွန့်လွှတ်လိုက်ရ ပါတော့တယ်။

Dr. အောင်သူ ။ ။ နှမြောစရာ ကောင်းပါ တယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ နောက်ပိုင်း လူဝတ်ကြောင် ဘဝနဲ့ပဲ (၉-၃-၁၉၂၃) ရက်မှာ ကွယ်လွန်သွားပါတယ်။

Dr. အောင်သူ ။ ။ ဘယ်မြို့မှာ ကွယ်လွန်ပါ သလဲဘုရား။

ဆရာတော် ။ ။ ပထမကမ္ဘာစစ် ကာလ မှာ လီဗာပူမြို့မှာကွယ် လွန်ပါတယ်။ ကွယ်လွန်ချိန် သက်တော် ၅၁ နှစ်ပဲ ရှိသေးတယ်။ သူ သာသနာ့ဘောင်ကို ဝင်ရောက် လာခြင်းရဲ့ ရည်ရွယ်ချက်တစ်ခုက အနောက်တိုင်း နိုင်ငံကို ဗုဒ္ဓသာသနာပြန့်ပွားရေးနှင့် အနောက် တိုင်းမှာ သံဃအဖွဲ့အစည်းကြီးတစ်ခု ထူထောင် ရေးအတွက်ဖြစ်တယ် ဒကာကြီး။

Dr. အောင်သူ ။ ။ သာသနာတော်အတွက် ကျေးဇူးများမဲ့ ရဟန်း ကောင်းတစ်ပါး ဆုံးရှုံးသွားတာပဲဘုရား။ ဝိနည်း နဲ့သီတင်းသုံးတော်မူတဲ့ ရဟန်းတစ်ပါးအတွက်

ဝိနည်းစောင့်ရှောက်ပေးနိုင်မဲ့ ကပ္ပိယကောင်း မရှိလို့ လူထွက်လိုက်ရတာကိုလည်း နှမြောလိုက်တာဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဒါကြောင့် သာသနာမှာ ကပ္ပိယကောင်းတွေ အများကြီး လိုတယ် ဒကာကြီး။

## ၂။ မြေပွေးသည်းခြေ အစွမ်းထက်ဆေး

Dr. အောင်သူ ॥ ॥ မနေ့တုန်းက ကပ္ပိယမလိမ္မာပုံကို ပြောမယ်ဆိုတာ မပြောရသေးပါဘုရား။

ဆရာတော် ॥ ॥ အေးဟုတ်တယ်။ စကားကလေ့သင်းမင်းကျောင်းဆရာတော်ကြီးအကြောင်း ရောက်သွားတယ်လေ။

Dr. အောင်သူ ॥ ॥ ဘယ်ဆရာတော်ကြီးရဲ့ ကပ္ပိယအကြောင်း ပြောမှာပါလဲဘုရား။

ဆရာတော် ॥ ॥ ဒီဘုန်းကြီးရဲ့ ကပ္ပိယအကြောင်းပါပဲ။

---

**ကျမ်းညွှန်း**

* ဦးမာနိတသိရီဘိဝံသ၏ မဟာဝိသုဒ္ဓါရုံဆရာတော် (၂၀၀၆-ခုနှစ်) ဒုတိယအကြိမ်ကို မှီငြမ်းသည်။
* The First British Emissary of Buddhism by Elizabeth J.Harris ဘာသာပြန်သူ စာရေးဆရာမင်းယုဝေ (၂၀၀၅-ခုနှစ်)

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ လွန်ခဲ့တဲ့ ဆယ်စုနှစ် တစ်စုကျော်က ဇကန် မုချ မာရဏန္တိကဝေဒနာဖြစ်ပြီး သေလုမျောပါး ရောက်သွားပါတယ်။ ဆေးတွေလည်း မတိုးတော့ဘူး။ ဒါနဲ့ ကပ္ပိယဦးခန့်ဖြူက ဆေးဆရာ တစ်ယောက် ပင့်လာတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယဘကြီးဦးခန့်ဖြူ လားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆေးဆရာ က စမ်းသပ်စစ်ဆေး ပြီးတော့ "*တပည့်တော် အရှင်ဘုရားရောဂါမျိုး ကောင်းကောင်းကုတတ်တယ်။ တပည့်တော် ပေးတဲ့ဆေးကိုသာ နှစ်ကြိမ် ဘုဉ်းပေးပါဘုရား၊ သုံးကြိမ်ဘုဉ်းပေးဖို့ မလိုပါဘုရား။ ရောဂါပျောက် ဖို့ အာမခံပါတယ်။ တပည့်တော် အရှင်ဘုရားကို ကြည်ညိုလို့ ဆေးဖိုးလည်း မယူပါဘုရား။ ဆေး နည်း ကပ္ပိယကို ပေးထားခဲ့ပါ့မယ်*"လို့ လျှောက် ထားပြီး ဆေးဆရာက ပြန်သွားတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုဆေး ကပ်ခိုင်း တာလဲဘုရား။

ဆရာတော် ။ ။ မသိသေးဘူး။ ညနေ စောင်းမှ ကပ္ပိယကြီး လာလျှောက်တယ်။

Dr. အောင်သူ ॥ ॥ ဘာဆေးဘုဉ်းပေးရမယ်လို့ လျှောက်ပါသလဲဘုရား။

ဆရာတော် ॥ ॥ ကပ္ပိယကြီးလျှောက်တာက *"ဆေးတစ်ခွက်တည်းနဲ့ ပျောက်မဲ့ရောဂါလို့ ဆေးဆရာ ပြောတယ်ဘုရား၊ ဆေးကိုတော့ ယုံယုံကြည်ကြည်သုံးဖို့ လျှောက်ပါလို့တော့ တပည့်တော်ကို မှာခဲ့ပါသေးတယ်။ ရောဂါပျောက်ဖို့ သူတာဝန်ယူပါတယ်တဲ့ဘုရား။ ဆေးဖိုးကိုတော့ တပည့်တော်ရဲ့ညီမက လှူဒါန်းမယ်လို့ မနေ့ကတည်းက လျှောက်လိုက်ပါသေးတယ်ဘုရား"* လို့ လျှောက်တော့ ကပ္ပိယကြီးကို ဆေးရောက်ပြီလားလို့ မေးလိုက်တယ်။

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဆေးမရောက်သေးဘူးတဲ့၊ ကပ္ပိယလျှောက်တာက *"ဆေးက တောထဲရှာရမှာပါဘုရား၊ ဒီညရှာနိုင်ရင် မနက်ဖြန်တော့ ရမှာပါဘုရား၊ တစ်ခါတည်း နှစ်ကောင်ရရင်တော့လည်း နှစ်ခွက်စာရပြီပေါ့ဘုရား။ တပည့်တော်တို့ ဒကာ၊ ဒကာမတွေက အရှင်ဘုရားကို ကျန်းကျန်းမာမာနဲ့ ဖူးမြင်ချင်လှပါပြီဘုရား"* လို့ လျှောက်ပြန်တယ်။

M.A ကျောင်းသား ॥ ॥ ဆေးဆိုင်မှာ ဝယ်မှာမဟုတ်ဘူးလားဘုရား။

ဆရာတော် ။ ။ ဟုတ်ဟန်မတူဘူး။ ဒါနဲ့ သေချာအောင် မေးရပြန်တယ်။ *"ကပ္ပိယကြီးရဲ့ ခုနစကားထဲမှာ 'ဆေးက တောထဲမှာ ရှာရမယ်' ဆိုတာရယ်၊ 'နှစ်ကောင်ရရင်တော့လည်း နှစ်ခွက်စာရမယ်' ဆိုတာရယ်၊ 'ဆေးက ညမှရှာရမှာ' ဆိုတာရယ် ပါနေတယ်။ ဒီအကောင်နှစ်ကောင်ဆိုတာကြီးက ဘာအကောင်တွေလဲ၊ ဘယ့်နှယ် ဆေးကို ညမှာရှာရမှာလဲ"* ဆိုပြီး စုံစမ်းမေးမြန်းရတယ်။

Dr. အောင်သူ ။ ။ ညညထွက်တတ်တဲ့ ဘာအကောင်ကြီးကများ ဆေးဖက်ဝင်သလဲဆိုတာ တပည့်တော်တော့ မသိဘူးဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ သေသေချာချာ မေးပြန်တော့ *"အရှင်ဘုရားရောဂါအတွက် အဆင်ပြေမှာပါဘုရား၊ အရှင်ဘုရားဝမ်းထဲက နာတာရှည်ရောဂါပျောက်မှာပါဘုရား"* လို့ ဝေ့ဝိုက်ပြီး လျှောက်နေပြန်တယ်။

Dr. အောင်သူ ။ ။ တင်ပါဘုရား။

ဆရာတော် ။ ။ ဒါနဲ့ *"အကောင်ဆိုတဲ့ဟာက ဘာအကောင်လဲ၊ ညမှထွက်တယ်ဆိုတာက ဘယ်လိုဟာမျိုးလဲ"* လို့ သေချာအောင် မေးရပြန်တယ်။

Dr. အောင်သူ ။ ။ ဆေးဖက်ဝင်မဲ့အကောင်က ဘာကောင်ပါတဲ့လဲဘုရား။

ဆရာတော် ။ ။ မလျှောက်သေးဘူး။ ထပ်မေးတော့ နည်းနည်း ပေါ်လာတယ် *"ညညထွက်တာပေ့ါဘုရား၊ ဒါက အရှင်ဘုရားရောဂါအတွက်ပါ အပ်စပ်မှာပါ၊ ပံ့သကူပါဘုရား"*တဲ့။ နေဦးနော် ကပ္ပိယ တည့်တည့်လျှောက်ပါ၊ ဘယ့်နှယ် ပံ့သကူလဲ ဆေးဖြစ်တယ်ဆိုတိုင်း ရဟန်းက မသုံးရဘူး။ ဘုရားရှင်ခွင့်ပြုထားတဲ့ ဆေးပဲသုံးပြီး အသက်ရှင်ချင်ပါတယ်၊ ဘာဆေးလဲဆိုတာ တည့်တည့်ပဲ လျှောက်ပါတော့လို့ ပြောလိုက်ရတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆေးဆရာပေးတာက မြွေပွေးနှစ်ကောင်ကို ရှာဖမ်းပြီးသတ်၊ ဗိုက်ခွဲပြီး မြွေပွေးသည်းခြေကို ဖွန်းနှင့်ထည့်ယူပြီး မနက်အရုဏ်ဆွမ်း မဘုဉ်းခင် ကပ်ရမယ်တဲ့။

Dr. အောင်သူ ။ ။ ရဟန်းများမဘုဉ်းပေးကောင်းတဲ့အသားကြီးဆယ်မျိုးထဲမှာ မြွေသားပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ကပ္ပိယဒကာကြီးလျှောက်တာ

က ဒါမြွေသား မဟုတ်ဘူးတဲ့၊ မြွေရဲ့သည်းခြေတဲ့၊ မြွေသားကို ချက်မကပ်ပါဘူးတဲ့၊ သူတို့ပဲ စားပဲ့မယ်လို့ လျှောက်လို့ *"ကပ္ပိယ ဘုရားခွင့်မပြုတဲ့ အသားကြီးဆယ်မျိုးရဲ့ အရိုး၊ အရေ၊ အသား၊ အသွေး၊ အမွေးပါ မသုံးရဘူး၊ ဒါကြောင့် မိမိတို့ကြောင့် သတ္တဝါတွေ မသေပါစေနဲ့၊ သတ်ဖြတ်ဖို့ရာ စကားကျွံထားရင်လည်း ပြန်ရုပ်သိမ်းကြပါ။ ဘုရားရှင် မကြိုက်လို့မို့ ဒကာတို့ရဲ့ဆေးကို မသုံးပါရစေနဲ့"* လို့ပဲ ပြောလိုက်ရတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယဘကြီး သဘောပေါက်သွားပြီး လက်ခံသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယက *"ဆေးကုတာလည်းစုံပြီ၊ ဆရာကြီးက သိပ်စွမ်းတာဘုရား၊ ဒီဆေးနဲ့မှ မကုရရင်တော့ဒီရောဂါ ပျောက်မယ်မထင်ဘူး"* လို့ ညည်းညည်းညူညူ ပြောနေသေးတယ်။

Dr. အောင်သူ ။ ။ ရဟန်းတော်များ လိုက်နာရတဲ့ ဘုရားဥပဒေက သိမ်မွေ့လွန်းပါတယ်ဘုရား။

---

**ကျမ်းညွှန်း**

* ဟတ္ထိမံသာဒိပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၇၆)

## ၃။ သံသယဆွမ်းကို မဘုဉ်းပါ

M.A ကျောင်းသား ။ ။ အသက်ကို သီလနဲ့ အလဲအလှယ်ပြုတော်မူဝံ့တဲ့ ထေရ်ရှင်များအကြောင်း နာကြားရတာ သာသနာတော်အတွက် သိပ်ကို အားရပါတယ် ဘုရား။

ဆရာတော် ။ ။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် အခါကာလက အရှင်သာရိပုတ္တရာမထေရ်မြတ်က လေနာရောဂါရဲ့ဒဏ်ကို အပြင်းအထန် ခံစားနေရတယ်။

M.A ကျောင်းသား ။ ။ ဝိနည်းကို မြေဝယ်မကျ ကျင့်တော်မူတဲ့ ထေရ်ရှင်များမှာ လေနာရောဂါဖြစ်တာ များမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ တောရဆောက်တည်တော်မူကြတဲ့ ရဟန်းတော်များအတွက် လေနာရောဂါ၊ ငှက်ဖျားရောဂါနှင့် ဝမ်းလျောဝမ်းပျက်တဲ့ရောဂါက ဖြစ်ရိုးဖြစ်စဉ်ပါ ဒကာကြီး။ ခုနဖြစ်စဉ်မှာ အရှင်မောဂ္ဂလာန်မထေရ် ရောက်လာပြီးတော့ "*ရှေးက လေနာထရင် ဘယ်ဆေးဝါးကို သုံးဆောင်လို့ သက်သာဖူးခဲ့ပါသလဲဘုရား*"လို့ မေးတော်မူတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မထေရ်မြတ်က *"နို့ဃနာဆွမ်း သုံးဆောင်လို့ ရောဂါပျောက်ကင်းဖူးကြောင်း"* အမိန့်ရှိတော်မူပါတယ်။ ဒါနဲ့ နောက်တစ်နေ့မနက် အရှင်မောဂ္ဂလာန် ဆွမ်းခံထွက်တဲ့အခါ အဆင်သင့် နို့ဃနာဆွမ်းရလာတဲ့အတွက် အရှင်သာရိပုတ္တရာအား ဝမ်းမြောက်ဝမ်းသာနဲ့ ဆက်ကပ်တော်မူတယ်။ ရှင်သာရိပုတ္တရာက လတ်တလောချင်း မဘုဉ်းပေးသေးဘဲ ဆင်ခြင်တော်မူတယ်။

M.A ကျောင်းသား ။ ။ ဝိနည်းတော်အရ သင့်မသင့် ဆင်ခြင်တော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ *"အနံ့က မွှေးလှချည့်လား၊ ဒီဆွမ်း ဘယ်နည်းဘယ်ပုံ ဖြစ်လာပါလိမ့်"* လို့ အဘိညာဉ်နဲ့ ဆင်ခြင်လိုက်တဲ့အခါမှာတော့ ရုက္ခစိုးနတ်တစ်ပါးရဲ့တိုက်တွန်းမှု ဝစီပယောဂကြောင့် ဖြစ်ပေါ်လာကြောင်း သိတော်မူတယ်။

M.A ကျောင်းသား ။ ။ ဒါဆိုရင် မဘုဉ်းပေးတော့ဘူးလားဘုရား။

ဆရာတော် ။ ။ မဘုဉ်းပေးတော့ဘူး၊ အရှင်မဟာမောဂ္ဂလာန်ကို သွန်ပစ်လိုက်ပါလို့ မိန့်တော်မူတယ်။ ဃနာ

နို့ဆွမ်း မြေကိုကျတာနဲ့ တစ်ပြိုင်နက် လေနာရောဂါလည်း ပျောက်ကင်းသက်သာ သွားတော့တယ်။

M.A ကျောင်းသား ॥ ॥ အံ့ဩစရာပါပဲဘုရား။ ဒီနေ့ခေတ်မှာလည်း အခုလိုကျင့်သုံးတော်မူတဲ့ ရဟန်းကောင်းများ ရှိပါသေးသလားဘုရား။

ဆရာတော် ॥ ॥ ရှိပါသေးတယ် မောင်ကျောင်းသား၊ ညောင်လေးပင်တောရဆရာတော်ကြီး သက်တော် ၆၆ နှစ်မှာ လေငန်းရောဂါဖြစ်လာတာနဲ့ ဆေးကုသခံယူဖို့ ရန်ကုန် ပြည်သူ့ဆေးရုံကြီးကို ကြွရောက်တော်မူပါတယ်။ အကောင်းဆုံး ဆေးဝါးတွေနဲ့ ကုသပါသော်လည်း ကျန်းမာရေးက တိုးတက်မှု မရှိဘူး ဖြစ်နေတယ်။

M.A ကျောင်းသား ॥ ॥ ဘာကြောင့် မသက်သာတာပါလဲဘုရား။

ဆရာတော် ॥ ॥ ဆရာဝန်ကြီးတွေက ဆရာတော်မှာ အစာအာဟာရလိုနေတယ်လို့ ယူဆကြတယ်။ ဒါကြောင့် အစာအာဟာရကို အချိန်မရွေး ဘုဉ်းပေးလိုက်ရင် ရောဂါသက်သာလာမယ်လို့ သုံးသပ်ကြတယ်။

M.A ကျောင်းသား ॥ ॥ နေမွန်းလွဲပိုင်းမှာလည်း ဘုဉ်းပေးရတော့မှာတဲ့လားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ နေလွဲသွားရင်လည်း ကော်ဖီတို့၊ စွပ်ပြုတ်တို့၊ ဆန်ပြုတ်တို့ကို ဘုဉ်းပေးဖို့ ဆရာဝန်တွေက လျှောက်ထားကြပါတယ်။

M.A ကျောင်းသား ။ ။ ဘုဉ်းပေးတော်မူပါသလားဘုရား။

ဆရာတော် ။ ။ မဘုဉ်းပေးပါဘူး။ ဆရာတော်ကြီးမှာ နှာခေါင်းပိုက် တပ်ထားတဲ့အတွက် စကားမပြောနိုင်ပါဘူး။ ဒါကြောင့် ဆရာတော်ကြီးက စာရွက်တစ်ရွက်နဲ့ ခဲတံတောင်းပြီး *"နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရရဲ့ဥပဒေကို တစ်သဝေမတိမ်း လိုက်နာ ကျင့်ကြရတယ်။ ထို့အတူ မြတ်စွာဘုရား၏ တပည့်သားဖြစ်ကြသော သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများလည်း ဘုရားရှင်၏ ဥပဒေ ဝိနည်းသာသနာတော်ကို လိုက်နာရပေမယ်"*လို့ ရေးပြီး အသိပေးတော်မူတယ်။

M.A ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဝိကာလဘောဇနသိက္ခာပုဒ်ကို မကျော်နင်းဘဲ ဝေဒနာသည်းခံပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာပဲ ပျံလွန်တော်မူသွားပါတယ်။

M.A ကျောင်းသား ॥ ॥ မိမိအသက်ကို သီလနဲ့ လဲလှယ်တော်မူသွားတဲ့ အာဇာနည် မထေရ်တစ်ပါးအကြောင်းသိရလို့ ကြည်ညိုမဆုံးပါဘုရား။ ရှိခိုးဦးတင်ပါတယ်ဘုရား။

## ၄။ သီလက အသက်ထက် တန်ဖိုးကြီးပါတယ်

ဆရာတော် ॥ ॥ သီဟိုဠ်တစ်ကျွန်းလုံး ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်နေတုန်းက အကြောင်းအရာတစ်ခုကို ပြောပြဦးမယ်နော်။

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ သက်တော် ဝါတော်ကြီးတဲ့ မထေရ်မြတ်ကြီး တစ်ပါးက အကြောင်းကိစ္စတစ်ခုကြောင့် ခရီးကြွတော်မူပါတယ်။

Dr. အောင်သူ ॥ ॥ ကပ်ဘေးကာလကြီးမှာ ခရီးကြွတော်မူတာပါလားဘုရား။

---

**ကျမ်းညွှန်း**

* စတုပါရိသုဒ္ဓိသမ္ပာဒနဝိဓိ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁ (နှာ-၃၉)
* ဝိသုဒ္ဓိမင်္ဂလာ၊ ညောင်လေးပင်တောရတိုက် ပဓာနနာယကဆရာတော် အရိယမထေရ် (၂၀၀၅-ခုနှစ်) သတ္တမအကြိမ် (နှာ-၄၁)
* ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၅)

ဆရာတော် ။ ။ ဟုတ်တယ်။ ဆရာတော်ကြီးက အသက်အရွယ်လည်းကြီး၊ ခရီးလည်းပန်း၊ အာဟာရလည်းပြတ်လပ်လာတဲ့အတွက် မောပန်းနွမ်းနယ်ပြီး လမ်းခရီးတစ်ဝက်မှာ နားနေတော်မူပါတယ်။

Dr. အောင်သူ ။ ။ ရှေ့ကို ဆက်မကြွနိုင်လောက်အောင်ကို အားကုန်သွားတာ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဒါကြောင့် လမ်းဘေး သရက်ပင်ကြီးအောက်မှာ နားနေတော်မူပါတယ်။ သရက်ပင်အောက် မြေပြင်ပေါ်မှာတော့ သရက်သီးမှည့်တွေ ကြွေကျနေလိုက်တာ အားကြီးပဲ။ ဆာလောင်မွတ်သိပ်လွန်းတဲ့အတွက် ဘုဉ်းပေးတော်မူလိုလှပါသော်လည်း အကပ်ခံထားတာ မဟုတ်တဲ့အတွက် ဘုဉ်းပေးတော်မမူဘူး။ မိမိရဲ့ ရဟန်းသီလကို ဆင်ခြင်ပြီး မျိုသိပ်တော်မူပါတယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီးမှာ ကပ္ပိယ မပါဘူးလားဘုရား။

ဆရာတော် ။ ။ မပါဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ ဒါဆိုရင် အာဟာရပြတ်ပြီး ပျံလွန်တော်မူဖို့ပဲ ရှိပါတော့မယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ မထေရ်ကြီးက မိမိရဲ့သီလကိုသာ အသက်ထက်ပိုပြီး စောင့်ရှောက်ဖို့ သန္နိဋ္ဌာန်ချတော်မူလိုက်ပါတယ်။

Dr. အောင်သူ ။ ။ စားစရာ သရက်သီး အမှည့် လက်တစ်ကမ်းမှာရှိနေပါသော်လည်း သီလချိုးဖောက်ပြီး ဘုဉ်းတော်မမူဘဲ အသက်သာအသေခံဖို့ ဆုံးဖြတ်တော်မူတာ ကြည်ညိုမဆုံးပါဘုရား။

## ၅။ မြင့်မြတ်လှတဲ့ ရဟန်းသီလ

ဆရာတော် ။ ။ သပြေကန်ဆရာတော်ကြီးအကြောင်းလည်း ပြောပြဦးမယ်နော်။

Dr. အောင်သူ ။ ။ တွဲဖက်သာသနာပိုင် ဆရာတော်ကြီး ပါလားဘုရား။

---

**ကျမ်းညွှန်း**

* စတုပါရိသုဒ္ဓိသမ္မာဒနဝိစိဝဏ္ဏနာ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (နှာ-၇၁)

ဆရာတော် ။ ။ ဟုတ်တယ်။ သပြေကန်ဆရာတော်ဘုရားကြီး အမှတ် ၂ စစ်ဆေးရုံမှာ စစ်ဆေးကုသမှု ခံယူနိုင်ဖို့ ဆေးရုံတက်နေချိန်က ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီး ဘာရောဂါဖြစ်တာပါလဲဘုရား။

ဆရာတော် ။ ။ ဆီးရောဂါဖြစ်တာပါ။ ဆရာဝန်သမားတော်ကြီးများက မတ်တတ်ရပ်ပြီး ကျင်ငယ်စွန့်ဖို့ လျှောက်ကြပါသော်လည်း ဆရာတော်ကြီးက အာပတ်သင့်မှာကို မလိုလားတဲ့အတွက် မတ်တတ်ရပ် ကျင်ငယ် မစွန့်ခဲ့ဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ ဘုရားဥပဒေတော်ကလည်း တိကျသေချာလိုက်တာဘုရား။

ဆရာတော် ။ ။ တိကျတယ်။ ဂိလာနမဟုတ်ပါဘဲ၊ ရပ်လျက်ကျင်ငယ်စွန့်ခွင့် မရှိဘူး။ စွန့်ရင် ဒုက္ကဋ်အာပတ်သင့်တယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီး ဂိလာနဖြစ်နေပြီဆိုတော့လည်း အာပတ်မသင့်လောက်ဘူး ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒါပေမဲ့ ဆရာတော်ကြီး က ဒီရောဂါကို အကြောင်း ပြုပြီး မိမိကိုယ်ကို ဂိလာနလို့ခံယူပြီး ဝိနည်းအရာ ခွင့်ပြုချက်ကို ယူလိုဟန် မတူဘူး ဒကာကြီး။

Dr. အောင်သူ ။ ။ ကြည်ညိုမဆုံး ဖြစ်ရပါ တယ်ဘုရား။

## ၆။ ကတိုးသွေးဆေး ပြန်ယူသွား

ဆရာတော် ။ ။ ဝိနည်းသီလကို မြတ်နိုး တော်မူကြတဲ့ သူတော် ကောင်းကြီးများက သံသယဖြစ်ရင် ဆေးကိုတောင် သုံးဆောင်လေ့မရှိဘူး၊ ပယ်မြစ်တော်မူကြပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ သာဓက များရှိရင် နာကြား လို ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ စံကျောင်း ဆရာတော် ထံပါးကို ဒါယကာ ဦးဒဂ်ါးက ဆေးတစ်မျိုး သွားလှူဒါန်းတယ်။

---

**ကျမ်းညွှန်း**

* မောင်ရင့်ကျူး (မြောင်းမြ)၏ နှစ်ဆယ်ရာစု၏ သုတဗုဒ္ဓတစ်ဆူ၊ သပြေကန် ထေရရာပြည့်ဂုဏပူဇာ (၂၀၁၂-ခုနှစ်) (နှာ-၂၁၀)

* ပါဒုကဝဂ္ဂ၊ သေခိယသိက္ခာပဒ၊ ပါစိတ္တိယပါဠိ (နှာ-၂၇၀)

Dr. အောင်သူ ။ ။ ဘာဆေးပါလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးကလည်း *"ဘာဆေးလဲ"*လို့ မေးတော်မူတယ်။ ကပ္ပိယဒကာက *"ကတိုးသွေးဆေးပါဘုရား"*လို့ လျှောက်လိုက်တယ်။

Dr. အောင်သူ ။ ။ ကတိုးအကောင်ရဲ့ သွေးနဲ့ဖော်ထားတဲ့ဆေး ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးကလည်း ဒကာကြီး တွေးသလို တွေးဟန်တူတယ်။ ဒါကြောင့် *"ပြန်ယူသွား"* လို့ မိန့်တော်မူလိုက်တယ်။ နောက်မှ ဒကာကြီးက သူစကား မှားသွားမှန်း သိဟန်တူတယ်၊ ဒါကြောင့် *"ကတိုးကောင်နဲ့ ပတ်သက်တာ လုံးဝမပါပါဘုရား၊ အနံ့သင်းပျံ့ပျံ့မွှေးတာမို့ ကတိုးလို့ ဆေးနာမည် တပ်ခေါ်တာပါဘုရား"*လို့ လျှောက်ထားတယ်။

Dr. အောင်သူ ။ ။ ခုလို လျှောက်ထားတော့ စံကျောင်းဆရာတော်ကြီးက လက်ခံတော်မူပါသလားဘုရား။

ဆရာတော် ။ ။ လက်ခံတော်မူတယ်၊ ဒါကြောင့် *"ထားခဲ့"* လို့ မိန့်တော်မူပါတယ်။

Dr. အောင်သူ ။ ။ ဝိနည်းအရာ သိပ်ကို နူးညံ့လို့ ကပ္ပိယလိမ္မာမှ ဆရာတော်ဘုရားများ ချမ်းသာမှာပါဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်ဒကာကြီး။

Dr. အောင်သူ ။ ။ တပည့်တော် လိမ္မာတဲ့ ကပ္ပိယဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓု၊ သာဓု၊ သာဓုပါ ဒကာကြီး။

## ၇။ ရဟန်းတော်များအား မလှူကောင်းတဲ့ ဝတ္ထုနှင့် မဘုဉ်းပေးကောင်းတဲ့ အသားကြီးဆယ်မျိုး

Dr. အောင်သူ ။ ။ ရဟန်းတော်များကို မလှူကောင်းတဲ့အရာ ဝတ္ထုကလည်း ဆယ်ပါး၊ မဘုဉ်းပေးကောင်းတဲ့ အသားကလည်း ဆယ်ပါးစီဖြစ်နေတယ်လို့ ဖတ်ဖူးပါတယ်။ မှန်ပါသလားဘုရား။

---

**ကျမ်းညွှန်း**

* တပည့်များစုပေါင်းပူဇော်သည့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ စတုတ္ထစံကျောင်း ဆရာတော်ဘဒ္ဒန္တဝိမလနှင့် သာသနာ (ရာကျော်ရာပြည့် ဆရာတော်ဘုရားကြီးများ ပူဇော်ပွဲအထိမ်းအမှတ် -၂၀၁၄ ခုနှစ်)

ဆရာတော် ။ ။ ဟုတ်ပါတယ်။

Dr. အောင်သူ ။ ။ အဲဒီဆယ်ပါးနှစ်တွဲကို တစ်ခါတစ်ရံ ရောရော ထွေးထွေးဖြစ်နေလို့ မှတ်မှတ်သားသား ဖြစ်အောင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ မလှူကောင်းတဲ့အရာ ဆယ်မျိုးဆိုတာက ၁။ သမဇ္ဇဒါန (အငြိမ့်ဇာတ်ပွဲအလှူ) ၂။ မဇ္ဇဒါန (သေရည်သေရက်အလှူ) ၃။ ဣတ္ထိဒါန (မိန်းမအလှူ) ၄။ ဥသဘဒါန (နွားလား၊ မြင်းလားအလှူ) ၅။ စိတ္တကမ္မဒါန (ကာမဂုဏ်ကို နှိုးကြွစေသော ပန်းချီဆေးရေးအလှူ) ၆။ သတ္ထဒါန (လက်နက်ခဲယမ်း မီးကျောက်အလှူ) ၇။ ဝိသဒါန (အဆိပ်အလှူ)၊ ၈။ သင်္ခလိကဒါန (လက်ထိပ်၊ သံခြေကျင်းအလှူ) ၉။ ကုက္ကုဋ္ဌသူကရဒါန (ကြက်၊ ဝက်၊ သားကောင်အလှူ)နှင့် ၁၀။ တုလာကူဋမာန ကုဋဒါန (ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ၊ မမှန်သောအလေး၊ တင်းတောင်း၊ ချိန်ခွင်အလှူ) တို့ ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။ မစားကောင်းတဲ့ အသား ဆယ်ပါး ကျန်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ရဟန်းတော်များမစားကောင်းတဲ့ အသား

ဆယ်မျိုးက ၁။ ဆင်သား ၂။ မြင်းသား ၃။ ကျွဲသား ၄။ လူသား ၅။ အောင်းသား ၆။ ခွေးသား ၇။ မြွေသား ၈။ ဝံသား ၉။ ခြသေ့်သားနှင့် ၁၀။ ကျားသစ်သားတို့ရဲ့အရိုး၊ အရေ၊ အသား၊ အသွေး၊ အမွေးတို့ပါ မသုံးရပါဘူး၊ ရှောင်ရပါတယ်။

Dr. အောင်သူ ။ ။ မှတ်မိပါပြီဘုရား။

ဆရာတော် ။ ။ မစားကောင်းတဲ့အသား လို့ပြောမှ ကပ္ပိယတစ်ယောက်ရဲ့ မလိမ္မာပုံကို သတိရလာတယ်။

Dr. အောင်သူ ။ ။ သိပါရစေဘုရား။

ဆရာတော် ။ ။ လေ့သင်းမင်းကျောင်း ဆရာတော်ဘုရားကြီး အကြောင်းပါ။

Dr. အောင်သူ ။ ။ တပည့်တော်တို့ မကြားဖူးပါဘုရား။

ဆရာတော် ။ ။ ကမ္ဘာစစ်များ မဖြစ်ခင် ကာလကပါ။ ၁၈၅၃ ခုနှစ်မှာ ဖွားမြင်တော်မူပြီး ၁၉၂၆ ခုနှစ်မှာ လွန်တော်မူပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။ ဆရာတော်ကြီးအကြောင်း ကြည်ညိုပါရစေဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးမကျန်းမာတဲ့အခါ ဆေးဆရာက ဆေးကပ်ရင် ဒီဆေးကို ဘယ်လိုဖော်စပ်ထားသလဲလို့ မေးတော်မူပါတယ်။ ဘာအမယ်တွေပါသလဲလို့လည်း မေးတော်မူတယ်။ တစ်ခါက ဆရာတော်ကြီး ခံစားနေရတဲ့ရောဂါအတွက် အကျိုးများတဲ့ဆေးဖြစ်ပေမဲ့ တိရစ္ဆာန်သည်းခြေပါတယ်လို့ သံသယရှိတော်မူတာနဲ့ မသုံးဆောင်တော့ပါဘူး။ ဒီလိုအခြေအနေမှာ ကပ္ပိယက လိမ်လိမ်မာမာ လျှောက်တတ်ရတယ်။

## ၈။ ညနေဆွမ်းမဘုဉ်းဘဲ ကုလို့ရတဲ့ကုထုံးမရှိဘူးဆိုရင် ဆေးမကုပေးပါနဲ့တော့

Dr. အောင်သူ ။ ။ ဂိလာနရဟန်းလည်း ညဆွမ်း မဘုဉ်းပေးရဘူးလားဘုရား။

ဆရာတော် ။ ။ ဂိလာနမို့လို့ နေလွဲညစာ ဘုဉ်းပေးဖို့ ဘုရားဥပဒေတော်မှာ ခွင့်ပြုချက် မရှိပါဘူး ဒကာကြီး။

---

**ကျမ်းညွှန်း**

* ဝေဿန္တရပဉှ၊ အနုမာနပဉှ၊ မိလိန္ဒပဉှပါဠိ (နှာ-၂၇၀)

* ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၃၄၁)

* ဟတ္ထိမံသာဒိပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၇၆)

Dr. အောင်သူ ॥ ॥ မွန်းမတည့်ခင်မှာပဲ ဘုဉ်းပေးရတာပါလား ဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ် ဒကာကြီး။ ဘုန်းကြီးကိုယ်တိုင် ရဟန်းငယ်ဘဝက လေဖြတ်ဖူးတယ်။ ရောဂါကုဖို့ အင်္ဂလိပ်ဆေးတွေ၊ မြန်မာဆေးတွေကို သုံးရတယ်။ ဆေးတွေအများကြီးကြောင့်ထင်တယ် အစာအိမ်ရောဂါပါ အပိုဖြစ်လာတယ်။ နေ့လယ် အချိန်အထိ ဆွမ်းဘုဉ်းဖို့ ဆန္ဒကို မရှိတာ။ ညနေလည်းရောက်ရော ချွေးပြန်တဲ့အထိ ဗိုက်ဆာတယ်။

Dr. အောင်သူ ॥ ॥ ဆရာဝန်တွေက ဘယ်လို လျှောက်ပါသလဲ ဘုရား။

ဆရာတော် ॥ ॥ ညနေပိုင်း မြူစွမ်၊ ဆန်ပြုတ်၊ သာကူ တစ်ခုခုကို ဘုဉ်းပေးပါလို့ ဆရာဝန်တွေက လျှောက်တယ်။

Dr. အောင်သူ ॥ ॥ ဆာလောင်နေရင်တော့ ဘုဉ်းပေးရမှာပါဘုရား။

ဆရာတော် ॥ ॥ သူတို့ကလည်း ဆက်လျှောက်တယ်၊ အကယ်၍အရှင်ဘုရား ညဆွမ်းမဘုဉ်းဘဲ လေဖြတ်ရောဂါ

ကို ဆက်ကုမယ်ဆိုရင် အစာအိမ်က ဆိုးဆိုး ဝါးဝါး ပျက်စီးမယ်လို့လည်း ကြိုတင် ဟောကိန်း ထုတ်ကြပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရဟန်းဒကာကြီး အပါ အဝင် ရင်းနှီးသူတို့ကပါ *"ဂိလာနပဲဘုရား ဆန်ပြုတ်ဖြစ်ဖြစ်၊ မြူစွမ်ဖြစ်ဖြစ်၊ သာကူဖြစ်ဖြစ် ဘုဥ်းပေးတော်မူပါ"*လို့ လျှောက် ကြတယ်။

Dr. အောင်သူ ။ ။ ညနေဆွမ်း ဘုဥ်းပေး တော်မူပါသလားဘုရား။

ဆရာတော် ။ ။ မဘုဥ်းပါဘူး။

Dr. အောင်သူ ။ ။ ဒါဆိုရင် ဆေးကုဖို့ ဆရာဝန်က ဘယ်လို ဆုံးဖြတ်ပါသလဲဘုရား။

ဆရာတော် ။ ။ ဆရာများရဲ့ဆုံးဖြတ်ချက် ကလည်း ညနေစာကို ဘုဥ်းပေးဖို့ပဲ ဆုံးဖြတ်တယ်။ ဘုန်းကြီးကလည်း မဘုဥ်းဖို့ပဲ ဆုံးဖြတ်ပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုများ ရှေ့ဆက် ဆေးကုသပါသလဲဘုရား။

ဆရာတော် ။ ။ *"ဆေးပညာရှင် ဒါယကာ တို့အနေနဲ့ ဘုန်းကြီး*

*ရောဂါကို နေလွဲညစာ မဘုဉ်းပေးဘဲ ကုလို့ရတဲ့ ကုထုံးကို ရှာဖွေစဉ်းစားပြီး ကုပေးပါလား”* လို့မိန့်လိုက်တယ်။ ဆရာများက *“မရဘူးဘုရား၊ မရဘူး၊ အရှင်ဘုရားရဲ့ ပါစကဝမ်းမီး ကောင်းလာတာတပည့်တော်တို့ရဲ့ ဆေးအလုပ်လုပ်လို့ပါဘုရား၊ ဒါကြောင့် အစာတောင်းလာတာပါ။ အစာတောင်းတဲ့အစာအိမ်ကို အစာထည့်ကို ထည့်ပေးရမှာပါဘုရား၊ ဒါမှ ရောဂါ မြန်မြန်သက်သာပါမယ်ဘုရား”* တဲ့။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သူတို့ ဆက်လျှောက်ကြတာက *“အရှင်ဘုရား ရောဂါမျိုးက ညနေစာ မဘုဉ်းပေးဘဲ ကုတဲ့ကုထုံး မရှိပါဘူးဘုရား။ တပည့်တော်တို့ ပေးနေတဲ့ ဆေးကြောင့် ဖြစ်တဲ့ရောဂါက အရှင်ဘုရား အစာအိမ်ကို ပိုထိခိုက်စေတော့မယ်ဘုရား၊ ညနေစာစားမှ ဆေးအလုပ် ပိုလုပ်မယ်၊ ဒါမှ ရောဂါမြန်မြန် သက်သာမယ်။ တပည့်တော်တို့ ဆေးပညာရှုထောင့်က လျှောက်တာ မငြင်းပယ်ဘဲ လက်ခံပေးတော်မူပါဘုရား”* လို့ ပြည့်ပြည့်စုံစုံ လျှောက်ထားကြတယ်။

Dr. အောင်သူ ။ ။ သူတို့တွေလျှောက်ထားတာကလည်း မှန်ပါတယ်

ဘုရား။ သို့မဟုတ်ရင် ရာသက်ပန် နာတာရှည် အစာအိမ်ရောဂါ ဖြစ်တော့မှာပါဘုရား။ ဆေးကုသမှု ညှိနှိုင်းဆွေးနွေးပွဲက ဘယ်လိုများ နိဂုံးချုပ်ခဲ့ပါသလဲဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးရဲ့ဆုံးဖြတ်ချက်ကို ပြောပြလိုက်ပါတယ်။

*"ညစာစားပြီးကုမှပဲ ဘုန်းကြီးရောဂါ ပျောက်မယ်ဆိုရင် ဆေးမကုပေးပါနဲ့တော့"။*

Dr. အောင်သူ ။ ။ ဆေးဆက်ပြီး ဘယ်လိုကုသပါသလဲဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး ဆုံးဖြတ်ချက်ကို သူတို့ကို နားထောင်ပြီး ဆုံးဖြတ်ကြဟန် တူပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုဆုံးဖြတ်တာပါလဲဘုရား။

ဆရာတော် ။ ။ ဒီလောက်ပြောရခက်တဲ့ဘုန်းကြီးကို ဆေးမကုပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်ကြပါတယ်။ နောက်နေ့ကစပြီး ဆရာဝန်တွေ တစ်ယောက်မှ မလာကြတော့ဘူး။ ရဟန်းဒကာလည်း မလာတော့ဘူး။ ဆေးလည်း မကုပေးတော့ဘူး။

Dr. အောင်သူ ။ ။ အစာအိမ်ရောဂါ သက်သာပါသလားဘုရား။

ဆရာတော် ။ ။ ဆရာဝန်တွေ လျှောက်ကြသလိုပဲ နာတာရှည်အစာအိမ်ရောဂါ ရာသက်ပန်အဖော်အဖြစ် ပါလာပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ဆရာဝန်စကားကို နားထောင်ရင် ခုလိုနာတာရှည်ရောဂါ မဖြစ်လောက်ဘူးထင်ပါတယ်။

ဆရာတော် ။ ။ ဘုရားစကားပဲ နားထောင်ပါရစေ ဒကာကြီးရယ်။

## ၉။ ဂိလာနဖြစ်လို့ ဆေးရုံရောက်သော်လည်း ဝိနည်းသံသယ ကြီးတော်မူကြပါတယ်

Dr. အောင်သူ ။ ။ ဆေးရုံတွေမှာ ဆရာတော်ကြီးများ ဆေးကုသရာမှာ ဝိနည်းသံသယဖြစ်တယ်ဆိုတာ ဘာ့ကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေတော်ကြီးက သံဃာတော်များ

---

**ကျမ်းညွှန်း**

* ဝိကာလဘောဇနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၉၈)
* ဂုဠာဒိအနုဇာနနကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၇၃)

ညကျိန်းစက်ရာ တစ်မိုး၊ တစ်ကာအတွင်းမှာ မာတုဂါမတစ်ယောက် လာအိပ်ရင် အာပတ် သင့်ပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ဆေးရုံမှာတော့ အမျိုးသမီးလူနာ၊ အမျိုးသမီးလူနာစောင့်၊ အမျိုးသမီးဆရာဝန်နဲ့ အမျိုးသမီးသူနာပြုတွေက အများကြီး ရှိပါတယ်ဘုရား။ ဒါဆိုရင် ဝိနည်းလေးစားတော်မူတဲ့ ဆရာတော်များ ဆေးရုံ ဘယ်လိုတက်သင့်ပါသလဲဘုရား။

ဆရာတော် ။ ။ သာဓကတစ်ခု ပြောပြမယ်လေ။

Dr. အောင်သူ ။ ။ ဘယ်ဆရာတော်ပါလဲဘုရား။

ဆရာတော် ။ ။ သဲတောဆရာတော် ဦးနန္ဒဝံသရဲ့ ဖြစ်စဉ်ပါ ဒကာကြီး၊ ကပ္ပိယတွေ အတုယူစရာ အများကြီးပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါ့ဘုရား။ အတုယူပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက ညအခါ သင်္ချိုင်းတွေကို ကြွပြီး သုသာန်ဓုတင် ဆောင်တော်မူဖူးတယ်။ ဆရာတော်ကြီး အသက်အရွယ် ရလာတဲ့အခါမှာ မျက်စိရောဂါဖြစ်လာပြီး တစ်နေ့တခြား ပိုပို

ဆိုးလာပါတယ်။ ဒါကြောင့် ဒကာ၊ ဒကာမ များက ဆေးကုသဖို့ မန္တလေးဆေးရုံကြီးကို ပင့်ကြတယ်။ ဆေးရုံအဆောင်မှာက စောစောကပြောခဲ့သလို မာတုဂါမများနဲ့ မလွတ်ကင်းတဲ့အတွက် ဆရာတော်ကြီးက ဆေးကုသဖို့ဆန္ဒ မရှိပါဘူး၊ ကျောင်းပဲပြန်မယ်၊ မျက်စိကွယ်ချင်ကွယ်ပါစေ၊ ဒီနေရာမှာ ဆေးမကုလိုတော့ဘူးလို့ မိန့်တော်မူပါတယ်။

Dr. အောင်သူ ။ ။ ဘယ်ဝိနည်းသိက္ခာပုဒ်ကို ဆရာတော်ကြီးက သံသယဖြစ်တာလဲဘုရား။

ဆရာတော် ။ ။ ဆေးရုံအဆောင်အတွင်း နေ့နေ့ညည သီတင်းသုံးနေထိုင်လို့ရှိရင် ဖြစ်ခွင့်ရှိတာက သဟသေယျ သိက္ခာပုဒ်ပါပဲ ဒကာကြီး။

Dr. အောင်သူ ။ ။ ဆေးမကုဘဲ ပြန်ကြွတော်မူပါသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယတွေ အလွန်လိမ္မာပါးနပ်ကြပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုပါးနပ်တာပါလဲဘုရား။

ဆရာတော် ။ ။ မန္တလေးဆေးရုံအုပ်ကြီး ဒေါက်တာစိုးမြတ်ဆွေနဲ့ ကပ္ပိယတွေ တိုင်ပင် ဆွေးနွေးကြပါတယ်။

Dr. အောင်သူ ။ ။ ဆေးရုံအုပ်ကြီး ဘယ်လို အကြံပြုသလဲဘုရား။

ဆရာတော် ။ ။ ဆရာဝန်ကြီးက ရဟန်းတို့ရဲ့ဝိနည်းသိက္ခာဆိုင်ရာ ဗဟုသုတရှိပြီး သာသနာစိတ်ဓာတ် ရှိတဲ့အတွက် ဆေးရုံဝင်းထဲမှာပဲ သုံးထပ်သားနဲ့ ယာယီကျောင်းငယ်လေး ဆောက်ခွင့်ပြုရုံမကဘူး မျက်စိရောဂါ ကုသရာမှာလည်း အမျိုးသား ဆရာဝန်တစ်ဦးက ဆောင်ရွက်ပေးဖို့အထိ စီစဉ်ပေးခဲ့ပါတယ်။

Dr. အောင်သူ ။ ။ သာဓုပါဘုရား။

ဆရာတော် ။ ။ သီလ၊ သမာဓိ၊ ပညာ အရာ ထိပ်တန်းကျတဲ့ ဆရာတော်ကြီးရဲ့ သက်ရှိသက်မဲ့ အပေါ် ထားတော်မူကြတဲ့ စိတ်သဘောတစ်ခုလည်း သတိရလို့ ပြောပြပါဦးမယ်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ဆရာတော် ကျန်းမာရေး ဆိုးနေတဲ့အတွက် ညီအရင်းဖြစ်တဲ့ ဦးအောင်စိန်ကလည်း မန္တလေးကို လိုက်လာပြီး ပြုစု စောင့်ရှောက်ပေးနေပါတယ်။ *"သူက ဆရာတော်ကြီးရဲ့ ညီအရင်းပေါ့"* လို့ တစ်ယောက်က အနီးမှာ ရှိတဲ့ ပရိသတ်ကို မိတ်ဆက် ပေးလိုက်ပါတယ်။ ဆရာတော်ကြီးက

*"ဘုန်းကြီးမှာ ဆွေမျိုးမရှိတော့ပါဘူး။ လူတုန်းကသာ ညီအစ်ကို မောင်နှမရယ်လို့ ဆွေမျိုးရှိတာ"* လို့ ချက်ခြင်း မိန့်ကြားတော်မူပါတယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီးတို့ရဲ့ စိတ်နေသဘောထားနှင့် ကျင့်စဉ်တွေကို ပြည့်ပြည့်စုံစုံ သိနိုင်ဖို့ဝေးလို့ အနည်းငယ်မျှ ရိပ်မိဖို့တောင် ခက်ခဲလွန်းပါတယ် ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်ဒကာကြီး။ ဒါကြောင့် ကပ္ပိယတွေ ဆရာတော်ကြီးများနဲ့ ဆက်ဆံရာမှာ ဉာဏ်ကြီးကြီးနဲ့ လိမ္မာပါးနပ်ဖို့ လိုအပ်ပါတယ်။

## နဝကမ္မနှင့် ကပ္ပိယရဲ့ အခန်းကဏ္ဍ

ရဟန်းတော်များ ဝိနည်းတော်နှင့်အညီ သာသနာ့တာဝန်ကို ချမ်းသာစွာဖြင့် ထမ်းရွက်တော်မူနိုင်ရန်အတွက် မိမိစွမ်းနိုင်သမျှ ကပ္ပိယကောင်းဖြစ်လိုသည့် Dr.အောင်သူနှင့် သူ၏သား M.A ကျောင်းသားတို့သည် အခါအားလျော်စွာ တောရကျောင်းသို့ လာရောက်ကြပါသည်။ လာတိုင်းလည်း

**ကျမ်းညွှန်း**

* ဒုတိယသဟသေယျသိက္ခာပဒ၊ မုသာဝါဒဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၂၈)

လူတို့နှင့်သက်ဆိုင်သည့် ရဟန်းဝိနည်းဆိုင်ရာ မေးခွန်းများကို စူးစမ်းလေ့လာ မေးမြန်းလျှောက်ထားကြလေ့ရှိပါသည်။ ယခုအပတ်တွင် နဝကမ္မနှင့် ကပ္ပိယ၏ အခန်းကဏ္ဍကို ဆွေးနွေး လျှောက်ထားကြပါသည်။

## ၁။ ကပ္ပိယနှင့် ငွေ

Dr. အောင်သူ ။ ။ ဝိနည်းလေးစားတဲ့ ရဟန်းတော်များ ငွေမကိုင်ဘဲ ချမ်းချမ်းသာသာ သာသနာတော်မှာ နေနိုင်ဖို့ ကပ္ပိယကောင်းတွေ အများကြီး လိုမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ကပ္ပိယကောင်းလိုမဲ့ အပြင် သာသနာတော်ဆိုင်ရာ ဗဟုသုတလည်း လိုပါဦးမယ် ဒကာကြီး။

Dr. အောင်သူ ။ ။ ဘယ်လိုဗဟုသုတများ ပါလဲဘုရား။

ဆရာတော် ။ ။ သိစရာတော့ အများကြီးပေါ့လေ၊ အခုတော့ ကပ္ပိယက ငွေကိုအပ်စပ်အောင် စီမံဆောင်ရွက်တဲ့ ဗဟုသုတကို ပြောပြမယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မြတ်စွာဘုရားရှင်က ရွှေငွေနဲ့ပတ်သက်ပြီးတော့ “ရဟန်းကိုယ်တိုင်လည်း မခံယူရဘူး၊ သူတစ်ပါးကိုလည်း မခံယူစေရဘူး၊ အနားမှာ ထားတာကိုလည်း မသာယာရဘူး”လို့ မိန့်ကြားတော်မူတာရှိတယ်။ ရဟန်းက ရွှေငွေတွေနဲ့ ရောင်းဝယ်တဲ့သဘောလည်း မပြုရဘူးတဲ့။

M.A ကျောင်းသား ။ ။ ငွေကိုရေလိုသုံးနေတဲ့ ခေတ်ကြီးမှာ အဲဒီလို ငွေမကိုင်ဘဲနဲ့ ဘယ်လိုလုပ်ပြီး သာသနာပြုမလဲ။ အခက်အခဲဖြစ်သွားမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဖြစ်သင့်သလောက် ဖြစ်ပါလိမ့်မယ်။ သို့သော် မြန်မာ့မြေပေါ်မှာ ဘုရားအဆုံးအမတော်တွေ ရှိနေသေးတဲ့အတွက် သီလပြည့်စုံတော်မူကြတဲ့ ပုဂ္ဂိုလ်မြတ်တွေ ဒီနိုင်ငံမှာ အများကြီး ရှိပါသေးတယ်။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် ဝမ်းမြောက်ပါတယ်ဘုရား။ သာသနာတော်အတွက် အားလည်းရှိပါတယ်ဘုရား။ ဒုတိယသင်္ဂါယနာ တင်ခဲ့ရတာက ရဟန်းတွေ ငွေကိုင်တာနဲ့ အရက်နုနုကို သောက်ခွင့်ရှိတယ်ဆိုတဲ့ အကြောင်းကိစ္စတွေ ပေါ်ပေါက်လာလို့ဆိုတာ တပည့်တော် ဖတ်ဖူးပါတယ်ဘုရား။ မှန်ပါသလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ အခမ္ဗဝတ္ထု ဆယ်ပါးထဲက အဲဒီ နှစ်ပါးလည်း ပါတာပေါ့ ဒကာကြီး။
Dr. အောင်သူ ။ ။ အခုလို ငွေမကိုင်ဘဲနဲ့ အာပတ်မသင့်အောင် ဆရာတော်များက ဘယ်လိုများ နေကြရပါသလဲ ဘုရား။
ဆရာတော် ။ ။ ဒါယကာတွေက ဝိနည်းနဲ့ လျော်ညီအောင် လျှောက်ထားနိုင်တဲ့ နည်းလမ်းတွေ ဘုရားခွင့်ပြု ထားတာ ရှိပါတယ်။
Dr. အောင်သူ ။ ။ အဲဒီလို ဝိနည်းနဲ့အညီ လျှောက်ထားနည်းကို လည်း သိပါရစေဘုရား။
ဆရာတော် ။ ။ ဝတ္ထုငွေကြေးကိုတော့ ရဟန်းလက်ဝယ် လှူ ဒါန်းလို့မရဘူး။ ဘုရားခွင့်ပြုတော်မူတဲ့ အပ်စပ် တဲ့ ပစ္စည်းပဲ အလှူခံရပါမယ်။ ဒါကို လျှောက် တတ်ဖို့တော့ လိုပါတယ်။ *"အရှင်ဘုရားအတွက် ၅၀၀၀ ကျပ်တန် အပ်စပ်တဲ့ပစ္စည်း တပည့်တော် လှူဒါန်းပါ့မယ်ဘုရား။ လိုအပ်တဲ့အခါ အလှူ ခံတော်မူပါဘုရား။ ကပ္ပိယညွှန်းတော်မူပါဘုရား။ လိုချင်ရာအရပ်ကို ညွှန်းတော်မူပါဘုရား"* လို့ ပြည့် ပြည့်စုံစုံ လျှောက်ရတယ်။

Dr. အောင်သူ ။ ။ ရဟန်းက ညွှန်းတဲ့ ကပ္ပိယက ခုနကလို လျှောက်ထားရင် အလှူခံလို့ရပြီလား ဘုရား။

ဆရာတော် ။ ။ ရဟန်းက အလိုရှိတဲ့ အခါမှာ ဆွမ်း၊ သင်္ကန်း ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ကပ္ပိယဆီက အလှူခံလို့ရပါပြီ။ အပ်နှံထားတဲ့ငွေကိုတော့ လုံးဝ လုံးဝကို အလှူခံခွင့် မရှိပါဘူး။ ပစ္စည်း လေးပါးကိုပဲ အလှူခံရပါမယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ လျှောက်ထားတာ ကြည့် လေ။ *"အရှင်ဘုရား အလိုရှိတဲ့အခါမှာ ၅၀၀၀ ကျပ်တန် ပစ္စည်းကို လှူဒါန်းပါမယ်။ အလှူခံတော်မူပါဘုရား"* လို့ လျှောက်ထားတယ်လေ။ ငွေ ၅၀၀၀ ကျပ်ကို အလှူခံပါလို့ လျှောက်ထားတာမှ မဟုတ်တာ၊ ငါးထောင်ကနေ ဖြစ်ပေါ်လာတဲ့ပစ္စည်းကို အလှူ ခံဖို့ လျှောက်တာနော်။ လျှောက်တဲ့စကား အဓိပ္ပာယ်ကို သတိကြီးကြီး ထားရမယ်နော်။

Dr. အောင်သူ ။ ။ မှတ်မိပါပြီဘုရား။

ဆရာတော် ။ ။ ဒါယကာ လှူဒါန်းထား တဲ့ နဝကမ္မဝတ္ထုငွေကို ကပ္ပိယကာရကက အပ်အပ်စပ်စပ် လျှောက် ထားပြီး ကပ္ပိယလက်ဝယ် ထားမယ်ဆိုရင် ဝိနည်း

အပြစ် မရှိနိုင်ပါဘူး။ သို့သော် နဘူးကျောင်းဆရာတော်ကြီးက *“ငါ့ပိုက်ဆံ ကပ္ပိယလက်ထဲ ဘယ်ရွေ့ ဘယ်မျှလောက် ရှိနေသေးတယ်ဆိုတဲ့ တဏှာလောဘက ဖြစ်နေဦးမှာမို့ ကပ္ပိယကိုပါ ပယ်လိုက်တော့ ဖြစ်ခွင့်ရှိတဲ့ကိလေသာ မဖြစ်တော့ဘူးပေါ့”* လို့ မိန့်ကြားတော်မူဖူးပါတယ်။

Dr. အောင်သူ ။ ။ ငွေကြေးကြောင့် ရဟန်းတွေမှာလည်း မှားယွင်းနိုင်သလို ကပ္ပိယမှာလည်း မှားနိုင်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မှားတတ်တယ်၊ မှားတတ်တယ်။လူထွက်တဲ့အထိ မှားတတ်တယ်။ သာဓက တစ်ခုပြောပါဦးမယ်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါကာလက ရဟန်းငယ်တစ်ပါး ငွေအသပြာတစ်ရာရလိုက်တာ လူထွက်ချင်စိတ်ကို ဖြစ်သွားပါလေရောဗျာ။

Dr. အောင်သူ ။ ။ ရဟန်းက ငယ်ငယ်လေးလားဘုရား။

ဆရာတော် ။ ။ စာမှာတော့ ရဟန်းငယ်လို့ပဲ ပြထားပါတယ်။

သူ့မှာ ငွေတစ်ရာရလာပုံက ဒီလို။ သူ့ခမည်းတော်ကြီး မသေခင် သပိတ် သက်န်းဖိုး အသပြာတစ်ရာကို ဘထွေးဆီ အပ်နှံထားခဲ့တယ်။ အဲဒီရဟန်း

ဇာတိရွာကို ကြွလာတဲ့အခါမှာ ဘထွေးကလျှောက်ထားတယ်။ ရဟန်းက *"အသပြာတစ်ရာနှင့်ဆိုရင် ငါအသက်မွေးလို့ရပြီ"*လို့ စိတ်ကူးယဉ်တော့သတဲ့။

Dr. အောင်သူ ။ ။ ငွေမရှိခင်က စိတ်ကူးယဉ်စရာမရှိတော့ လူထွက်ချင်စိတ်ပေါက်မှာ မဟုတ်လောက်ဘူးဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သူ့မှာ ငွေအသပြာတစ်ရာမရှိခင်တုန်းက လူထွက်ချင်စိတ် မပေါက်သေးဘူးလေ။ အခု အသပြာတစ်ရာလည်း ရှိလာရော လူထွက်ချင်စိတ် ပေါက်သွားတယ်။ သာသနာဝေါဟာရနဲ့တော့ သာသနာမှာ ငြီးငွေ့တယ်လို့ခေါ်ပါတယ်။ ဒါနဲ့ပဲ မြတ်စွာဘုရားရှင်ထံတော်ပါးကို ခေါ်သွားကြတယ်။ ဘုရားရှင်က *"ဘာဖြစ်လို့ လူထွက်ချင်ရတာလဲ အသက်မွေးဝမ်းကျောင်း တစ်စုံတစ်ခုကော ရှိရဲ့လား"*လို့ မေးတော်မူတော့ *"ရှိပါတယ်ဘုရား တပည့်တော်မှာ ငွေအသပြာရှိတယ်"*တဲ့။ *"ငွေဘယ်လောက်ရှိသလဲ"*လို့ မေးတော်မူတော့ *"ငွေတစ်ရာ ရှိပါတယ်ဘုရား"*တဲ့။ ဒါနဲ့ မြတ်စွာဘုရားက ကျောက်စရစ်ခဲလေးတွေ ယူခဲ့ပါဦးလို့ သူ့ကို ခိုင်းလိုက်တယ်။ မြတ်စွာဘုရားရှင်က ပဉ္စင်းငယ်ရဲ့ရှေ့မှာ ကျောက်စရစ်ခဲတွေကို ပုံပြီးတော့မှ ဟောဒီမှာ အသပြာငါးဆယ်ကတော့

ရှေးဦးအိမ်ထောင် ပစ္စည်းပစ္စယတွေအတွက်ကို ဖယ်ပေးတော်မူပါတယ်။ ပြီးတော့မှ နှစ်ဆယ့်လေး အသပြာကို နွားနှစ်ကောင်အတွက်ကို ဖယ်ပေး တော်မူတယ်။ ခုနစ်ဆယ့်လေး အသပြာ ကုန်သွား ပြီနော်။ ဒါနဲ့ *"ချစ်သားတဲ့ ထွန်တုံးဝယ်ဖို့၊ ထယ် ဝယ်ဖို့၊ ပေါက်တူးဝယ်ဖို့၊ ပဲခွပ်ဝယ်ဖို့၊ ပုဆိန်ဝယ်ဖို့၊ ပဲမျိုးစေ့ဝယ်ဖို့၊ ဖရုံမျိုးစေ့ဝယ်ဖို့၊ ဘူးမျိုးစေ့ဝယ်ဖို့၊ သခွားမျိုးစေ့ဝယ်ဖို့၊ စပါးမျိုးစေ့ဝယ်ဖို့၊ ပြောင်းဖူး မျိုးစေ့ ဝယ်ဖို့ရာ ရှိသေးတယ်။ ဝယ်စရာက အများကြီး ကျန်သေးတယ်တဲ့။ အဲဒီတော့ ချစ်သားရဲ့ အသပြာတစ်ရာက ဘာမှမလုပ်လောက် တော့ဘူး"* လို့ မိန့်ကြားတော်မူတယ်။ အဲဒါနဲ့ သူကလည်း သတိသံဝေဂရပြီး သာသနာတော်မှာ မြဲသွားတယ် ဒကာကြီး။

Dr. အောင်သူ ॥ ॥ အခုလို သာသနာတော်မှာ ရဟန်းဘဝမြဲသွားတယ်ကြားရလို့ ဝမ်းမြောက်ပါတယ်ဘုရား။ သာဓု ခေါ်ပါတယ်ဘုရား။

---

**ကျမ်းညွှန်း**

* ပဉ္စဂေါရသာဒိအနုဇာနနာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၃၄၂)
* ရူပိယသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ ပါရာဇိကပါဠိ (နှာ-၃၄၄-၃၄၇)
* ဒုတိယဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၅၀၈)
* ပဉ္စဂေါရသာဒိအနုဇာနနာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၃၄၂)
* ပဌမဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၄၉၁)
* အနဘိရတဘိက္ခုဝတ္ထု၊ ဗုဒ္ဓဝဂ္ဂ၊ ဓမ္မပဒဠကထာ-ဒု (နှာ-၁၅၅)

## ၂။ ငွေမကိုင်တဲ့ ရဟန်းတစ်ပါးရဲ့ ရန်ကုန်မြို့ထဲက ဘတ်စ်ကားခရီး

Dr. အောင်သူ ။ ။ ငွေမကိုင်တဲ့ ရဟန်း တစ်ပါး ဘတ်စ်ကားခ ပေးစရာမရှိရင် ဘတ်စ်ကား ဘယ်လိုစီးရမလဲ ဘုရား။ ဘုန်းကြီး ကားခမပေးဘဲ စီးလို့ရသလား ဘုရား။

ဆရာတော် ။ ။ ကားခမပေးဘဲ ကား စီးရင် တန်ဖိုးကိုလိုက် ပြီး အာပတ်အဆင့်ဆင့် သင့်နိုင်ပါတယ် ဒကာကြီး ဒါကြောင့် အပ်စပ်တဲ့ပစ္စည်းကို ကားခအဖြစ် စီမံပေးရပါတယ်။

Dr. အောင်သူ ။ ။ အပ်စပ်တဲ့ပစ္စည်းဆိုတာ ဘာများပါလဲဘုရား။

ဆရာတော် ။ ။ ရဟန်းတော်များ ကိုင် ကောင်းတဲ့ ဖယောင်း တိုင်၊ ဆပ်ပြာခဲ၊ ဘောလ်ပင်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဘလိတ်ဓား စတဲ့ပစ္စည်းတွေ ကား ဆရာကို စွန့်တာပါပဲ။

Dr. အောင်သူ ။ ။ အံ့သြစရာပဲ။ အဲဒီလို ပေးရင်လည်း ခရီးသွား ဖြစ်သားပဲ။ သပိတ်ထဲ အဲဒါတွေကို အမြဲ ထည့်သွား ရမှာပါလား။ ဒါလည်းပဲ သဒ္ဓါတရားနည်းတဲ့

ကားသမားနှင့် ကြုံရင်တော့ အခက်အခဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။

ဆရာတော် ။ ။ ဖြစ်တတ်ပါတယ်။ ကိုယ်တွေ့ ပြောပြမယ်နော်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ပဲခူး လေယာဉ်ကွင်းနားက တောရကျောင်းမှာ သီတင်းသုံးတုန်းက အတွေ့အကြုံလေးပါ။

Dr. အောင်သူ ။ ။ သိပါရစေဘုရား။

ဆရာတော် ။ ။ မင်္ဂလာဒုံ (ပတ္တမြား) ရွှေညမင်းရိပ်သာကို နေ့ဆွမ်းအမီ ကြွသွားရမှာမို့ ပဲခူးကနေ ရန်ကုန်ကို ကားစီးရမယ်။ ထောက်ကြံ့ဆင်းပြီး တစ်ခါ အမှတ် ၃ လမ်းကိုသွားတဲ့ကား ပြောင်းစီးရဦးမယ်။ ပြီးရင် ခရီးတစ်မိုင် လမ်းလျှောက်ရမယ်။ ဒါကြောင့် ပဲခူးမြို့ကထွက်လာတဲ့ ဟိုက်လက်ကား ခေါင်းခန်းစီးဖို့ ကားဂိတ်မှာ စောင့်နေရတယ်လေ။

Dr. အောင်သူ ။ ။ နောက်ခန်းစီးရင် ကားခသက်သာမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ နောက်ခန်းစီးရင် မာတုဂါမတွေနဲ့ ထိမိ၊ တိုက်မိနိုင်မှာမို့လို့ ခေါင်းခန်းရွေးရတာပါ။ ကားခအဖြစ်

အချိုရည်တစ်ဘူးနှင့် သွားတိုက်ဆေးနှစ်ဘူး သပိတ်ထဲ ထည့်ထားပါတယ်။

Dr. အောင်သူ ။ ။ ကားမရပ်ပေးဘူးလား ဘုရား။

ဆရာတော် ။ ။ ကားနှစ်စီး ရပ်ပေးတယ်၊ ဒါပေမဲ့ ခေါင်းခန်းမှာ မာတုဂါမပါလို့ မစီးဖြစ်ဘူး။ တတိယတစ်စီးမှာတော့ ဒကာတစ်ယောက်ပါလို့ စီးလိုက်တယ်။ ကားပေါ်ရောက်မှ ကားခမေးကြည့်တော့ ကားခက ဘုန်းကြီးသပိတ်ထဲက အချိုရည်ဘူး တန်ဖိုးရဲ့ တစ်ဝက်လောက်ပဲ ရှိတယ်။

Dr. အောင်သူ ။ ။ ပိုတဲ့ပိုက်ဆံကို ကားသမား အမ်းမှာလား ဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး ငွေမှမကိုင်တာ၊ အမ်းလည်း မယူဘူးလေ။

Dr. အောင်သူ ။ ။ ကားသမားက အချိုရည်ဘူးယူပြီး စီးခွင့်ပြုပါသလားဘုရား။

ဆရာတော် ။ ။ ကားဆရာကို ဘုန်းကြီးမှာ *“နဝကမ္မတော့ မရှိဘူး၊ ဒီအချိုရည်ဘူးတော့ ရှိတယ်”*လို့ ပြော

လိုက်တော့ ကားမောင်းရင်း ဘုန်းကြီးမျက်နှာကို ဘေးစောင်း ကြည့်တယ်၊ ပြီးတော့ပြုံးတယ်။ ပြီးတော့ အချိုရည်ဘူးကို ယူထားလိုက်တယ်။

Dr. အောင်သူ ။ ။ ဝိနည်းဆောင် သံဃာတော်များ ငွေမကိုင်ဘဲ အခုလိုလည်း ခရီးသွားလို့ ရနိုင်တယ်ဆိုတာ အခုမှ ကြားဖူးပါတယ်ဘုရား။ တော်တော် ခက်ခက်ခဲခဲ ပါပဲဘုရား။ အခုလို ဝိနည်းစောင့်ထိန်းတော်မူပြီး သာသနာ့ဘောင်မှာ နေထိုင်တတ်ဖို့ အများကြီး လေ့လာထားရမှာ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ် ဒကာကြီး။ ခုလို အသေးစိတ် သိရှိလိုက်နာတတ်ဖို့အတွက် ဝိနည်းလေးစားတဲ့ ဥပဇ္ဈာယ်ဆရာထံပါးမှာ ငါးဝါနေပြီး လေ့လာသင်ယူရမယ်လို့ မြတ်စွာဘုရားရှင်က ပညတ်တော်မူထားပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။ မှတ်သားထားပါ့မယ်ဘုရား။

---

**ကျမ်းညွှန်း**

* နိဿယမုစ္စနကကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၁၂)

## ၃။ ကန့်တာကြာလှပြီ ကိုယ်တော်

Dr. အောင်သူ ။ ။ သိပ်ပါး၊ သိပ်နပ်တဲ့ ကပ္ပိယအကြောင်းကို ပြောပြမယ်လို့ မနေ့က မိန့်ထားပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ မေ့နေတာ၊ အခုပြောပြမယ်နော်။

Dr.အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ကြာခဲ့ပါပြီ၊ ပဲခူးနယ်က တောရကျောင်း တစ်ကျောင်းမှာ တော်တော်ကြာကြာ သီတင်းသုံးခဲ့ဖူးတယ်။ တစ်နေ့ ညနေစောင်းမှာ ဟင်္သာတမြို့မှာနေတဲ့ ဒကာဦးခန့်ထူးတဲ့၊ သူကဝိနည်းလေးစားတဲ့သံဃာတော်တွေကို ဆည်းကပ်တတ်တယ်။ လျှောက်လည်း လျှောက်တတ်တယ်။ "*အရှင်ဘုရား လိုရာအလှူခံနိုင်ရန် နဝကမ္မဝတ္ထုငွေ ငါးထောင်ကျပ်ကို ဘုရားတပည့်တော် အရှင်ဘုရား၏ ကပ္ပိယကြီး ဦးမဲထံပါး အပ်နှံထားပါသည်ဘုရား၊ အရှင်ဘုရား အလိုရှိသည့်အခါတွင် ငါးထောင်တန် ပစ္စည်းကို ကပ္ပိယကြီးဦးမဲထံပါးမှ အလှူခံတော်မူပါဘုရား*" တဲ့ ဒကာကြီး ဦးခန့်ထူးက ဆရာကောင်းတပည့် ပီသတယ်နော်။ အပ်အပ်စပ်စပ် လျှောက်ခဲ့တယ်။ ပြီးတော့ သူ့ခရီးသူ ပြန်သွားတယ်။

Dr.အောင်သူ ။ ။ ကပ္ပိယဦးမဲက ဆရာတော်ထံပါး မလျှောက်ဘူးလားဘုရား။

ဆရာတော် ။ ။ တစ်နေ့ လျှောက်နိုး၊ တစ်နေ့ လျှောက်နိုးနဲ့ မျှော်နေတာ မလျှောက်လာသေးဘူး။ ဒါနဲ့သူ့အိမ် ရှေ့ကို သွားရပ်ရတယ်။ အဲဒီတော့မှ လျှောက်တယ်။

Dr.အောင်သူ ။ ။ မေ့နေတာ ထင်တယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်မယ်။ တစ်နေ့ကျတော့ ဆွမ်းခံလမ်းမှာမိုးမိလာတဲ့အတွက် နေထိုင်မကောင်း ဖြစ်သွားတယ်။ ပါရာစီတမော အကိုက်အခဲပျောက်ဆေးနဲ့ ပရုတ်ဆီတစ်ဘူး အလိုရှိကြောင်း ကပ္ပိယကို ပြောလိုက်တယ်။

Dr. အောင်သူ ။ ။ ဆေးလာကပ်ပါသလားဘုရား။

ဆရာတော် ။ ။ ကပ်တယ်၊ ကပ်တယ်။ နောက်နှစ်ပတ်လောက်နေတော့ မဂ္ဂဇင်းတိုက်ကို စာမူထည့်ထားတဲ့ စာအိတ်တစ်အိတ် စာတိုက်ကနေ ပို့ခိုင်း လိုက်တယ်။ အဲဒီခေတ်က စာတိုက်စာပို့ခက တစ်ကျပ်။ ရန်ကုန် ပဲခူးကားခ တစ်ကျပ်ခေတ်။ နေ့စားဝန်ထမ်း နေ့တွက်ခ တစ်ဆယ်ကျပ်ပေးရတယ်။

Dr.အောင်သူ ။ ။ ကပ္ပိယ ဦးမဲက စာမူပို့ပေးပါသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယဦးမဲက မျက်လုံးကြီးပြူးပြီး *"ကိုယ်တော့်ပိုက်ဆံ ကုန်တာကြာလှပြီ"* လို့ အော်တော့တယ်။

M.A ကျောင်းသား ။ ။ ငွေငါးထောင်ကျပ် မကုန်လောက်သေးပါဘူး။ သုံးတဲ့စာရင်းပြပါလို့ တောင်းသင့်တယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကပ္ပိယဦးမဲ လျှောက်တဲ့ *"ကိုယ်တော့်ငွေ ကုန်တာကြာလှပြီ"* ကပဲ နှုတ်နဲ့လျှောက်တဲ့ အသုံးစာရင်းရှင်းတမ်းဖြစ်သွားပါပြီ ဒကာကြီး။ နောက် အတွေ့အကြုံတစ်ခု ရှိသေးတယ်။

Dr. အောင်သူ ။ ။ ဒီအတွေ့အကြုံမျိုးတွေက နားထောင်ရတာ သိပ်မသက်သာလှပါဘူးဘုရား။

ဆရာတော် ။ ။ ဝိနည်းကို လေးစားတဲ့ ရဟန်းဘဝရဲ့ အတွေ့အကြုံပေါ့ဗျာ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဝိနည်းလေးစားတဲ့ ရဟန်းတော်တစ်ပါးက ကယားပြည်နယ်မှာရှိတဲ့ မိဘတွေဆီ မရောက်တာကြာလို့တဲ့ သွားချင်ကြောင်း၊ ငွေမကိုင်တဲ့

ရဟန်းဘဝက အသွားအလာ ခက်ခဲကြောင်း၊ မကြာမကြာ လျှောက်နေတာနဲ့ ဒီဘုန်းကြီးက "*အရှင်ဘုရားကလည်း ဘာကြောင့် ခက်ခဲနေတာလဲဘုရား၊ ကပ္ပိယခေါ်သွားရင် ရတာပဲ*"လို့ လျှောက်လိုက်မိတယ်။

Dr. အောင်သူ ။ ။ ဆရာတော်က ဘာများ ပြန်မိန့်ပါသလဲဘုရား။

ဆရာတော် ။ ။ သူက "*အရှင်ဘုရား ကပ္ပိယပါရင် နှစ်ဆခွဲ ကုန်တယ်*"လို့ လျှောက်တယ်။ ဘုန်းကြီးက "*နှစ်ဆပဲ ကုန်မှာပါဘုရား၊ ဘာလို့ နှစ်ဆခွဲ ကုန်ရမှာလဲ*"လို့ မေးလိုက်တယ်။ အဲဒီတော့မှ ဆရာတော်က "*မဟုတ်ဘူးလေ သူက ညနေစာ ရှိသေးတယ်၊ လက်ဖက်ရည်ဖိုးရှိသေးတယ်၊ ကွမ်းယာဖိုး၊ ဆေးလိပ်ဖိုးလည်း ရှိသေးတယ်လေ။ ဒီတော့ နှစ်ဆခွဲ ကုန်တာပေါ့ ကိုယ်တော်*"လို့ မိန့်ဖူးတယ်။

Dr. အောင်သူ ။ ။ ဝိနည်းနှင့်အညီ သာသနာတော်မှာ နေတဲ့ ရဟန်းတော်များရဲ့ အခက်အခဲတွေ၊ အဆင်မပြေမှုတွေ တော်တော်များသားဘုရား။ တပည့်တော် ကပ္ပိယကောင်းဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ သာဓု၊ သာဓု၊ သာဓုပါဗျာ။

---

**ကျမ်းညွှန်း** ＊ ရူပိယသံဝေါဟာရသိက္ခာပဒဝဏ္ဏနာ၊ ကောသိယဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ -၂ (နှာ-၂၇၆)

## ၄။ ရှိုးတာကအစစ်၊ ဆန်းတာကအပြစ်

Dr. အောင်သူ ။ ။ ကပ္ပိယရဲ့ ပဓာနတာဝန်ဝတ္တရားက ရဟန်းတော်များ ဝိနည်းသီလနဲ့အညီ နေထိုင်သီတင်းသုံးနိုင်ဖို့ စောင့်ရှောက်ပေးနေသူလို့ နားလည်ထားပါတယ်။ မှန်ပါသလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။

Dr. အောင်သူ ။ ။ သို့သော် တပည့်တော်တို့ အနီးပတ်ဝန်းကျင်မှာကို တချို့သော ရဟန်းသံဃာတွေဟာ သီလအပိုင်းမှာ အားတော်တော်နည်းလာတာ ဖူးတွေ့နေရပါတယ်ဘုရား။

ဆရာတော် ။ ။ အေးဟုတ်တယ်။

Dr. အောင်သူ ။ ။ ဒါကြောင့် ဝိနည်းသီလနဲ့အညီ ကျင့်ကြံနေတော်မူတဲ့ ရဟန်းတော်များရဲ့အနေအထိုင်က ထူးဆန်းသလိုလိုမျိုးများ ဖြစ်လာနေပြီလားလို့တောင် တွေးနေမိပါတယ်ဘုရား။

ဆရာတော် ။ ။ အေးဟုတ်တယ်။

Dr. အောင်သူ ။ ။ ဘုန်းကြီး ဆိုင်ကယ်မောင်းတာ၊ ကားမောင်းတာကို မြင်ဖူးခါစမှာ အထူးအဆန်းဖြစ်လို့ ငေးကြည့်ဖူးတယ်။ အခုတော့ မြင်ဖန်များလာတော့ ရိုးသွားပါပြီဘုရား။

ဆရာတော် ။ ။ အေးဟုတ်တယ်။
Dr. အောင်သူ ။ ။ ရဟန်းတော်များ ငွေကိုင်ပြီး ဈေးဝယ်နေတာကိုလည်း မြင်ပါများတော့ ရိုးနေပါပြီဘုရား။
ဆရာတော် ။ ။ အေးဟုတ်တယ်။
Dr. အောင်သူ ။ ။ အခုအခါမှာက ငွေမကိုင်တဲ့ ရဟန်းတော်များကို ဖူးမြင်ရတာက အထူးအဆန်းလို ဖြစ်လာပါတယ်ဘုရား။
ဆရာတော် ။ ။ အေးဟုတ်တယ်။ လူတစ်ယောက်က အကြောင်းအရာတစ်ခုကို '*ထူးဆန်းလိုက်တာကွာ*'လို့ သူငယ်ချင်းတစ်ယောက်ကို ပြောပြတယ်။ သူငယ်ချင်းက '*ဒါများ အထူးအဆန်းလုပ်လို့၊ ရိုးနေပြီ*'လို့ ဖြေလိုက်တယ်။ ပတ်ဝန်းကျင်မှာလည်း မမြင်ခင်၊ မကြားခင်က ထူးဆန်းတယ်လို့ ထင်ကြတယ်။ မြင်ဖန်၊ ကြားဖန်များလာတဲ့အခါမှာတော့ ရိုးကုန်တယ် ဒကာကြီး။
Dr. အောင်သူ ။ ။ မှန်ပါဘုရား။
ဆရာတော် ။ ။ ဒုတိယသင်္ဂါယနာတင်ခဲ့ရတဲ့ အကြောင်းရင်းတွေထဲမှာ ရဟန်းတွေ ငွေအလှူခံတာလည်း တစ်ခုအပါအဝင်ဖြစ်တယ်။ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီး နှစ်တစ်ရာလောက်ကြာတဲ့ကာလမှာ ရဟန်းတော်

များက ဖလားနဲ့ငွေအလှူခံတာက ပတ်ဝန်းကျင်မှာ အထူးအဆန်းကြီးကို ဖြစ်ခဲ့တယ် ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား၊ ဒီနေ့တော့ ရိုးနေပါပြီဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးက ငွေမကိုင်တဲ့ ရဟန်းတစ်ပါးက သံဃာတွေကြားထဲ သွားနေမိရင် ဖော်ကောင်ဖြစ်သတဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ ဘယ်လိုဖော်ကောင်ပါလဲဘုရား။

ဆရာတော် ။ ။ အကြောင်းစုံမိတိုင်း *'ဦးဇင်း ငွေမကိုင်ဘူး' 'ဘုန်းကြီး ငွေမကိုင်ဘူး'* လို့ ပြောပြောနေရလို့တဲ့။

Dr. အောင်သူ ။ ။ တင်ပါ့ဘုရား။

ဆရာတော် ။ ။ ကြားဖူးတာလေး ပြောပြဦးမယ်။ တောင်ပေါ်ကျောင်းက ဝိနည်းလေးစားတဲ့ ဆရာတော်ကြီးက *'နေလွဲညစာစားရင် အာပတ်သင့်တယ်၊ ရွှေငွေကိုင်ရင် အာပတ်သင့်တယ်၊ မာတုဂါမနဲ့ နှစ်ယောက်ထဲ အခန်းထဲမှာ စကားပြောရင် အာပတ်သင့်တယ်၊ အာပတ်သင့်တယ်၊ အာပတ်သင့်တယ်'* လို့ ပြောတာကို ရွာထဲက ဒကာ ဒကာမတွေက မကြာခဏ ကြားနေရသတဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါ၊ တကယ်လည်း အာပတ်သင့်နေတာ မဟုတ်ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ သို့သော် သာသနာတော် ဆိုင်ရာ ဗဟုသုတနည်းပါးရှာတဲ့ ဒကာမကြီးတစ်ယောက်က *'တောင်ပေါ်မှာ ဆရာတော်ကြီး အာပတ်သင့်လို့တဲ့ ညဆွမ်းလည်း မဘုဉ်းပေးရရှာဘူး၊ ငွေလည်း မကိုင်ရရှာဘူး၊ ကျောင်းထဲမှာ မာတုဂါမနဲ့ စကားတောင် လွတ်လွတ်လပ်လပ် မပြောရရှာဘူးတဲ့၊ ဒါကြောင့် တောင်ပေါ်က ဆရာတော်ကြီးကို ရွာထဲက ဘုန်းကြီးကျောင်းပင့်ကြရင် ကောင်းမယ် ငဲ့မြေး'* လို့ သူ့မြေးလေးနဲ့ တိုင်ပင်သတဲ့ မောင် ကျောင်းသား။

Dr. အောင်သူ ။ ။ အဘွားက တောင်ပေါ်မှာ အာပတ်သင့်ပြီး တောင်အောက်က ရွာကျောင်းမှာတော့ အာပတ် မသင့်ဘူးလို့ ယူဆထားဟန် တူပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ဟန်တူတယ်။ သူ့ မြေးလေးကို ဆက်ပြီး မှာတယ်တဲ့ *'ရွာကျောင်း ဆရာတော်တွေက မိန်းကလေးတွေရဲ့ လက်ကိုကိုင်ပြီး လက္ခဏာ ကြည့်ပေးတာ၊ မီးယပ်ဆေးဖော်ပေးနေတာလည်း*

*အဘွားမြင်နေတာပဲ၊ ဒီကဆရာတော်တွေ အာပတ် သင့်တယ်လို့ တစ်ခါမှ မကြားမိဘူး။ တောင်ပေါ် ဘုန်းကြီးကျောင်းက ဘာဖြစ်နေတယ်မသိဘူး၊ ညဆွမ်းဘုဉ်းပေးရင်ကို အာပတ်သင့်သတဲ့၊ ဒီတော့ အဘွားတို့ ညဆွမ်းကပ်တဲ့ ကုသိုလ်မရတော့ဘူး ပေါ့ ငါ့မြေးရယ်၊ ဒါကြောင့် ဆရာတော်ကြီးကို တောင်ပေါ်ကျောင်းမှာသာ အာပတ်သင့်နေတာ ရွာကျောင်းမှာ အာပတ်မသင့်ဘူးဘုရားလို့ သေသေ ချာချာ သွားလျှောက်နော်'လို့ သူ့မြေးကို မှာသတဲ့* ဒကာကြီး။

M.A ကျောင်းသား ။ ။ ခက်ပါဘိဘုရား။ အဲဒီ အဘွားက တောင်ပေါ် ကျောင်းက ဝိနည်းလေးစားတဲ့ ဆရာတော်ရဲ့ အနေအထိုင်က ဆန်းနေပြီး၊ ရွာထဲက ဆရာ တော်ရဲ့ အနေအထိုင်က မြင်ရဖန်များတော့ ရိုးနေလို့ ထင်ပါတယ်။

ဆရာတော် ။ ။ ဟုတ်တယ်။ ရိုးတာက နှစ်မျိုးရှိတယ်၊ ဆန်းတာ ကလည်း နှစ်မျိုးရှိတယ် ဒကာကြီး။

M.A ကျောင်းသား ။ ။ မှန်ပါ၊ ဘယ်လိုနှစ်မျိုးပါ လဲဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေအတိုင်း ကျင့်သုံးတာကို မြင်ဖန်

များလို့ ရှိးနေတာကတစ်မျိုး၊ ဝိနည်းမကျင့်တော့တာကို မြင်ပါများလို့ ရှိးနေတာကတစ်မျိုးတဲ့။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဘုရားရှင်ဥပဒေတော်အတိုင်း မကျင့်သုံးတော့တာကို ရှတ်တရက်မြင်ရလို့ ဆန်းတာကတစ်မျိုး၊ ကျင့်သုံးတာကို ရှတ်တရက်မြင်ရလို့ကို ဆန်းနေတာကတစ်မျိုးတဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒါကြောင့် -

*'ရဟန်းရှိးတော့ ရဟန်းချစ်၊*
*ရဟန်းဆန်းတော့ ဒကာချစ်၊*
*ရှိးတာကအစစ်၊ ဆန်းတာကအပြစ်'* တဲ့ ဒကာကြီး။

M.Sc ကျောင်းသား ။ ။ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

---

**ကျမ်းညွှန်း**

* ပဉ္စမဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၄၉၁)

## ကပ္ပိယကောင်းတို့အတွက် အထွေထွေ သိမှတ်ဖွယ်ရာများ

ရဟန်းတော်များ ဝိနည်းတော်နှင့်အညီ သာသနာ့တာဝန်ကို ချမ်းသာစွာဖြင့် ထမ်းရွက်တော်မူနိုင်ရန်အတွက် မိမိစွမ်းနိုင်သမျှ ကပ္ပိယကောင်းဖြစ်လိုသည့် Dr.အောင်သူနှင့် သူ၏သား M.A ကျောင်းသားတို့သည် အခါအားလျော်စွာ တောရကျောင်းသို့ လာရောက်ကြပါသည်။ လာတိုင်းလည်း လူတို့နှင့်သက်ဆိုင်သည့် ရဟန်းဝိနည်းဆိုင်ရာ မေးခွန်းများကို စူးစမ်းလေ့လာ မေးမြန်းလျှောက်ထားကြလေ့ရှိပါသည်။ ယခုအပတ်တွင် ကပ္ပိယကောင်းများ သိစရာအထွေထွေကို ဆွေးနွေးမေးမြန်း လျှောက်ထားကြပါသည်။

## ၁။ ကျောင်းအဆောက်အဦဆောက်ရာ ကပ္ပိယပါ

Dr. အောင်သူ ။ ။ ဝိနည်းလေးစားတော်မူပြီး ငွေမကိုင်တဲ့ ဘုန်းတော်ကြီးတစ်ပါးက ကျောင်းအဆောက်အဦ ဆောက်ရမယ်ဆိုရင် ဘယ်လိုစီမံရမလဲဘုရား။ ငွေမှမကိုင်တော့ ကျောင်းဆောက်ဖို့လိုတဲ့ သစ်သား၊ အုတ်ခဲ ဘယ်လိုဝယ်မလဲဘုရား။

ဆရာတော် ။ ။ ဒီကိစ္စမှာ ကပ္ပိယပိုင်းက သိပ်အရေးကြီးပါတယ်။

သူကပဲ အပ်အပ်စပ်စပ်ဖြစ်အောင် လုပ်ပေးရတယ်။ အလှူရှင် ဒကာ၊ ဒကာမများနဲ့ ပန်းရုံလက်သမားအကြား ဆက်ဆံရေး၊ ဆောက်လုပ်တဲ့ ပစ္စည်းပစ္စယတွေ ဈေးနှုန်းမှန်ကန်၊ ပစ္စည်းမှန်ကန်ရေးတို့က ကပ္ပိယတွေရဲ့ တာဝန်ပါပဲ။

Dr. အောင်သူ ။ ။ တာဝန်လည်းကြီးမယ် ဘုရား။

ဆရာတော် ။ ။ တာဝန်လည်းကြီးသလို၊ စေတနာပါဖို့ကလည်း

လိုတယ်။ အလေအလွင့်မရှိအောင် စီမံခန့်ခွဲတတ်ဖို့လည်း လိုပါသေးတယ်။

Dr. အောင်သူ ။ ။ သစ္စာရှိဖို့လည်း လိုမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ကိုယ်ကျိုးအတွက် မသုံးမိဖို့ သာသနာ့မျက်နှာကိုသာ ကြည့်ဖို့လိုပါတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယ၊ ကပ္ပိယလို့ သာမန်အားဖြင့် ဘုန်းကြီးကျောင်းမှာ စားလိုက်၊ အိပ်လိုက်၊ စိတ်ပါရင် ဥပုသ်စောင့်လိုက်နဲ့ နေရတယ်ထင်တာ တကယ်တော့ ကပ္ပိယတာဝန်က တော်တော်ကို ကြီးသား

ပါလားဘုရား။ ကျောင်းဆောက်တာမှာ ကပ္ပိယက ခိုင်းတာကို လက်သမား၊ ပန်းရံတွေက လေးလေးစားစား လုပ်ကြပါသလားဘုရား။

ဆရာတော် ॥ ॥ အခက်အခဲတွေတော့ ရှိတတ်တယ် ဒကာကြီး။

Dr. အောင်သူ ॥ ॥ ဘယ်လို အခက်အခဲ များပါလဲဘုရား။

ဆရာတော် ॥ ॥ ကြားဖူးတာတစ်ခု ပြောပြမယ်နော်။

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ကပ္ပိယတစ်ယောက်က ကျောင်းဆောက်မဲ့ အကြောင်း လက်သမားကို စကားပြောသတဲ့။ ဒါနဲ့ လက်သမားဆရာက *'ကျောင်းကို ကပ္ပိယဆောက်မှာလား၊ ဘုန်းကြီးဆောက်မှာလား'* လို့ မေးသတဲ့။ ကပ္ပိယက *'ကျွန်တော်ဆောက်မှာပေါ့ဗျာ'* လို့ ဖြေသတဲ့၊ လက်သမားက *'ခင်ဗျားဆောက်မှာဆိုရင် ကျွန်တော် လက်ခ ကိုးသိန်းပဲယူမယ်'* လို့ ပြောသတဲ့။

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဒါနဲ့ လက်သမားက ကပ္ပိယကို *'ကျောင်းဆောက်တာ ဘုန်းကြီးမပါတာ သေချာတယ်နော်'* လို့ ထပ်မေးသတဲ့။ ကပ္ပိယက *ဘုန်းကြီးကျောင်း*

ဝင်းထဲ ကျောင်းဆောက်မှတော့ ဘုန်းကြီးပါမှာ ပေ့ါဗျာ’လို့ ဖြေသတဲ့။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ လက်သမားက ‘ဟာ ဒါဆိုရင် လက်ခ ဆယ့်တစ်သိန်းကျမယ်ဗျို့’ လို့ ပြောသတဲ့။

Dr. အောင်သူ ။ ။ အဆောက်အဦ ဆောက်ရင် အင်ဂျင်နီယာလည်း ပါရဦးမယ် ထင်ပါဘုရား။

ဆရာတော် ။ ။ အေးဟုတ်တယ်၊ ဒါနဲ့ ကပ္ပိယက “ကျောင်းဒကာကြီးရဲ့သမက် အင်ဂျင်နီယာကလည်း တစ်ခါတလေ လာကြည့်မှာပါ” လည်းပြောလိုက်ရော လက်သမားဆရာက “ဟာ ကိုယ့်လူ နေဦး အင်ဂျင်နီယာပါ ပါရင်တော့ ကျုပ်လက်ခ ဆယ့်သုံးသိန်းရမှ ဖြစ်တော့မယ်ဗျို့” လို့ ပြောသတဲ့။

Dr. အောင်သူ ။ ။ ဘာ့ကြောင့် တိုးတိုးပြီး တောင်းပြန်တာတဲ့လဲ ဘုရား။

ဆရာတော် ။ ။ ကပ္ပိယက တစ်ဆင့်ကြားရတာက ဘုန်းကြီးပါလာရင် ဟိုဟာ ဒီဟာ ပြင်ခိုင်းမယ်၊ မသင့်တာတွေ့ရင် ပြောမှာမို့လို့ ဈေးတိုးတောင်းတာတဲ့။

အင်္ဂလိပ်နီယာပါလာရင်ကျတော့ လက်သမား ဆရာက လုပ်ချင်တာ လုပ်မရတော့ဘူးတဲ့။ အင်္ဂျင်နီယာ စံနှုန်းနဲ့ စနစ်တကျ လုပ်ရတော့မှာမို့ ဈေးပိုတောင်းတာပါတဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ ဒါဆိုရင် ကပ္ပိယတွေ ကျောင်းဆောက်ရင် သက်သာတာပေါ့ဘုရား။

ဆရာတော် ။ ။ ကပ္ပိယက နားမလည်တော့ လက်သမားက လုပ်ချင်သလို လုပ်လို့ရတာမို့လို့ လက်ခ ဈေး လျှော့တောင်းတာတဲ့။

Dr. အောင်သူ ။ ။ ကပ္ပိယက ဘက်စုံတော် နေမှပဲ သာသနာတော် အတွက် အားကိုးရမယ်ဆိုတာကို တပည့်တော် တဖြည်းဖြည်း နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ ကပ္ပိယ လည်း ရှိရမယ်၊ ရှိတဲ့ ကပ္ပိယကလည်း သာသနာတော်ကို မြတ်နိုးတဲ့ စိတ်လည်း ရှိရဦးမယ် ဒကာကြီး။

## ၂။ ဗေဒင်ယတြာချေသူကြောင့် ဆရာတော်ကြီးမှာ အာပတ်သင့်နိုင်တယ်

Dr. အောင်သူ ။ ။ ဝိနည်းဗဟုသုတ မှတ်သားစရာ ကောင်းလှပါတယ်ဘုရား၊ အလားတူ ဉာဏ်မွဲတဲ့ သာဓကများရှိသေးရင် သိချင်လှပါတယ်ဘုရား။

ဆရာတော် ။ ။ သာဓကတွေကတော့ သာသနာတော်မှာ အများကြီးရှိပါတယ် ဒကာကြီး။ ဗေဒင်ဆရာရဲ့ ယတြာကြောင့် အာပတ်သင့်ရတဲ့ အဖြစ်အပျက် တစ်ခုကိုလည်း ပြောပြဦးမယ်နော်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ဒါယကာတစ်ယောက် သက်န်းအထုပ် တစ်ထုပ်ပိုက်ပြီး ထန်းတစ်ပင်တောရကျောင်းကို မရောက်စဖူး ရောက်လာပြီးတော့ နဘူးကျင်း ဆရာတော်ရှေ့ကို သွားတယ်။ ပြီးတော့ သူ့အိတ်ထဲက ငွေစက္ကူနှင့် အကြွေစေ့ကိုထုတ်ပြီး သင်္ကန်းထုတ်ပေါ် တင်တယ်။

Dr. အောင်သူ ။ ။ ငွေကို မထိမကိုင်တဲ့ ဆရာတော်ကြီးကို ငွေလှူဖို့ သူမစဉ်းစားသင့်ဘူးဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒါကြောင့် နဘူးကျောင်းဆရာတော်ကြီးက *“ဒကာကြီး ဘုရားဝိနည်းက ငွေမကိုင်ရဘူး၊ ပြီးတော့ ဘုန်းကြီးက သင်္ကန်းလည်း အလှူမခံဘူး”* လို့ မိန့်တော်မူလိုက်တယ်။

Dr. အောင်သူ ။ ။ ဓူတင်ဆောင်ထားတဲ့ ရဟန်းက ဒါယကာရဲ့ သင်္ကန်းကို အလှူခံလို့မရဘူးလို့ ကြားဖူးတယ်။ မှန်ပါသလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဒါပေမဲ့ သူကလှူတော့မယ်။ ဆရာတော်ရှေ့ကို သွားပြီး အသနားခံ လျှောက်ပြန်တယ်။ ဘယ်လိုလျှောက်သလဲဆိုရင် *“တပည့်တော်စနေသားက စနေဂြိုလ်စားနေတာကြောင့် ကံကြမ္မာက ညှို့နေပါတယ်ဘုရား။ ဒါကြောင့် မနေ့က ဗေဒင်သွားကြည့်ပါတယ်ဘုရား၊ ဗေဒင်ဆရာက တပည့်တော်အိမ်ရဲ့ စနေထောင့် အရပ်မျက်နှာက သီလနဲ့ပြည့်စုံတဲ့ စနေသားရဟန်းတစ်ပါးကို သင်္ကန်းတစ်စုံနဲ့ ငွေငါးကျပ်တစ်မတ် လှူပြီး ယတြာချေရမယ်လို့ အဟောရှိလို့ပါဘုရား၊ တပည့်တော်ကို သနားသောအားဖြင့် ဒီငွေနဲ့ သင်္ကန်းကို အလှူခံပေးတော်မူပါဘုရား”*တဲ့။

Dr. အောင်သူ ။ ။ သာသနာ့ ဗဟုသုတ ခေါင်းပါးတဲ့ ပုဂ္ဂိုလ်

ပါလား။ ဒီလိုလုပ်ရပ် လုပ်တတ်တဲ့လူကို သဒ္ဓါ လွန်ကဲ ဉာဏ်ကနည်းတယ်လို့ ပြောနိုင်ပါသလား ဘုရား။

ဆရာတော် ။ ။ ပြောလို့ရတယ်၊ ဒါကြောင့် ကပ္ပိယ ဒါယကာတွေ သာသနာတော်ဆိုင်ရာ ဗဟုသုတ နည်းများမဆို ရှိဖို့လိုတယ်လို့ ပြောနေတာလေ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နောက်နေ့ကျတော့ ဆရာတော်ဘုရားကြီး က "*ဗေဒင်ဆရာက ဝိနည်းသီလနဲ့ ပြည့်စုံတဲ့ ဘုန်းကြီးကို သက်န်းလှူခိုင်းတာတဲ့၊ သီလနဲ့ ပြည့် စုံတဲ့ဘုန်းကြီး မထိမကိုင်ကောင်းတဲ့ ငွေလည်း လှူခိုင်းပြန်သေးတယ်၊ ဘယ်လို ဗေဒင်ဆရာလဲ မသိပါဘူး*" လို့ မိန့်တော်မူဖူးတယ်။

Dr. အောင်သူ ။ ။ ဒါဆိုရင် ဗေဒင်ဆရာ လည်း ဗဟုသုတရှိမှ ဖြစ်တော့မယ်ဘုရား။ ဒကာမကြီးကလည်း ခဏ ခဏ ယတြာချေတတ်တယ်။ မူတင်ဆောင် ဆရာတော် များအတွက် အနှောင့်အယှက် မရှိ အောင် ယတြာချေတတ်ဖို့ တပည့်တော် အိမ် ရောက်ရင် ရှင်းပြရဦးမယ်ဘုရား။

---

**ကျမ်းညွှန်း** * အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)၏ နဘူးကျင်းဆရာတော် ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၂၄၀)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်

## ၃။ ဈေးက ကပ္ပိယဒါယကာများ ဝိနည်းတတ်ကြတယ်

ဆရာတော် ။ ။ ရွှေဥမင်ဆရာတော်ကြီးက သာလွန်မင်းတရားလက်ထက်ကာလ ပခန်းသာဂရ ဝက်ကျဉမင်မှာ သီတင်းသုံးတော်မူနေပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ တောင်ဖီလာဆရာတော်ကြီးက ရှင်ဘုရင်အကိုးကွယ်ခံ ဆရာတော်ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရွှေဥမင်ဆရာတော်ကြီးက အလုပ်အကျွေး သူတော်ဝတ် ကပ္ပိယတစ်ယောက်နဲ့ တစ်ပါးတည်း သီတင်းသုံးတော်မူနေတဲ့ကာလမှာ တောင်ဖီလာဆရာတော်က ကြွလာတော်မူပြီး လှူဖွယ်ပစ္စည်းအစုစုကို ရွှေဥမင်ဆရာတော်ထံပါး လှူဒါန်းတော်မူပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ တောင်ဖီလာ ဆရာတော်က "*ဒါက နှစ်ထပ်သင်္ကန်းပါဘုရား၊ သံသရာကို ချီးမြှင့်သဖြင့် သုံးဆောင်တော်မူပါဘုရား*"ဟု လှူသည်ကို လက်နဲ့ခံယူပြီး

"သာဓု၊ သာဓု၊ ရွှေစည်းခုံကို လှူပါ၏"လို့ ဆိုပြီး ချထားတော်မူတယ်။

Dr. အောင်သူ ။ ။ လှူတဲ့ပစ္စည်းတိုင်းကို သာဓု၊ သာဓု၊ ရွှေစည်းခုံကို လှူပါ၏ဘုရားလို့ ဆိုတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အာဂန္တု ဆရာတော်ကြွပြီးတဲ့ နောက် ကပ္ပိယက ရွှေဥမင်ဆရာတော်အနား လာပြီး မေးလျှောက်တယ်။

Dr. အောင်သူ ။ ။ ဘယ်လိုမေးလျှောက်ပါ သလဲဘုရား။

ဆရာတော် ။ ။ အရှင်ဘုရား ဝိနည်းမှာ သူ့သဒ္ဓါရှိလို့ လှူတဲ့ ပစ္စည်းကို မသုံးဆောင်ဘဲ သူတစ်ပါးကို မပေး ရဘူး။ ပေးရင် သူ့သဒ္ဓါကို ဖျက်ရာရောက်တဲ့ အတွက် *'သဒ္ဓါဒေယျ ဝိနိပါတဒုက္ကဋ်'* အာပတ် သင့်မှာ မဟုတ်ပါလားဘုရားလို့ လက်အုပ်ချီ မိုးပြီး မေးလျှောက်ပါတယ်။

Dr. အောင်သူ ။ ။ ရှေးက ကပ္ပိယတွေက အလွန် နက်နဲခက်ခဲပြီး သိမ်မွေ့တဲ့ ဝိနည်းတွေကိုပါ သိနေကြတာပါလား ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ် ကပ္ပိယ ဒါယကာတွေ

ရဟန်းဝိနည်းများများသိလေ ဝိနည်းလေးစားတဲ့ သံဃာတော်များ ချမ်းသာလေပါဒကာကြီး။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် လည်း ဝိနည်းလေ့လာနေပါပြီဘုရား။ ဝိနည်းသိတဲ့ ကပ္ပိယဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓု၊ သာဓု၊ သာဓုပါ။

## ၄။ ရဟန်းဝိနည်းကို လူတိုင်း သိသင့်ပါ့မလား

Dr. အောင်သူ ။ ။ ဗုဒ္ဓဘာသာဝင်တိုင်း ရဟန်းတော်များ လိုက်နာရတဲ့ ဝိနည်းကိုသိရင် အကျိုးများမလား၊ အပြစ်ဖြစ်မလားဆိုတာကို ဒီရက်ပိုင်းမှာ စဉ်းစားနေမိပါတယ်ဘုရား။

ဆရာတော် ။ ။ ရဟန်းဝိနည်းမှာ အပိုင်းနှစ်ပိုင်း ရှိပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

**ကျမ်းညွှန်း**

* ဓမ္မာစရိယဦးဌေးလှိုင်၏ ဘုန်းတော်ကြီးဦးသီလ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၂၁၉)

ဆရာတော် ။ ။ ရဟန်းတော်များနဲ့သာ
သက်ဆိုင်တဲ့ ရဟန်း
ဝိနည်းကတစ်ပိုင်း၊ လူတို့နဲ့သက်ဆိုင်တဲ့ ရဟန်း
ဝိနည်းကတစ်ပိုင်း ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ နှစ်ပိုင်းစလုံးကို တပည့်
တော်တို့ သိဖို့ လိုပါ
သလားဘုရား။

ဆရာတော် ။ ။ နှစ်ပိုင်းစလုံးကို လူတွေ
သိဖို့ မလိုပါဘူး။

Dr. အောင်သူ ။ ။ ဘယ်အပိုင်းက သိဖို့
လိုပြီး၊ ဘယ်အပိုင်းက
သိဖို့ မလိုတာလဲဘုရား။

ဆရာတော် ။ ။ ရဟန်းတော်များနဲ့သာ
ဆိုင်တဲ့ ရဟန်းဝိနည်း
ကို လူတွေသိစရာ မလိုအပ်ပါဘူး။ လူတို့နဲ့သက်
ဆိုင်တဲ့ ရဟန်းဝိနည်းကိုတော့ လူဒါယကာတွေ
ပြည့်ပြည့်စုံစုံ သိနိုင်လေကောင်းလေပါပဲ။

Dr. အောင်သူ ။ ။ ဝိနည်းကို လူတွေ သိ
စရာ မလိုဘူးလို့လည်း
တချို့ဆရာတော်တွေမိန့်တာ ဖတ်ဖူးပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ နဝကော
သလ္လကျမ်းကို ရေးသား
ပြုစုတော်မူတဲ့ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးလည်း

အဲသလို ကြုံဖူးတယ်။ လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းစာအုပ်ကို ပြုစုခဲ့တဲ့ ဒီဘုန်းကြီး လည်း ကြုံခဲ့ဖူးတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုမျိုး ကြုံရတာပါလဲဘုရား။

ဆရာတော် ။ ။ သံဃအစည်းအဝေးကြီးတစ်ခုမှာ *“နဝကောဝါဒ လူလွှ ကျမ်းကို ရေးသားပြုစုတော်မူတဲ့ ဝိသုဒ္ဓါရုံဆရာတော်က လူတွေကို ဝိနည်းတရား ဟောရာရောက်တဲ့ အတွက် အပြစ်ရှိတယ်။ လူတွေဝိနည်းသိသွားရင် ရဟန်းတော်များကို ဝိနည်းနဲ့မညီဘူးဆိုပြီး ကဲ့ရဲ့ ပြစ်တင်လာလို့ လူတွေမှာ အကုသိုလ် များကုန် မယ်တဲ့၊ ဒါကြောင့် ဝိသုဒ္ဓါရုံဆရာတော် ရေးသား ပြုစုတော်မူတဲ့ကျမ်းကို ရုပ်သိမ်းရမယ်”*လို့ အဆို တင်ကြတယ်။

Dr. အောင်သူ ။ ။ ဘယ်သူက တင်တာလဲဘုရား။

ဆရာတော် ။ ။ လူတွေ ဝိနည်းသိမှာ စိုးရိမ်တော်မူကြတဲ့ ဆရာဘုန်းတော်ကြီးတွေက တင်ပြကြတာပါ။

Dr. အောင်သူ ။ ။ နဝကောဝါဒ လူလွှ ကျမ်းဆိုတာ ဘယ်လိုအဓိပ္ပာယ်ရပါသလဲဘုရား။

ဆရာတော် ။ ။ *'ရဟန်းငယ်များ ဝိနည်းအရာမှာ လိမ္မာရေး'* အကြောင်းရေးထားတဲ့ ကျမ်းစာအုပ်ပါပဲ။

Dr. အောင်သူ ။ ။ ကောင်းမွန်တဲ့ စာအုပ်ပါဘုရား။ ခုနကအစည်းအဝေးမှာ အဆိုတင်သွင်းတာ ဘယ်လိုဆုံးဖြတ်ပါသလဲဘုရား။

ဆရာတော် ။ ။ အဲဒီအစည်းအဝေးကြီးကို ဝိသုဒ္ဓါရုံဆရာတော်ကြီးကိုယ်တိုင် ကြွလာတော်မူပြီး သံဃာတော်များကို လျှောက်ထားတော်မူတယ်။

Dr. အောင်သူ ။ ။ ဘယ်လိုများ လျှောက်တော် မူပါသလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ဘုရားကြီးက *"ဝိနည်းတရားကို လူတွေဟောလို့ အပြစ်မရှိပါဘူး၊ ဘုရားလက်ထက်က ရှင်သာရိပုတ္တရာတို့ ကီဋာဂီရိ ဇနပုဒ်သွားပြီး လူတွေကို ဝိနည်းတရား ဟောခဲ့တာပဲ။ လူတွေ ဝိနည်းနားလည်လေ သာသနာပိုကောင်းလေပေါ့၊ ကီဋာဂီရိဇနပုဒ်မှာ အဿဇိပုနဗ္ဗသုကရဟန်းတွေကြောင့် သာသနာတော်ကြီး ပျက်စီးညှိုးမှိန်နေတာကို ဝိနည်းနားလည်တဲ့ ဒကာတစ်ယောက်က ဘုရားရှင်ထံ သတင်းစကားလျှောက်ကြား*

*စေလို့ သာသနာတော်ကြီး ပြန်လည်ထွန်းကား ခဲ့တယ်မဟုတ်လား။ အခုလည်းပဲ ရွှေလောင်းပွဲနှင်း ကြီးလို ဒကာတွေ များများရှိဖို့လိုတယ်၊ ဒါမှ သံဃာတွေ ဝိနည်းလေးစားပြီး သာသနာတော်ကြီး ပိုပြီး ထွန်းကားလာမယ်၊ လူတွေမှာ ဝိနည်းသိလို့ အကုသိုလ်မဖြစ်ပါဘူး၊ ဝိနည်းတော်အတိုင်း မကျင့်တဲ့ရဟန်းများသာ အကုသိုလ်ဖြစ်တော့မပေါ့၊ အဲဒီတော့ ဆရာတော်တို့ကလည်း သာသနာ တော်ကြီး ထွန်းကားရေးအတွက် ဝိနည်းတရား ကြီးစားဟောပြောဖို့ ကောင်းပါတယ်"* လို့ ဝိသုဒ္ဓါရုံ ဆရာတော်၏ ရှင်းလင်းချေပမှုကို ဘယ်သူကမှ အတွန့် မတက်နိုင်ကြဘူး။

Dr. အောင်သူ ။ ။ ဒါဆိုရင် နဝကောသလ္လ ကျမ်းကို ရုပ်သိမ်းစရာ မလိုတော့ဘူးပေါ့နော်ဘုရား။

ဆရာတော် ။ ။ မလိုတော့ပါဘူး။

Dr. အောင်သူ ။ ။ ဒီနေ့ခေတ် လူတွေ ဝိနည်းသိမှာ စိုးရိမ်ပြီး လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများ စာအုပ်ကိုလည်း ဆရာတော်ကြီးတွေက ရုပ်သိမ်း ခိုင်းတယ်ဆိုတာ ဟုတ်ပါသလားဘုရား။

ဆရာတော် ။ ။ လူတို့နဲ့ သက်ဆိုင်တဲ့ ရဟန်းဝိနည်း အပိုင်း

(၃)တို့ (၄)တို့ကို ဆက်မရေးဖို့ ဒီဘုန်းကြီးက ကတိပေးလိုက်ရတာပါ။

Dr. အောင်သူ ။ ။ အော် ဒါကြောင့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများစာအုပ် အပိုင်း (၃) မထွက်တော့တာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အပိုင်း (၃) နဲ့ အပိုင်း(၄) အတွက် စုစည်းထားတဲ့ စာမူတွေအားလုံးကို ဘုရားရင်ပြင်မှာ မီးပူဇော်လိုက်ရပါတယ်။

Dr. အောင်သူ ။ ။ စိတ်မကောင်းစရာပါပဲဘုရား။ ဒါယကာ၊ ဒါယိကာမတို့ ဝိနည်းသိမှသာလျှင် ကျေးဇူးများမယ်လို့ မြင်တော်မူကြတဲ့ ထေရ်ရှင်များလည်းရှိပြီး ဒါယကာ၊ ဒါယိကာမတို့ ဝိနည်းမသိမှသာလျှင် ကျေးဇူးများမယ်လို့ ထင်မြင်တဲ့ ထေရ်ရှင်များလည်း ရှိနေတာကို သိရပါတယ်ဘုရား။ ဘယ်ကဲ့သို့ပင် ဖြစ်စေကာမူ ဒီလိုစာကောင်းပေမွန် မထွက်နိုင်တာက ဗုဒ္ဓဘာသာဝင်တွေအတွက်သာမက သာသနာတော်အတွက်ပါ အလွန်အမင်းကြီးကို နစ်နာသွားပါတယ်ဘုရား။ အဲဒီဆရာတော်တို့က ဘယ်လိုများ ထပ်မိန့်ခဲ့ပါသလဲဘုရား။

ဆရာတော် ။ ။ *"လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများ စာအုပ်တွေရေးပြီး လူတွေကို ဝိနည်းသင်ပေးတာ အပြစ်ရှိတယ်ဆိုတာ မင်း နားမလည်ဘူးလား။ လူတွေ ဝိနည်းသိကုန်ရင် သူတို့ အကုသိုလ် ဖြစ်ကုန်မယ်။ ဘာလို့ လူတွေကို ဝိနည်းသင်ပေးတာလဲ၊ နောက်နောင်လူတွေကို ဝိနည်းမသင်နဲ့"တဲ့ ဒကာကြီး။*

Dr. အောင်သူ ။ ။ ကြားရတာ စိတ်မချမ်းသာစရာကြီးပါဘုရား။

ဆရာတော် ။ ။ ဝိနည်းလေးစားတော်မူတဲ့ ဆရာတော်၊ သံဃာတော်များကလည်း လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများစာအုပ်ကို အကြောင်းပြုပြီး ဒါယကာ၊ ဒါယိကာမများအတွက် ကုသိုလ်တိုးကြောင်း၊ ကျေးဇူးလည်း များလှကြောင်းကို လျှောက်ထားကြပါတယ်။ သာသနာစိတ်ဓာတ်ထက်သန်ကြတဲ့ လူဒါယကာ၊ ဒါယိကာမများကလည်း ဒီစာအုပ်မျိုး ဆက်လက် ရေးသားပေးဖို့ ဒီနေ့အထိ လျှောက်နေကြပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။ ရှေးခေတ်က ဝိသုဒ္ဓါရုံ ဆရာတော်ကြီး စာအုပ်ကတော့ ရုပ်သိမ်းခြင်း

မခံရပါသော်လည်း ယနေ့ တပည့်တော်တို့ ခေတ်မှာ ရှေ့ဆက်ထွက်လာမဲ့ လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများစာအုပ် အပိုင်း ၃၊ အပိုင်း ၄ တွေကိုတော့ ရုပ်သိမ်းခံလိုက်ရတာ အလွန် အင်မတန်မှ စိတ်မကောင်း ဖြစ်ရပါတယ် ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ လူတို့နှင့် သက်ဆိုင်တဲ့ ရဟန်း ဝိနည်း အပိုင်း ၃ နဲ့ ၄ ရုပ်သိမ်းခံရတဲ့ ဆယ်စုနှစ်ကြာတဲ့အခါမှာ "ဝိနည်းသင်ပုန်းကြီးဖတ်စာ အပိုင်း ၁" ထွက်လာတာပါ ဒကာကြီး။

Dr. အောင်သူ ။ ။ အပိုင်း ၂၊ အပိုင်း ၃ တွေလည်း ဖတ်ချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကြိုးစားပါ့မယ်ဒကာကြီး။

Dr. အောင်သူ ။ ။ သာဓု၊ သာဓု၊ သာဓု ပါ အရှင်ဘုရား။

---

**ကျမ်းညွှန်း**

* ဦးမာနိတသိရီဘိဝံသ၊ ဦးနန္ဒမာလာဘိဝံသ၏ စံကင်းဆရာတော် (၂၀၀၆) ဒုတိယအကြိမ်

## ၅။ ဝိနည်းတည်မှ သာသနာတည်မယ်

Dr. အောင်သူ ။ ။"ဝိနည်းတည်မှ သာသနာ တည်မယ်" လို့လည်း ဖတ်ဖူးတယ်။ တချို့ဆရာတော်တွေက ဝိနည်းကို ကျယ်ကျယ်ပြန့်ပြန့် သိမှာကိုလည်း စိုးရိမ်တော်မူတယ်လို့လည်း သိရပါတယ်ဘုရား၊ ဘယ်လိုနားလည်ရပါမလဲဘုရား။

ဆရာတော် ။ ။ သာသနာဆိုတာ အဆုံးအမဖြစ်ပါတယ် ဒကာကြီး။ မြတ်စွာဘုရားရှင်၏ နှုတ်တော်ထွက် စကား အဆုံးအမတို့ကို လေ့လာနေသူ၊ လိုက်နာကျင့်သုံးနေသူတွေ ရှိနေမှသာလျှင် သာသနာတည်တယ်၊ အဆုံးအမ တည်ပါတယ်။

Dr. အောင်သူ ။ ။ လိုက်နာ ကျင့်ကြံနေသူ မရှိတော့ရင် သာသနာ ကွယ်ပြီလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ ကမ္ဘာပေါ်က အချို့ဗုဒ္ဓဘာသာနိုင်ငံက တိုင်းသူပြည်သားတွေဟာ အခုအခါမှာ ဗုဒ္ဓဘာသာကို ပယ်စွန့်ပြီး အခြားဘာသာကို ကိုးကွယ်နေကြတယ်။ အဲဒီတိုင်းပြည်မှာ ပိဋကတ်တော်ပေစာထုပ်တွေ၊ ကျောက်စာတွေ ပြတိုက်မှာ ရှိနေတယ်။ ဘုရားဆင်းတုတော်တွေ၊ သာသနိက

အဆောက်အအုံအဟောင်းတွေ၊ စေတီအပျက်တွေလည်း ရှိနေပါတယ်။ သို့သော် လိုက်နာသူ၊ ကျင့်ကြံသူ မရှိတော့လို့ သူတို့ဆီမှာ ဗုဒ္ဓသာသနာတော် ကွယ်သွားပါပြီ။

Dr. အောင်သူ ။ ။ တပည့်တော်တို့ဆီမှာလည်းကျင့်ကြံသူ၊ လိုက်နာသူတွေ တဖြည်းဖြည်း အားနည်းလာတာကို ကြည့်ခြင်းအားဖြင့် သာသနာ ယိုယွင်းလာပြီလို့ ပြောနိုင်ပါသလားဘုရား။

ဆရာတော် ။ ။ ပြောနိုင်ပါတယ်။ ပြောနိုင်ပါတယ်။ ဆရာတော်ကြီးများရဲ့ အဆုံးအမကို ပြောပြမယ်လေ။

Dr. အောင်သူ ။ ။ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကျေးဇူးတော်ရှင် စံကင်းဆရာတော်ဘုရားကြီးက *"သာသနာကွယ်တယ်ဆိုတာဟာအခြားမဟုတ်ဘူး သာသနာနောက်ပိုင်းမှာ ရဟန်းတော်တွေ၊ လူတွေက ဘုရားရှင်စကား နားမထောင်၊ မလိုက်နာ၊ မကျင့်သုံးတော့တာကိုပဲ သာသနာကွယ်တယ်လို့ ဆိုရမယ်"*တဲ့။

Dr. အောင်သူ ။ ။ အလွန် နားလည်လွယ်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကျေးဇူးရှင် ဗာရာဏသီဆရာတော်က "သာသနာ

*ပျက်တယ်ဆိုတာ ကိုယ်တိုင် မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာသာသနာပျက်တာ၊ ရဟန်းက ငွေကြေးကို ကိုယ်တိုင်ကိုင်တွယ်တော့ ဇာတရူပ ရဇတသိက္ခာပုဒ် မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင် ကြဉ်ရင် မိမိသန္တာန်မှာ ဇာတရူပသိက္ခာပုဒ် သာသနာတော် တည်တာပဲ"*လို့ ဆိုဆုံးမတော် မူဖူးပါတယ်။

Dr. အောင်သူ ။ ။ မိမိ ဝိနည်းသီလ စောင့် ထိန်းမှ မိမိသန္တာန်မှာ ဝိနည်းသာသနာတည်တယ်လို့ ယူရမယ်ဆိုတာ သိပါပြီဘုရား။ ဒါဆိုရင် လူက ငါးပါးသီလ မလုံဘူး။ သတ်မယ်၊ ခိုးမယ်ဆိုရင် သူ့မှာ သီလ သာသနာပျက်ပြီလို့ နားလည်ရမှာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ခိုးနေရင် သူ့သန္တာန်မှာ ခိုးခြင်းကို ရှောင်ကြဉ်တဲ့ သီလသာသနာပျက်ပြီ။ ဆက်ပြောဦး မယ်နော်။ ကျေးဇူးရှင် နဘူးကျောင်းဆရာတော် ကလည်း *"တချို့ဘုန်းကြီးတွေက သာသနာကွယ်ရင် ဘယ်လိုကွယ်မှာလဲလို့ မေးကြတယ်၊ အခု အကျင့် ပဋိပတ်ထဲက ဓုတင်အကျင့်ကို ကျင့်တဲ့ရဟန်း အလွန်ရှားနေပြီ၊ ရဟန်းတွေ ဓုတင်ကို မကျင့် တော့ရင် ဓုတင်သာသနာ ကွယ်သွားပြီ"* လို့ မိန့်တော်မူဖူးပါတယ်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ကြီးက ရဟန်း၊ ရှင်၊ လူတို့ရဲ့ သန္တာန်မှာ သီလ၊ သမာဓိ၊ ပညာ ယုတ်လျော့လွန်းတာကို မြင်တော်မူလို့ "*သာသနာ အလင်းရောင် ကွယ်သွားပြီ၊ အခု တိမ်တောက်လို့ လင်းနေတာ*" လို့ လေးလေးနက်နက် မိန့်ကြားတော်မူဖူးတယ်။

Dr. အောင်သူ ။ ။ အံ့သြစရာကောင်းတဲ့ အဆုံးအမတွေပါပဲ ဘုရား။

ဆရာတော် ။ ။ နားထောင်ကြည့်ပါဦး။ ကျေးဇူးရှင် ပန်းကုံးဆရာတော်ကြီးက "*သာသနာ နေရောင်၊ လရောင် ကွယ်သွားပြီ၊ ဖယောင်းတိုင် မီးရောင်ပဲ ရှိတော့တယ်*" လို့ မိန့်တော်မူဖူးတယ်။

Dr. အောင်သူ ။ ။ သာသနာတည်တံ့ဖို့ အပြောနဲ့တင် ပြောနေလို့ မရတော့ဘူး၊ ကိုယ်တိုင် ကိုယ်စီ ကိုယ်စီ ကျင့်မှပဲ မိမိရင်ထဲ သာသနာတည်မယ်ဆိုတာ သိရတဲ့အတွက် ကျင့်သုံး လိုက်နာပါ့မယ်ဘုရား။

**ကျမ်းညွှန်း**

* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၅၁-၅၄)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်

## ၆။ ကပ္ပိယရဲ့ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်

Dr. အောင်သူ ။ ။ တောရကျောင်းတွေမှာ အမြဲတမ်း ပြည့်စုံတယ်လို့တော့ မရှိလောက်ဘူးနော်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ရဟန်းဆိုတာ ခြိုးခြံချွေတာပြီး နေတတ်ရတယ်။ နို့မဟုတ်ရင် ပစ္စည်းကုန်သွားတိုင်း ဒကာ ဒကာမတွေဆီ အလှူခံနေရရင် မတင့်တယ်ပါဘူး။ ငြိုငြင်ခံရတတ်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။ ဘုန်းကြီးက ခြိုးခြံချွေတာ သုံးရတာလား၊ ကပ္ပိယက ခြိုးခြံရတာလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယလိမ္မာရင်တော့ ကောင်းပါတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယလိမ္မာဖို့ ဘာလုပ်ပေးရသလဲဘုရား။

ဆရာတော် ။ ။ ဒါက သူ့စရိုက်၊ သူ့ဝါသနာ၊ သူ့ဗီဇနဲ့လာတာ ဒကာကြီး။

Dr. အောင်သူ ။ ။ ဘုန်းကြီးလှူထားတာကို ကပ္ပိယက သုံးကောင်း၊ စားကောင်းပါသလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး အာလယပြတ် ပေးစွန့်လိုက်ရင် သုံးကောင်းပါပြီ။ ဥပမာ ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲ ကပ်တယ်၊ ဘုဉ်းပြီးပိုတာက ကပ္ပိယအပိုင် ဖြစ်သွားပါပြီ။ ကပ္ပိယ သဘောဆန္ဒအတိုင်းပါပဲ။

Dr. အောင်သူ ။ ။ ကပ္ပိယက ဘုန်းကြီးကို မကုန်နိုင်အောင်အများကြီးကပ်ပြီး ပိုတာတော့ ငါ့ဖို့အပိုင်ဆိုရင် အာပတ်သင့်နိုင်ပါသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယဆိုမှတော့ ဘာ အာပတ် သင့်ရမလဲ၊ သူ စိတ်ကောင်းထားပြီး လုပ်သလောက် ဝေယျာဝစ္စကုသိုလ် ရနေတာပေါ့။ တစ်ခါတစ်ရံတော့လည်း ကပ္ပိယအမျိုးမျိုး ကြုံရတတ်ပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါ၊ အမိန့်ရှိပါဘုရား။

ဆရာတော် ။ ။ ပဲခူးဘက်က တောတစ်နေရာမှာ နေတုန်းက ဆွမ်း၊ ကွမ်းရှားတယ်။ ဒါနဲ့ မြို့ကဒကာမကြီးတစ်ယောက်က လေးထောင့်မုန့်ပုံးကြီးတစ်ပုံး လှူလိုက်တယ်။

Dr. အောင်သူ ။ ။ ကပ္ပိယ ရှိလို့လားဘုရား။

ဆရာတော် ။ ။ ရှိတော့ ရှိပါတယ်။ ဘုန်းကြီးကို ခန္တီပါရမီ

ပြည့်ဖို့ပို့ထားတဲ့ ကပ္ပိယလားလို့ အောက်မေ့မိဖူးတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယက ဘာလုပ်လို့လဲဘုရား။

ဆရာတော် ။ ။ ပြောလို့မကုန်နိုင်တဲ့ထဲက အခုအကြောင်းအရာနဲ့ ပတ်သက်တာ တစ်ခုပဲ ပြောပြမယ်လေ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ခုနမုန့်ပုံးက ကပ္ပိယကိုအပ်ထားရတာလေ။

နောက်နေ့ မနက်ကျတော့ မုန့်တွေထမင်း ပန်းကန်တစ်ချပ်စာကြီး ကပ်တယ်။ ဘုန်းကြီးက "ဒကာကြီး အဲသလောက်အများကြီး မကပ်ပါနဲ့လား။ သုံးလေးချပ်ဆို တော်ရောပေါ့" လို့ပြောတော့ မျက်နှာဟိုဘက်လှည့်ပြီး မကြားချင်ယောင် ဆောင်တယ်။ ကပ္ပိယ မကြိုက်ဘူးထင်တယ်ဆိုပြီး မပြောတော့ဘူးလေ။

Dr. အောင်သူ ။ ။ အခုလို ပြောမရရင် ဘာလုပ်လို့ရပါသလဲဘုရား။

ဆရာတော် ။ ။ ဘာလုပ်ရမလဲ၊ ကပ္ပိယကို ပြောမရရင် မပြောဘဲ နေလိုက်ရုံပေါ့ ဒကာကြီး။ သုံးရက်မြောက်တဲ့ နေ့ကျတော့ အချိုပွဲမုန့် မပါလာဘူး။ ဘုန်းကြီး

က မဝံ့မရဲမေးကြည့်တော့ *"အရှင်ဘုရားဥစ္စာ မနေ့ကတည်းက ကုန်ပြီ"*လို့ ဖြေတယ်။

Dr. အောင်သူ ။ ။ ဒါဆိုရင် သူက ကပ္ပိယရဲ့ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်ကို အပြည့်အဝ အသုံးချသွားတာလို့ ပြောရင် ရမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးလက်ကလွတ်ရင် ကပ္ပိယပစ္စည်း ဖြစ်ပြီလေ။ မုန့်တစ်ပန်းကန်လုံး ဘုန်းကြီးမကုန်နိုင်မှန်း သူသိနေသားပဲ။ ဘုန်းကြီးစွန့်ရင် အဲဒီမုန့် သူပိုင်ပြီ။ ဒါကြောင့် သူ့ကို ကပ္ပိယရဲ့ ရပိုင်ခွင့်နဲ့ လုပ်ပိုင်ခွင့်ဥပဒေကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ ကပ္ပိယလို့ ခေါ်နိုင်ပါတယ်။

ဆရာတော် ။ ။ ဘုန်းကြီးဆိုတာ ရောင့်ရဲတင်းတိမ်ခြင်း၊ သည်းခံခြင်းတို့နဲ့ပဲ အနိုင်ယူရပါတယ် ဒကာကြီး။

## ၇။ ကပ္ပိယလည်း ပစ္စည်းလေးပါး လျှောက်ထားသင့်တယ်

Dr. အောင်သူ ။ ။ ရဟန်းတစ်ပါး အနေနဲ့ ပစ္စည်းလေးပါးကို မိဘဆွေမျိုးများအပြင် အခြားသူများထံပါးမှာ အလှူခံခွင့် ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရဟန်းဘဝမှာလည်း ရံခါ မရှိမဖြစ် လိုအပ်လာတတ်တဲ့ ပစ္စည်းတွေကို သွေးသားတော်စပ်သူ ဆွေမျိုးဉာတိ ပစ္စည်းလေးပါးလျှောက်ထားသူ ပဝါရိတတို့ဆီက အလှူခံခွင့် ရှိပါတယ်။

Dr. အောင်သူ ။ ။ ပစ္စည်းလေးပါး လျှောက်ထားပြီးရင် ဘုန်းကြီးက ကြိုက်သလောက် အလှူခံလို့ ရပါသလားဘုရား။

ဆရာတော် ။ ။ သွေးသား တော်စပ်တဲ့ ဉာတိဆီက ဖြစ်ဖြစ်၊ ပစ္စည်းလေးပါးလျှောက်ထားသူ ပဝါရိတတို့ဆီက ဖြစ်ဖြစ် ကြိုက်သလောက် အလှူခံခွင့် မရှိပါဘူး။ သူတို့ရဲ့ သဒ္ဓါတရားကို ငဲ့ကွက်ပြီး ချင့်ချင့်ချိန်ချိန်ပဲ အလှူခံခွင့် ရှိပါတယ်။

Dr. အောင်သူ ။ ။ ဘယ်လို ချင့်ချိန်ရမလဲ ဘုရား။

ဆရာတော် ။ ။ အလှူရှင်တို့ရဲ့ သဒ္ဓါတရားနဲ့ အလှူ ပစ္စည်းတို့ရဲ့ဆက်စပ်မှုကို အလှူခံပုဂ္ဂိုလ်က နည်း (၄) နည်းနဲ့ ဆန်းစစ်တတ်ရပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပထမဦးဆုံးနည်းက လှူဖွယ်ပစ္စည်း ရှိသော်

လည်း သဒ္ဓါတရားမရှိတဲ့ ဒါယကာက ရဟန်းထံပါး *'အလှူခံတော်မူပါဘုရားလို့'* မကြာခဏ လျှောက်ထားလာရင် အနည်းငယ်မျှ အလှူခံပေးခြင်းဖြင့် ချီးမြှောက်ရမယ်တဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒုတိယက လှူဖွယ်ပစ္စည်း မရှိသော်လည်း သဒ္ဓါတရားရှိတဲ့ ဒါယကာက ရဟန်းထံပါး *'အလှူခံတော်မူပါဘုရားလို့'* မကြာခဏ လျှောက်ထားလာရင် အနည်းငယ်မျှ အလှူခံပေးခြင်းဖြင့် ချီးမြှောက်ရပါမယ်တဲ့။

Dr. အောင်သူ ။ ။ ဒုတိယနည်းကိုလည်း မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ တတိယနည်းက လှူဖွယ် ပစ္စည်းလည်းမရှိ သဒ္ဓါတရားလည်း မရှိတဲ့ ဒါယကာက ရဟန်းထံပါး *'အလှူခံတော်မူပါဘုရားလို့'* မကြာခဏ လျှောက်ထားလာရင် အနည်းငယ်မျှ အလှူခံခြင်းဖြင့် ချီးမြှောက်ပေးရပါမယ်တဲ့။

Dr. အောင်သူ ။ ။ တတိယနည်းကိုလည်း မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ နောက်ဆုံး စတုတ္ထနည်းကတော့ လှူဖွယ်ပစ္စည်းလည်းရှိတယ်၊ သဒ္ဓါတရားကလည်းရှိတဲ့ ဒါယကာက ရဟန်းထံပါး အလှူခံဖို့ မကြာခဏ လျှောက်ထားလာရင် ဘယ်လို အလှူခံရမလဲဆိုရင် . . . ။

Dr. အောင်သူ ။ ။ အများကြီး အလှူခံလို့ရပြီလားဘုရား။

ဆရာတော် ။ ။ ရဟန်းကို အများကြီးအလှူခံဖို့ မြတ်စွာဘုရားက ဘယ်အခါမှာမှ ခွင့်ပြုတော်မမူပါဘူး။

Dr. အောင်သူ ။ ။ ဘယ်လိုများ ခွင့်ပြုတော်မူပါသလဲဘုရား။

ဆရာတော် ။ ။ မိမိရဲ့ လိုအပ်ချက်အားလျော်စွာ လိုအပ်သမျှကိုသာ အလှူခံခြင်းဖြင့် ချီးမြှောက်ပေးရပါမယ်တဲ့။

Dr. အောင်သူ ။ ။ အလွန်ကြည်ညိုစရာကောင်းတဲ့ အဆုံးအမပါဘုရား။ လက်အုပ်ချီမိုး ရှိခိုးပါတယ်ဘုရား။

ဆရာတော် ။ ။ စာထဲက ဥပမာကို ပြောပြဦးမယ်နော်။

Dr. အောင်သူ ။ ။ မှန်လှပါအရှင်ဘုရား။

ဆရာတော် ။ ။ ဒါယကာများထံပါးက အလှူခံတဲ့အခါ ပျား

ပိတုန်းများ ပန်းပွင့်ထဲက ပန်းဝတ်ရည် စုပ်ယူသလို အလှူခံရမယ်တဲ့။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပန်းပွင့်ကို မပျက်စီးစေဘဲ မိမိအလိုရှိတဲ့ ဝတ်ရည်ကို ပျားပိတုန်းတွေ ဆောင်ယူသလို ဒါယကာတို့ရဲ့ သဒ္ဓါတရားကို မထိခိုက်စေဘဲ ရဟန်းဘဝ အသက်မွေးမြူရမယ်လို့ စာမှာ လာရှိပါတယ်။

Dr. အောင်သူ ။ ။ မှန်လှပါ၊ မှတ်သားပါ့မယ်ဘုရား။ ပစ္စည်းလေးပါးလို့သာ ပြောနေတာ ဘာတွေက ပစ္စည်းလေးပါးလဲဆိုတာ ကွဲကွဲပြားပြား မသိသေးပါဘုရား။

ဆရာတော် ။ ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်းနဲ့ ဆေးတွေပါပဲ။

Dr. အောင်သူ ။ ။ လူတွေဆိုရင် စား၊ ဝတ်၊ နေရေး၊ ဆေးကုသရေးဖြစ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။

Dr. အောင်သူ ။ ။ ပစ္စည်းလေးပါး လျှောက်တယ်ဆိုတာ ဘယ်လို လျှောက်တာ အသင့်တော်ဆုံးပါလဲဘုရား။

ဆရာတော် ။ ။*"ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လိုအပ်ပါက တပည့်တော်ထံ အလှူခံတော်မူပါ ဘုရား"*လို့ လျှောက်ရင်ရပါပြီ။

Dr. အောင်သူ ။ ။ တပည့်တော်က ကျောင်း မလှူနိုင်သေးဘူး၊ ဒါကြောင့် အဲဒါချန်ထားပြီး လျှောက်လို့ရသလား ဘုရား။

ဆရာတော် ။ ။ ရတယ်၊ ရတယ်၊ ဆွမ်းကို လျှောက်တာမှာလည်း ဆွမ်းဟင်းပဲ အလှူခံတော်မူပါလို့ လျှောက်လည်းရတယ်။ သင်္ကန်းမှာလည်း ဧကသီပဲ အလှူခံတော်မူပါဘုရားလျှောက်လည်း ရတာပါပဲ။ကိုယ်နိုင်တာ လျှောက်ရတာပေါ့။

Dr. အောင်သူ ။ ။ တပည့်တော်က ရဟန်းတစ်ပါးကို ပစ္စည်းလေးပါး လျှောက်ထားပြီးနောက် မလှူနိုင်တာကို အလှူခံလာရင် ဘယ်လိုလုပ်ရပါမလဲဘုရား။

ဆရာတော် ။ ။ ရဟန်းက မဆင်မခြင် အလှူခံလို့ မရဘူး၊ ဒကာ ဒကာမလှူနိုင်တာကို အလှူခံလာရင်လည်း တောင်းပန်လျှောက်ထားပြီး မလှူဘဲ နေလို့ရပါတယ်။

Dr. အောင်သူ ။ ။ တင်ပါဘုရား။
ဆရာတော် ။ ။ ကပ္ပိယကလည်း ဘုန်းကြီးကို ဝိနည်းအရ လျှောက်ရတာ ရှိသေးတယ်။
Dr. အောင်သူ ။ ။ ကပ္ပိယကလည်း ပစ္စည်းလေးပါး လျှောက်ထားရတာပါလားဘုရား။
ဆရာတော် ။ ။ လျှောက်ထားရင် အကောင်းဆုံးပဲ။
Dr. အောင်သူ ။ ။ မလှူနိုင်ရင် မျက်နှာပူစရာ ဖြစ်နေပါဦးမယ်ဘုရား။
ဆရာတော် ။ ။ မျက်နှာပူစရာ မဟုတ်ပါဘူး။ သူက ဝိနည်းလမ်းကြောင်းအရ လိုအပ်လို့ လျှောက်ရတာပါ။
Dr. အောင်သူ ။ ။ ဘယ်လိုများ ဝိနည်းလမ်းကြောင်းအရ လိုအပ်တာပါလဲဘုရား။
ဆရာတော် ။ ။ ကပ္ပိယဆွမ်းကပ်တယ်၊ ဘုန်းကြီးက ငရုတ်သီးအစပ် ဘုဉ်းပေးချင်တယ် ဆိုပါစို့။
Dr. အောင်သူ ။ ။ မှန်ပါ။ ကျောင်းမှာ ငရုတ်သီးမရှိဘဲ၊ ကျောင်းနား

က သူများအခင်းထဲက ငရုတ်ပင်မှာ ငရုတ်သီးရှိ တယ်ဆိုရင် ကပ္ပိယကို ယူခိုင်းလို့ ရပါသလားဘုရား။

ဆရာတော် ။ ။ အဲဒါ တော်တော် ခက်တယ်။ ခြံရှင်က ပစ္စည်းလေးပါး လျှောက်ထားရင်တော့ တစ်မျိုးပေါ့။

Dr. အောင်သူ ။ ။ ကပ္ပိယကို ယူခိုင်းရင် မရပါလားဘုရား။

ဆရာတော် ။ ။ ဒါကြောင့် ပြောတာ ကပ္ပိယက ပစ္စည်းလေးပါး လျှောက်ထားရင် ကပ္ပိယဆီက အလှူခံရင် ရတယ်။ ဝိနည်းလမ်းကြောင်းအရလည်း သံသယ ဖြစ်စရာ မလိုဘူးလေ။

Dr. အောင်သူ ။ ။ ပစ္စည်းလေးပါးထဲမှာ ငရုတ်သီးလည်း ပါသလားဘုရား။

ဆရာတော် ။ ။ ပါတယ်၊ ဒါကြောင့် ဝိနည်းလေးစားတော်မူတဲ့ ဆရာတော်၊ သံဃာတော်များက "*တပည့်တော်ထံပါး ပစ္စည်းလေးပါးနဲ့တကွ လိုအပ်ရာရာ အပ်စပ်သောပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား။ ဝေယျာဝစ္စများကိုလည်း စေခိုင်းတော်မူပါဘုရား*"လို့ လျှောက်ထားတာ

ကို နှစ်သက်တော်မူကြပါတယ်။ ကပ္ပိယကလည်း အခုလို လျှောက်ထားရင်တော့ ပိုလို့ ကောင်းမွန် ပြည့်စုံတာပေါ့ ဒကာကြီး။

Dr. အောင်သူ ။ ။ ဒီထက်တိုတိုနဲ့ လိုရင်းရောက်အောင် လျှောက်တဲ့နည်းများ ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိပါတယ်၊ နဘူးကျောင်းဆရာတော်ကြီးက *"ပစ္စည်းလေးပါး အလှူခံတော်မူပါ"* ဆိုရင် လေးပါးသာ သန့်သန့်ဖြစ်နေတဲ့အတွက် သံသယဖြစ်စရာ ကြုံရတတ်တယ်၊ *"လိုတာရှိရင် ပြောပါ"* ဆိုတဲ့ လျှောက်ထားပုံက လိုရာ အလှူခံလို့ရတာပေါ့"လို့ မိန့်ကြားတော်မူဖူးတယ်။

Dr. အောင်သူ ။ ။ *"လိုတာရှိရင် ပြောပါ* တော့ မကောင်းလှပါဘူးဘုရား"၊ *"လိုတာရှိရင် အလှူခံတော်မူပါဘုရား"* ဆိုရင် ပိုလို့ သင့်မြတ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ သင့်ပါတယ် ဒကာကြီး။ သာဓကတစ်ခု ပြောပြဦးမယ်နော်။ ဘုရားလောင်းတော် အင္ဂီသေန သတို့သား ရသေ့ရဟန်းပြုပြီး ဟိမဝန္တာတောမှာ သီတင်းသုံးနေပြီး တစ်ခုသောကာလမှာ မင်းဥယျာဉ်တော်ကို ကြွရောက် သီတင်းသုံးတော်

မူတယ်။ ရှင်ဘုရင်က ကြည်ညိုပြီး အလိုရှိရာရာ ပစ္စည်း အလှူခံဖို့အကြောင်း အကြိမ်ကြိမ် လျှောက်ထားပေမဲ့လည်း ဘာမှအလှူမခံဘူး။ ဒါကြောင့် ရှင်ဘုရင်က *“ဘာကြောင့် တပည့်တော်ဆီမှာ အလှူမခံတာပါလဲဘုရား”*လို့ မေးလျှောက်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရသေ့က“အသင်မင်းကြီး တောင်းတဲ့သူကို ပေးလှူရတဲ့သူက ငြိုငြင်တတ်သလို၊ တောင်းတိုင်းမရရင်လည်း တောင်းသူက ပေးလှူသူကို ငြိုငြင်တတ်ပါတယ်၊ ဒါကြောင့် ငြိုငြင်ခြင်းကို အလိုမရှိလို့ မတောင်းတာ၊ အလှူမခံတာပါ”လို့ မိန့်တော်မူလိုက်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ သီလကို မြတ်နိုးတော်မူကြတဲ့ အရှင်မြတ်များအတွက် မှတ်သားဖွယ် စံနမူနာထားအတုယူစရာ အဆုံးအမပါဘုရား။ သာဓု၊ သာဓု၊ သာဓု ပါဘုရား။

**ကျမ်းညွှန်း**

* သန္တောသနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ (နှာ-၅၆၇)
* သာသနာပဋ္ဌာန၊ ပဋိနိဒ္ဒေသဝါရ၊ နေတ္တိပါဠိ (နှာ-၁၅၉)
* (၅၅)၊ အဋ္ဌိသေနဇာတကဝဏ္ဏနာ၊ သတ္တကနိပါတ၊ ဇာတကဋ္ဌကထာ (၃) နှာ-၃၃၁၊
* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၂၀၀)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်

## ၈။ ကပ္ပိယက သီလလည်း ဖြူစင်ရမယ်၊ စိတ်ဓာတ်လည်း ကောင်းရမယ်

Dr. အောင်သူ ။ ။ ရဟန်းတော်များရဲ့ အနားမှာနေတဲ့ ကပ္ပိယက သီလဖြည့်ကျင့်ပြီးမှ နေရတာပါလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယဆိုတာ သီလစင်ကြယ်ရုံတင် မကဘူး၊ စိတ်ဓာတ်ပါဖြူစင်ရင် ကောင်းတယ်။

Dr. အောင်သူ ။ ။ သီလဖြူစင်တာကိုတော့ နားလည်ပါတယ်ဘုရား။ စိတ်ဓာတ်ဖြူစင်တာကို နားမလည်ပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ သာဓကတစ်ခု ပြောပြပါမယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဘုန်းတော်ကြီးဦးသီလထံပါးမှာ ဦးအာကာ က ကပ္ပိယအဖြစ် တောထဲအထိ လိုက်နေတယ်။ တောကကြီးပြီး ညညကျားတွေလာတတ်လို့ ကပ္ပိယကြီးက နေ့ခင်း ထင်းခွေထားပြီး ညအခါ မီးထည့်လေ့ရှိတယ်။

Dr. အောင်သူ ။ ။ ဆောင်းတွင်းအခါပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆောင်းတွင်းမို့ မီးလှုံဖို့ရယ်၊ ကျားတွေမလာစေဖို့ ရည်ရွယ်ပြီး မီးဖိုထားတာ၊ တစ်ညတော့ ကျားကြီးတစ်ကောင်က မီးဖိုရှိရာ တည့်တည့်ကြီး ဝင်လာပြီး ဝပ်ပြီးထိုင်နေတယ်။ ကပ္ပိယက ကြောက်လွန်းလို့ အော်လည်း မအော်ရဲရှာဘူး။ စိတ်တထိတ်ထိတ်နဲ့ပဲ သူတတ်သမျှ မှတ်သမျှကို စိတ်ထဲ ရွတ်ဖတ်နေတော့တယ်။

Dr. အောင်သူ ။ ။ ကျားကြီးက ဘာလုပ်သလဲဘုရား။

ဆရာတော် ။ ။ ဘာမှမလုပ်ဘူး၊ မီးဖိုဘေး ပါးစပ်ဟလျက် မှိန်းနေတယ်။

Dr. အောင်သူ ။ ။ ကျားကြီးလည်း မီးလှုံတာထင်တယ်၊ ဆရာတော်ကြီးက မသိဘူးလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး လေးတိုင်စင် ကျောင်းလေးမှာ တရားရှုမှတ်တော်မူနေတာလေ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ကျားက မျက်စိမှိတ်ပြီး မီးဖိုဘေး ပါးစပ်ဟပြီး

မှိန်းနေတာကို ကပ္ပိယကြီးက *'ဒီမီးဖိုထဲက မီးကျီးခဲတွေကော်ပြီး ကျားကြီးပါးစပ်ထဲကို ထည့်လိုက်ရ'* လို့ သူ့စိတ်ထဲ စိတ်ကူးခါရှိသေးတယ် ကျားကြီးက ထပြီးဟိန်းတော့တယ်။

Dr. အောင်သူ ။ ။ ကျားကြီးက ကပ္ပိယရဲ့ စိတ်ယုတ်မာတာကို သိသွားတာ ထင်တယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်လိမ့်မယ်။ ဒါနဲ့ *"ကပ္ပိယကြီး ဘာလို့ မကောင်းကြံပြီး ပြစ်မှားရတာလဲ၊ ကိုယ့်အလုပ်ကိုယ် လုပ်တာမဟုတ်ဘူး။ တောင်းပန်လိုက်၊ တောင်းပန်လိုက်"* လို့ မိန့်တော်မူတယ်။

Dr. အောင်သူ ။ ။ ကျားကြီး တိတ်သွားသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယကြီး တောင်းပန်ပြီး မေတ္တာပွားလိုက်မှ ကျားကြီး ငြိမ်သွားတယ်။ ဒါကြောင့် ထေရ်ရှင်များရဲ့ အနားမှာနေကြတဲ့ ကပ္ပိယတွေ စိတ်ထားစင်ကြယ်ရမယ်လို့ ပြောတာ။

Dr. အောင်သူ ။ ။ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သီလစင်ကြယ်ဖို့လိုတာကိုလည်း ပြောပြဦးမယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သာသနာတော်မှာ ထင်ရှားတဲ့ ကန္ဒီဆရာတော်ကြီးက ကပ္ပိယ ကိုသာပြန့်ကို "*ဒကာကြီး၊ ခုလိုဘုန်းကြီးနောက်လိုက်ပြီး ဝေယျာဝစ္စလုပ်ရတာ အလွန် ကံထူးတယ်။ ဝေယျာဝစ္စလည်းလုပ်၊ တရားလည်း အားထုတ်ပေါ့*" လို့ မိန့်တော်မူတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယက တရားလည်း အားထုတ်ရမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒါနဲ့ ဆရာတော်ကြီးက "*ကုသိုလ် အကုသိုလ်ဆိုတာ နည်းနည်းလေးပဲလို့ အထင်မသေးနဲ့နော်။ လက်ယက်တွင်းလိုပဲ။ လက်ယက်တွင်း တူးတဲ့အခါ သူနဲ့တစ်ကြောတည်း ဆက်နေတဲ့ နေရာအားလုံးက ရေတွေဟာ သဘောတူရာ အကုန်လိမ့်ဆင်းပြီး စိမ့်ဝင်လာတာပဲ၊ တစ်ခုသတိထားဖို့က အနည်းဆုံး ငါးပါးသီလလောက်မှ စင်ကြယ်အောင် မစောင့်နိုင်လို့တော့*

*အကျိုးမများဘူး။ သီလရှိမှ သမာဓိရ၊ သမာဓိရှိမှ ပညာရနိုင်တာ”လို့* ကပ္ပိယ ကိုသာပြန့်ကို ဆုံးမတော်မူပါတယ်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။ ရဟန်း အနားမှာနေတဲ့ ကပ္ပိယ အနေနဲ့ သီလလည်းလုံ၊ စိတ်လည်း စင်ကြယ်ရမယ်လို့ တပည့်တော်နားလည်ပါပြီဘုရား။ ကြိုးစားပါ့မယ်ဘုရား။

## ၉။ ဝေယျာဝစ္စပြုတဲ့ ‌တောတိရစ္ဆာန်များ

Dr. အောင်သူ ။ ။ ကပ္ပိယက လူယောကျ်ားကပဲ လုပ်ရတာပါလားဘုရား။

ဆရာတော် ။ ။ ရဟန်းတော်များအတွက် ဝိနည်းနဲ့အညီ အပ်စပ်အောင်ပြုပေးနိုင်သူတိုင်းက ကပ္ပိယပါပဲ။

---

**ကျမ်းညွှန်း**

* ဓမ္မာစရိယဦးဌေးလှိုင်၏ ဘုန်းတော်ကြီးဦးသီလ၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၂၁၆) ၁၉၉၃-ခုနှစ်၊ နဝမအကြိမ်

* ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာဦးသာရွှန်း၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၁၈၈) ၁၉၉၃-ခုနှစ်၊ နဝမအကြိမ်

Dr. အောင်သူ ။ ။ ဒါဆိုရင် တောထဲမှာ သီတင်းသုံးတော်မူတဲ့ ရဟန်းတော်များကို လိမ္မာတဲ့ တောတိရစ္ဆာန်တွေက ကပ္ပိယလို ဆောင်ရွက်ပေးတာများ ရှိဖူးပါသလားဘုရား။

ဆရာတော် ။ ။ တောတိရစ္ဆာန် တစ်ကောင်က ကပ္ပိယလို အပ်စပ်အောင် ဆောင်ရွက်ပေးတာမျိုး တိတိကျကျ မဟုတ်သော်လည်း ကူညီစောင့်ရှောက်ပေးတဲ့သာဓကများ ရှိခဲ့ဖူးပါတယ်။

Dr. အောင်သူ ။ ။ မှန်လှပါ၊ သာဓကရှိရင်လည်းသိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ မက္ကဋ္ဋ ဒေဝပုတ္တ အကြောင်း ပြောပြမယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါ၊ အဲဒီ မက္ကဋ္ဋဒေဝပုတ္တပါဠိရဲ့ အဓိပ္ပာယ်ကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဒေဝပုတ္တ ဆိုတာက မြန်မာလို နတ်သား၊ မက္ကဋ္ဋဆိုတာက မျောက်ဆိုတော့ မျောက်ဘဝကနေ ဖြစ်လာတဲ့ နတ်သားပါ။

Dr. အောင်သူ ။ ။ မျောက်က ဘာကောင်းမှုတွေလုပ်လို့ နတ်သားဖြစ်သွားတာလဲဘုရား။

ဆရာတော် ။ ။ မြတ်စွာဘုရားရှင် ပလလဲတောမှာ တစ်ပါးတည်း သီတင်းသုံးတော်မူစဉ် အခါကာလက မျောက်တစ်ကောင်က ပျားလပို့ကို တောင့်ကပ်ပျော ရွက်ထဲထည့်ပြီး ဆက်ကပ်ဖူးတယ်။

Dr. အောင်သူ ။ ။ ဘုရားရှင်က ဘုဉ်းပေးတော်မူပါသလားဘုရား။

ဆရာတော် ။ ။ ဘုဉ်းပေးသုံးဆောင်တော်မူပါတယ်။ ဒါကြောင့် မျောက်က နောက်ရက်တွေမှာလည်း ပျားလပို့လိုက်ရှာတာ သစ်ပင်အမြင့်တစ်နေရာမှာ ရှာတွေ့လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သစ်ကိုင်းတွေပေါ်မှာ ကခုန်နေတော့သတဲ့။

Dr. အောင်သူ ။ ။ လျှုဒါန်းရတာကို ပျော်လွန်းလို့ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်လိမ့်မယ်။ အဲသလိုကနေတုန်းမှာ သစ်ကိုင်းကျိုးပြီး သစ်ငုတ်ပေါ်ကိုကျလို့ ထုတ်ချင်း လျှိုဖောက် သွားရှာတယ်။ မြတ်စွာဘုရားပေါ်မှာ

ကြည်ညိုတဲ့ စိတ်နဲ့ပဲသေလွန်ပြီး တာဝတိံသာ နတ်ပြည်မှာ ယူဇနာသုံးဆယ်ရှိတဲ့ ရွှေဗိမာန်နဲ့ နတ်သမီးတစ်ထောင် ခြံရံလျက် နတ်သားဖြစ် ပါတယ်။

Dr. အောင်သူ ။ ။ ဒါကြောင့်သူ့နာမည်က မဏ္ဍုကဒေဝပုတ္တ နတ်သားလို့ ခေါ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ ဒီလိုပဲ ပလလဲဆင်မင်းလည်း မြတ်စွာဘုရား ရှင်အား ရေပူ၊ ရေအေး၊ သစ်သီးဆွမ်းတွေကို ဆက်ကပ် လှူဒါန်းခဲ့ပါသေး တယ်။ နောက်တစ်ခု သတိရလာတာက ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို ခွေးတစ်ကောင်က စောင်ရှောက်တဲ့ ဖြစ်စဉ်ပါပဲ။

Dr. အောင်သူ ။ ။ ဘုရားလက်ထက်ကပဲလားဘုရား။

ဆရာတော် ။ ။ ပစ္စေကဗုဒ္ဓါပွင့်တော်မူမှတော့ ဘုရားရှင်များရဲ့ သာသနာ မရှိတော့ဘူးလေ။

Dr. အောင်သူ ။ ။ တင်ပါဘုရား။

ဆရာတော် ။ ။ တောထဲက နွားကျောင်းသား တစ်ယောက်က ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို အမြဲဆွမ်းကပ်

လေ့ရှိတယ်။ သူ့မှာ ခွေးတစ်ကောင်ရှိတယ်။ အဲဒီခွေးကအရှင်မြတ်ကို ပင့်ဆောင်တဲ့တာဝန်ကိုယူနိုင်တယ်။

Dr. အောင်သူ ။ ။ ခွေးက လူခိုင်းတာကို နားလည်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ အရှင်မြတ်ကြွလာမဲ့ လမ်းမှာ သားရဲတိရစ္ဆာန်တွေ ရှောင်ရှားဖို့ရာ ခွေးက အသံပြုတဲ့အနေနဲ့ ဟောင်တယ်၊ အူတယ်။ ပစ္စေကဗုဒ္ဓါ သီတင်းသုံးတော်မူရာ ကျောင်းသခ်မ်းတံခါးဝရောက်ရင် သုံးကြိမ်တိုင်တိုင် ဟောင်ပြီး သူရောက်လာပြီဖြစ်ကြောင်း အသိပေးတယ်။ ဟုတ်တယ်။ ပင့်တဲ့အခါ တောထဲက ခြေသွားလမ်း လွဲသွားရင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့ သက်န်းစွန်းကို ကိုက်ပြီး လမ်းဖြောင့်လမ်းမှန်ကို ရောက်အောင်အထိ ပင့်နိုင်တယ်။

Dr. အောင်သူ ။ ။ခွေးက တော်တော်လိမ္မာတာပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။

---

**ကျမ်းညွှန်း**

* ပါလိလေယျသုတ္တဝဏ္ဏနာ၊ ခဇ္ဇနီမဝဂ္ဂ၊ ခန္ဓဝဂ္ဂသံယုတ္တအဋ္ဌကထာ(အတွဲ-၂၊နှာ၂၈၀)

* ကုက္ကုရဝတ္ထု... 

## ၁၀။ ကပ္ပိယနှင့် ဒုလ္လဘရဟန်း

M.A ကျောင်းသား ။ ။ ဒုလ္လဘရဟန်းဝတ်နဲ့ ကပ္ပိယလုပ်လို့ရသလား ဘုရား။ ကျောင်းပိတ်တဲ့အခါမှာ တပည့်တော် လည်း ဒုလ္လဘရဟန်းဝတ်နဲ့ ကပ္ပိယလုပ်မလို့ စဉ်းစားနေတာပါဘုရား။

ဆရာတော် ။ ။ မရဘူး၊ ဒုလ္လဘရဟန်း ဖြစ်နေပါစေ၊ ရဟန်း တစ်ပါး စောင့်ထိန်းထားရတဲ့သီလနဲ့ ကပ္ပိယ တာဝန် ဆောင်ရွက်လို့ မရနိုင်ပါဘူး။

M.A ကျောင်းသား ။ ။ ဒုလ္လဘရဟန်းက ဘုရား လက်ထက်က ရှိခဲ့ဖူးပါ သလားဘုရား။

ဆရာတော် ။ ။ ရှိတယ်၊ လဲဘူးဆရာတော် ကြီးမိန့်တော်မူဖူးတာက *"ဒုလ္လဘရဟန်း ပြုတယ်ဆိုတာကလည်း ဘုရားရှင် လက်ထက်က စခဲ့တာပါပဲ ဦးခေမာ၊ စိတ္တဟတ္ထ မထေရ် အလောင်းအလျာဟာ ခြောက်ကြိမ်တိုင် တိုင် လူထွက်ပြီး ခုနစ်ကြိမ်ကျမှ ရဟန္တာဖြစ်တာ လေ။ ဘုရားရှင်ရဲ့ သာသနာတော်မှာ ပါရာ ဇိကသာမကျသေးရင် ဘယ်နှစ်ကြိမ် ဝတ်သည်*

*ဖြစ်စေ ဘုရားရှင်က ခွင့်ပြုတော်မူထားပြီး ဖြစ်ပါတယ်။”*

M.A ကျောင်းသား ။ ။ ဒုလ္လဘဆိုတာက ဘယ်လိုအဓိပ္ပာယ် ရပါသလဲဘုရား။

ဆရာတော် ။ ။ ရဖို့ခဲယဉ်းတာကို ခေါ်တယ်။ လောကမှာ ရဖို့ခဲယဉ်းတဲ့ ဒုလ္လဘတရား (၅)ပါး ရှိပါတယ်။

M.A ကျောင်းသား ။ ။ အဲဒီငါးပါးကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ၁။ ဘုရားသာသနာတော်နှင့် ကြုံကြိုက်ဖို့ရန်ခဲယဉ်းတာကို ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတဲ့၊ ၂။ လူ့ဘဝရဖို့ခဲယဉ်းတာကို မနုဿတ္တ ဒုလ္လဘတဲ့၊ ၃။ ရဟန်းအဖြစ်ရဖို့ ခဲယဉ်းတာကို ပဗ္ဗဇ္ဇိတ ဒုလ္လဘတဲ့၊ ၄။ ကုသိုလ်ဖြစ်ဖို့ ခဲယဉ်းတာကို ခဏသမ္ပတ္တိ ဒုလ္လဘတဲ့၊ ၅။ ဘုရားဟောတရားတော်များကို စိတ်ပါဝင်စားစွာဖြင့် နာယူဖို့ခဲယဉ်းတာကို သဒ္ဓမ္မသဝန ဒုလ္လဘတဲ့ မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ ဒါဆိုရင် ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့

ဒုလ္လဘတရားငါးပါးထဲက ရဟန်းဘဝရဖို့ ခဲယဉ်းတဲ့ ပဗ္ဗဇ္ဇိတဒုလ္လဘကို ခေါ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ အခုအခါ ခေတ္တခဏ သင်္ကန်းဝတ်တဲ့ရဟန်းများကို ဒုလ္လဘရဟန်းလို့ ခေါ်ကြတာပါ။

## ၁၁။ အရှုဏ်နှင့် ကပ္ပိယတာဝန်

Dr. အောင်သူ ။ ။ တချို့ကလည်း အာရုံတက်တယ်လို့ ပြောကြတယ်။ တချို့ကလည်း အာရုဏ်လို့ရေးကြတယ်။ ဘယ်ဟာက မှန်သလဲဘုရား။ ပြီးတော့ အာရုံတက်တာနဲ့ ကပ္ပိယတာဝန် ဆက်စပ်ပါသလားဘုရား။

ဆရာတော် ။ ။ မေးခွန်း နှစ်ခုစလုံးကို တစ်ပေါင်းတည်း ဖြေပေးမယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အာရုဏ်ရော အာရုံရော နှစ်ခုစလုံး မှားပါတယ်။

---

ကျမ်းညွှန်း

* ဓမ္မပဒအဋ္ဌကထာ(အတွဲ-၁၊ နှာ-၁၉၄)
* ကေကနိပါတအဋ္ဌကထာ၊ အဇ္ဈရာသယ်တဝဂ္ဂဝဏ္ဏနာ (နှာ-၄၆)

ဒီစာလုံးက ပါဠိဘာသာက လာတာပါ။ ပါဠိမှာ အရုဏလို့ သုံးနှုန်းတယ်။ ဒါကို မြန်မာမှုပြုထားတာ ဖြစ်တယ်။ အသုံးအနှုန်းနဲ့ မြန်မာစာရေးထုံး အမှန်က အရုဏ်ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ ဒါဆိုရင် အရုဏ်တက်တယ်လို့ ပြောရမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အရုဏ်နဲ့ ကပ္ပိယတာဝန် က ဆက်စပ်တာ များတယ်။

Dr. အောင်သူ ။ ။ များရင်လည်း အားလုံး သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အရုဏ်မတက်ခင်မှာ၊ အရုဏ်တက်ပြီလို့ ယူဆပြီးတော့ ရဟန်းက ဆောင်ရွက်ဖွယ် ကိစ္စတွေကို ဆောင်ရွက်မိမယ်ဆိုရင် အာပတ်သင့်တတ်တယ်။

Dr. အောင်သူ ။ ။ ကပ္ပိယလည်း အာပတ်သင့်ပါသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယက ဘာအာပတ်မှ မသင့်ပါဘူး၊ ဝါဆိုတဲ့ ရဟန်းက ဝါတွင်းကာလမှာ အရုဏ်မတက်သေးခင် အရုဏ်တက်ပြီလို့ ယူဆပြီးတော့မှ ကျောင်းဝင်း အပြင်ဘက်ကို ကြွသွားခိုက် အရုဏ်တက်သွားလို့

ရရှိရင် ဒုက္ကဋ်အာပတ်သင့်ပြီး ဝါကျိုး ဝါပြတ်တယ်။ နိဿယည်း ဥပဇ္ဈာယ်ယူပြီးတော့မှ နိဿယည်း ဆရာနဲ့ အတူတူသီတင်းသုံးနေတဲ့ ရဟန်းအနေနဲ့ ဆိုလို့ရှိရင်လည်း အရုဏ်မတက်ခင် ဆရာရှိရာ ကျောင်းဝင်းမှအပြင်ကို ကြွသွားတုန်း အရုဏ်တက်သွားရင် နိဿယည်းငြိမ်းပြီ။ နောက်တစ်ခုက အရုဏ်မတက်သေးခင် ယာဝကာလိက အာဟာရတွေကို စားသုံးမိရင် ရဟန်းမှာ ပါစိတ်အာပတ်သင့်တယ်။ ပရိဝါသ်မာနတ် ကျင့်တဲ့ရဟန်းက အရုဏ်မတက်ခင် အရုဏ်တက်ပြီ ဆိုပြီးတော့မှ ပရိဝါသ်မာနတ် ချထားခဲ့လို့ရှိရင် အဲဒါ ညဉ့်ပျက်ပြီး ရတ္တိစ္ဆေဒဖြစ်တယ်။ တိစီဝရိက် ဆောင်ထားတဲ့ ရဟန်းက သင်္ကန်းနဲ့ အရုဏ်မတက်ခင် ကင်းလို့ရှိရင်လည်း အာပတ်သင့်ပါတယ်။

Dr. အောင်သူ ။ ။ အလွန်များပြား ကျယ်ဝန်းလှပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ကျယ်ဝန်းတယ်၊ ကျန်သေးတယ်

ပြောပြဦးမယ်၊ ရှင်သာမဏေတွေ ဥပုသ်သည်တွေ အရုဏ်မတက်ခင် စားလို့ရှိရင် သီလပျက်ပါတယ်။ ပန်းနံ့သာ လိမ်းလို့ရှိရင်လည်း သီလပျက်ပါတယ်။

Dr. အောင်သူ ။ ။ မှတ်သားထားပြီး လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကပ္ပိယက လအလိုက် အရုဏ်တက်ချိန်ကို တိတိကျကျမှတ်သားပြီးတော့ ဆရာတော်၊ သံဃာတော်များကို အရုဏ်ဆွမ်းကို ဆက်ကပ်ရပါမယ်။ ကပ္ပိယကို အရုဏ်တုံးခေါက်ဖို့ တာဝန်ပေးထားရင်လည်း အချိန်ကို တိတိကျကျမှတ်သားပြီး ခေါက်ရပါမယ် ဒကာကြီး။ ဒါတင်ပဲလားဆိုတော့ မကသေးဘူး၊ ဝါတွင်းကာလ သန်းခေါင်ကျော်လင်းအားကြီးအချိန်မှာ ကျောင်းကနေ ပြင်ပကို ကြွဖို့ အကြောင်းကြီးငယ်ရှိလာရင် ကပ္ပိယက ဆောင်ရွက်ပေးနိုင်ရင် ဝါဆိုသံဃာများမှာ အာပတ်မသင့်နိုင်ဘူး။

Dr. အောင်သူ ။ ။ သန်းခေါင်ကျော်မှ ၁ ကျောင်းကနေ ပြင်ပကို ကြွသွားတာနဲ့ကို ဝါကျိုးပါသလားဘုရား။

ဆရာတော် ။ ။ သန်းခေါင်ကျော် လင်းအားကြီးအချိန်မှာ ကိစ္စကြီးငယ်ကြောင့် ဝါဆိုရာကျောင်းဝင်းအပြင်ကြွပြီး အရုဏ်မတက်မီ ဝါဆိုရာ ကျောင်းဝင်းထဲကို မရောက်ခဲ့ရင် ဝါကျိုးပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ မှန်ပါ၊ သဘောပေါက်ပါပြီဘုရား။ ဒါဆိုရင် ကိုရင်လည်း အပြစ်သင့်နိုင်ပါသလားဘုရား။

ဆရာတော် ။ ။ ကိုရင်ကလည်း အရုဏ်မတက်ခင် ဆွမ်းတို့၊ မုန့်တို့ ဘုဉ်းပေးရင် အပြစ်ရှိပါတယ်။

Dr. အောင်သူ ။ ။ ဝိကာလဘောဇန ဖြစ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ဟုတ်တယ်။ ဒါကြောင့် ရှစ်ပါးသီလ ယူပြီး ဥပုသ်စောင့်တဲ့သူတွေကလည်း အစားအစာ မစားသင့်ဘူး။ တစ်ညလုံး မစားဘဲနေလာပြီး အရုဏ်တက်ခါနီးကျမှ စားမိရင် သူစောင့်ထိန်းလာခဲ့တဲ့သီလ ကျိုးပေါက်သွားပါတယ်။

Dr. အောင်သူ ။ ။ ဒုလ္လဘရဟန်းတွေလည်း ဝိနည်းသိဖို့ လိုအပ်ပါသလားဘုရား။

ဆရာတော် ။ ။ ဝိနည်းကို ပြည့်ပြည့်စုံစုံသိနိုင်လေ ကောင်းလေပါပဲ၊ ကတုံးတုံး၊ သင်္ကန်းဝတ်ပြီး လူဝတ်ကြောင်ဘဝက နေထိုင်ပုံအတိုင်း နေရင်တော့ အပြစ်အာပတ်များစွာ သင့်ပေတော့မယ်။

Dr. အောင်သူ ။ ။ အပြစ်ကြီးမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ တချို့အပြစ်က ပြေလွယ်သော်လည်း တချို့အပြစ်ကျတော့ ခဲခဲယဉ်းယဉ်းကုစားမှသာ အာပတ်ကနေ

ပြေငြိမ်းခွင့် ရနိုင်ပါတယ်။ တချို့အပြစ်က နောက်ထပ်တစ်ကြိမ် ရဟန်းဖြစ်ခွင့်မရှိတဲ့ အထိကို ကြီးလေးသွားနိုင်ပါတယ်။

Dr. အောင်သူ ။ ။ မှတ်သားထားပါ့မယ် ဘုရား။

ဆရာတော် ။ ။ ဒါကြောင့် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီးက *"ဒုလ္လဘရဟန်းဆိုတာ ဝိနည်းစည်းကမ်း နားမလည်ကြဘူး ခဏသာဝတ်ခြင်းဖြစ်တဲ့အတွက် ဝိနည်းတွေ အမြန်သင်ဖို့လည်း မလွယ်လှဘူး။ ဒုလ္လဘရဟန်းဆိုတာ ဥပဇ္ဈာယ်ဆရာနဲ့ ကင်းပြီး နေလို့ မသင့်ဘူး။ ဒါကြောင့် ဒုလ္လရဟန်း ဝတ်ချင်ရင် ဘုန်းကြီးမျက်စိအောက်မှာ ဘုန်းကြီးနဲ့အတူ နေရမယ်။ ဘုန်းကြီးအိပ်ရာထတဲ့ အချိန်ထရမယ်။ ဘုန်းကြီးခိုင်းတဲ့အတိုင်း နေထိုင်ရမယ်။ အဲဒီလို နေနိုင်မယ်ဆိုရင် ဒုလ္လဘရဟန်းအတွက် သက်န်းပရိက္ခရာ ဘုန်းကြီးကိုယ်တိုင် ဒကာခံပြီး ဝတ်ပေးပါ့မယ်"*ဟု မိန့်ကြားတော်မူဖူးတယ်။

---

**ကျမ်းညွှန်း**

* ရတ္တိစ္ဆေဒဝိနိစ္ဆယ၊ မဟာဝါဘာသာဋီကာ။ (နှာ-၁၄)
* နိဿယနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၃၁၃)
* ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၁၆)
* ဥဒေါသိတ သိက္ခာပဒဝဏ္ဏနာ၊ နိဿယဂ္ဂိယကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ။ (နှာ-၂၃၇)
* ဥဒေါသိတ သိက္ခာပုဒ်၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကဏ်ဘာသာဋီကာ။ (နှာ-၂၅၇)

## ၁၂။ မအပ်စပ်တဲ့ အသုံးအနှုန်း (သို့) အကပ္ပိယဝေါဟာရ

M.A ကျောင်းသား ။ ။ ဝိနည်းလေးစားတော်မူကြတဲ့ သံဃာတော်များက သစ်ပင်စိုက်ရင် အာပတ်သင့်မှာ စိုးရိမ်လို့ မစိုက်ပျိုးကြဘူးဆိုတာ ဟုတ်ပါသလားဘုရား။

ဆရာတော် ။ ။ ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းစနစ်ကိုဘုရားဥပဒေတော်အတိုင်းဆိုရင် အာပတ်မသင့်ပါဘူး။

M.A ကျောင်းသား ။ ။ အာပတ်မသင့်တဲ့ နည်းစနစ်ဆိုတာ ဘယ်လိုများပါလဲဘုရား။

ဆရာတော် ။ ။ ကျောင်းဝင်းအတွင်း ရဟန်းတော်များ သစ်ပင်၊ ပန်းပင်စိုက်ပျိုးတဲ့အခါ ဒါယကာ၊ ဒါယိကာမတွေကို ပေးဖို့ရည်ရွယ်ချက်နဲ့ မစိုက်ကောင်းဘူး။

M.A ကျောင်းသား ။ ။ ပေးကမ်းဖို့ ရည်ရွယ်ပြီး စိုက်ပျိုးခဲ့ရင် ဘယ်လိုအာပတ်များ သင့်တတ်ပါသလဲဘုရား။

ဆရာတော် ။ ။ ဒုက္ကဋ်အာပတ် သင့်ပါတယ်။ ဒါပေမဲ့ ကျောင်းခြံစည်းရိုး၊ အရိပ်ရဖို့အတွက် ရည်ရွယ်ပြီး

စိုက်ရင်တော့ စိုက်ကောင်းပါတယ်။ သို့သော် သာသနာ့အသုံးအနှုန်း မှန်မှန်ကန်ကန်ဖြစ်ဖို့ လိုအပ်တယ်နော် မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ ဘယ်လို အသုံးအနှုန်း ပါလဲဘုရား။

ဆရာတော် ။ ။ ရဟန်း သံဃာတော်များက ပေါင်းမြက် သုတ်သင်ရှင်းလင်းရာမှာ ကိုယ်တိုင်လုပ်ခွင့် မရှိဘူး၊ သစ်ပင်သစ်ကိုင်း ကိုယ်တိုင်ခုတ်ခွင့် မရှိဘူး၊ ဒါကြောင့် လူဒါယကာနှင့် သာမဏေတို့ကို ခိုင်းစေရပါမယ်။ အခုလို စီမံခိုင်းစေတဲ့အခါ မအပ်စပ်တဲ့စကား အသုံးအနှုန်း အကပ္ပိယ ဝေါဟာရတွေနဲ့ စေခိုင်းမိရင် ခိုင်းတဲ့ရဟန်းမှာ အာပတ်သင့်တယ်။

M.A ကျောင်းသား ။ ။ ဘယ်လို အာပတ် သင့်တာပါလဲဘုရား။

ဆရာတော် ။ ။ ဒုက္ကဋ်အာပတ် သင့်ပါတယ် မောင်ကျောင်းသား။ အပ်စပ်တဲ့စကား အသုံးအနှုန်း ကပ္ပိယ ဝေါဟာရတွေနဲ့ စေခိုင်းရင်တော့ အာပတ် မသင့်ပါဘူး။

M.A ကျောင်းသား ။ ။ အဲဒီအသုံးအနှုန်းစကားတွေကိုလည်း တပည့်

တော်တို့ ကပ္ပိယတွေက ပြည့်ပြည့်စုံစုံ သိဖို့ လိုအပ်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ သိကိုသိမှ ဖြစ်မယ်။

M.A ကျောင်းသား ။ ။ ကပ္ပိယဝေါဟာရဆိုတာ ဘယ်လို ဝေါဟာရစကားပါလဲဘုရား။

ဆရာတော် ။ ။ ဥပမာ '*ပေါင်းပင်မြက်တွေကို နုတ်ပါ၊ ခုတ်ပါ၊ ရိတ်ဖြတ်ပါ၊ ပန်းပင်စိုက်ပါ၊ မြေတူးပါ၊ ရေလောင်းပါ*'လို့ လူတွေ သုံးနှုန်းသလို မပြောရဘူး။ ပေါင်းပင် မြက်ပင်တွေကို နုတ်ပါမပြောဘဲ ပေါင်းပင် မြက်ပင်တွေကို 'ကပ္ပိပါ'၊ ခုတ်ပါ မပြောဘဲ 'ကပ္ပိပါ'၊ ရိတ်ဖြတ်ပါ မပြောဘဲ 'ကပ္ပိပါ'၊ ပန်းပင်စိုက်ပါ ရေလောင်းပါ မပြောဘဲ 'သိပါ' သုံးနှုန်းခြင်းက သာသနာတော်နဲ့ လျော်ညီတဲ့ ကပ္ပိယဝေါဟာရပါ မောင်ကျောင်းသား။

M.A ကျောင်းသား ။ ။ အခုလို သာသနာ့အသုံးအနှုန်း စကားလုံးကို ကပ္ပိယကနားမလည်ရင် မမှားနိုင်ဘူးလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယတွေကို သင်ကြားပြသပေးရပါတယ်၊

နို့မဟုတ်ရင် မှားတတ်တယ်။ မှားတဲ့ သာဓက တစ်ခု သတိရလာတယ်။

M.A ကျောင်းသား ။ ။ ဘုန်းကြီးက စကား အသုံးအနှုန်း မှားတာ ပါလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး စကားအသုံး အနှုန်းမှားတာ မဟုတ် ဘူး၊ ကပ္ပိယက နားမလည်လို့ မှားသွားတာ။

M.A ကျောင်းသား ။ ။ ကပ္ပိယမလုပ်ဖူးလို့ ထင်တယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်လိမ့်မယ်၊ တစ်နေ့ ညနေပိုင်း နေစောင်း လို့ ကျောင်းအဝင်လမ်းမှာ အရိပ်ရတမာပင် တွေ စိုက်ပျိုးထားတဲ့ဆီကို စင်္ကြံလျှောက်ရင်း ရပ်နေတုန်း လူတစ်ယောက် ရောက်လာတယ်။ သူက မြို့ကြီးတစ်မြို့မှာရှိတဲ့ ဆရာတော်ကြီးရဲ့ ကပ္ပိယပါလို့ ရင်းရင်းနှီးနှီး လျှောက်ထားတယ်။ ဒါနဲ့ တမာပင်ပေါက်ကလေးကိုပြပြီး *'ရေသိလိုက် ပါနော်'*လို့ ခိုင်းလိုက်တယ်။

M.A ကျောင်းသား ။ ။ ကပ္ပိယက တမာပင်ကို ရေလောင်းပါသလား ဘုရား။

ဆရာတော် ။ ။ နောက်ရက်မနက် ဆွမ်း ခံထွက်တော့ လမ်း

ဘေးက တမာပင်တွေ တစ်ပင်မကျန် နုတ်ထားတာတွေ့လို့ ဘယ့်နှယ်ဖြစ်ပါလိမ့်မလဲလို့ မေးကြည့်တော့ အဲဒီကပ္ပိယလက်ချက် ဖြစ်နေတယ်။

M.A ကျောင်းသား ॥ ॥ သူက ဘာကြောင့်နုတ်လိုက်တာလဲဘုရား။

ဆရာတော် ॥ ॥ အဲဒါမေးကြည့်တော့ *'ဆရာတော်က မိန့်လို့ ခေးရှာတာ မတွေ့တာနဲ့ တပည့်တော်လက်နဲ့ပဲ အကုန် ကပ္ပိလိုက်တယ်'*တဲ့။

M.A ကျောင်းသား ॥ ॥ *'ရေသိလိုက်ပါ'* ဆိုတာကို ဘယ့်နှယ် သစ်ပင်နုတ်တာလဲ မသိဘူးဘုရား။

ဆရာတော် ॥ ॥ ဒါကြောင့်ကပ္ပိယတွေ သာသနာ့အသုံးအနှုန်း သိဖို့ အရေးကြီးတယ်။

M.A ကျောင်းသား ॥ ॥ တပည့်တော် ကြိုးစားပါ့မယ်ဘုရား။

---

**ကျမ်းညွှန်း**

* ကုလဒူသနသိက္ခာပဒဝဏ္ဏနာ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ-၂ (နှာ-၂၀၀)

* ကုလဒူသကသိက္ခာပဒဝဏ္ဏနာ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ-၂ (နှာ-၂၀၀)

## ၁၃။ ရဟန်းသံဃာကို မပြစ်မှားကောင်းဘူး

Dr. အောင်သူ ။ ။ သီလပြည့်စုံတော်မူတဲ့ ရဟန်းတော်များရဲ့ ဂုဏ်တွေကို နာကြားရတာများလို့ ထင်တယ်၊ တပည့်တော်စိတ်ထဲ သီလအားနည်းတဲ့ ရဟန်းတော်များအပေါ် စိတ်မရှင်းမလင်း ဖြစ်ပါတယ်။

ဆရာတော် ။ ။ ရဟန်းတော်ကို မပြစ်မှားကောင်းဘူးနော်။

Dr. အောင်သူ ။ ။ တပည့်တော် ပတ်ဝန်းကျင်မှာ မြင်ရ၊ ကြားရ၊ ဆုံရ၊ ကြုံရတာတွေက စိတ်မထားတတ်စရာ များလွန်းနေလို့ပါဘုရား။

ဆရာတော် ။ ။ မန္တလေး မစိုးရိမ်ဆရာတော်ကြီးထံပါး ဦးဘအုန်းဆိုတဲ့ ဒကာကြီးက ဒုလ္လဘရဟန်းဝတ်ခဲ့ဖူးတော့ ရဟန်းဝိနည်းကိုလည်း ဒကာကြီးတို့လိုပဲ မတောက်တစ်ခေါက် သိသလိုလိုလေး ရှိလာတာပါလေ။

Dr. အောင်သူ ။ ။ တပည့်တော်တို့လည်း အတူတူပါဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒုလ္လဘရဟန်းလူထွက် ဦးဘ

အုန်းက ဆရာတော်ကြီးကို လာကန်တော့ရင်း 'ဆရာတော် . . တပည့်တော်တော့ ဘောလုံးပွဲကြည့်တဲ့ ဘုန်းကြီးတို့၊ အငြိမ့်ဇာတ်၊ ရုပ်ရှင်ကြည့်တဲ့ ဘုန်းကြီးတို့ကို မကြည်ညိုဘူးဘုရား'လို့ လျှောက်သတဲ့။

Dr. အောင်သူ ။ ။ တပည့်တော်နဲ့ တူနေပါတယ်။

ဆရာတော် ။ ။ ဟုတ်ပါပြီ၊ ဆက်ပြီးနားထောင်ဦးနော်။ ဆရာတော်ကြီးက "ဘအုန်း မင်း ဝါဝင်၊ ဝါကျွတ်မှာ ငါ့ကို လာမကန်တော့နဲ့ ပွဲကြည့်တဲ့ ဘုန်းကြီးတွေကို ကန်တော့၊ မင်းက ငါ့အပေါ် ပြစ်မှားတာ ဘာမှ မရှိဘူး၊ ပွဲကြည့်တဲ့ ဘုန်းကြီးတွေအပေါ်မှာသာ ပြစ်မှားတဲ့ အကုသိုလ်ကံတွေ ရှိနေတာ၊ ငါ့ကို မကန်တော့လို့ ကုသိုလ်မရရုံဘဲ ရှိမယ်၊ ဘာမှ အပြစ်မရှိဘူး။ ပွဲကြည့်တဲ့ ဘုန်းကြီးတွေကို မင်းသွားမကန်တော့ရင် အပြစ်ကြီးမယ်"လို့ မိန့်တော်မူလိုက်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက ဆက်ပြီးတော့ "ဇာတ်တော်တွေ

*မှာ ဆဒ္ဒန်ဆင်မင်းတို့များ သက်န်းအစလေးမြင် ရတာနဲ့ သူ့ကို မြားနဲ့ သေအောင်ပစ်ခဲ့တဲ့မုဆိုးကို ဘာမှမလုပ်ဘူး၊ မင်းက ဆင်လောက်မှ မလိမ္မာ သေးပဲကိုးကွ"* လို့ မိန့်တော်မူလိုက်တယ်။

Dr. အောင်သူ ။ ။ မှန်ပါ၊ မှတ်သားပါ့မယ် ဘုရား။

ဆရာတော် ။ ။ ဒကာကြီး ဦးဘအုန်းက အဲဒီအချိန်ကစပြီးတော့ မနက်ပိုင်းမှာ တွေ့သမျှ ဆွမ်းခံ သံဃာတော် များကို အနည်းဆုံး အကြော်တစ်ခုဖြစ်စေ လောင်းလှူပြီး *'တပည့်တော် အရှင်ဘုရားတို့ အပေါ် ပြစ်မှားမိတာများကို သည်းခံတော်မူပါ ဘုရား'* ဆိုပြီး ကန်တော့ခဲ့တာ၊ လေး ငါး ခြောက် နှစ်လောက် ရှိတဲ့အခါ ဦးဘအုန်း မကန်တော့ ဖူးတဲ့ သံဃာဆိုလို့ မန္တလေးမှာ မရှိသလောက် ဖြစ်သွားပါတယ်။ သံဃာတော်များကလည်း ပွဲခင်းတို့၊ ဘောလုံးကွင်းတို့လို မသင့်တော်တဲ့ နေရာမှာ ဒကာကြီးဦးဘအုန်းနှင့်တွေ့ရင် ပုန်း တဲ့ထိ ဖြစ်လာသတဲ့။

Dr. အောင်သူ ။ ။ မှန်ပါ၊ ဒါလည်း မှတ်သားစရာ ကောင်းတဲ့ ဆုံးမနည်းပါဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဒကာကြီး၊ ဒါနဲ့ တစ်နေ့မှာတော့ ဒကာကြီးဦးဘအုန်းက မစိုးရိမ်ဆရာတော်ထံ ရောက်လာပြီး *'ဘအုန်းကြီး လိမ္မာလာပါပြီဘုရား'*လို့ လျှောက်သတဲ့။ ဆရာတော်ကြီးကလည်း *'မင်း . . လိမ္မာလာရင် မင်းရဲ့အကန်တော့ကိုခံရတဲ့ သံဃာ တွေလည်း လိမ္မာလာကြရောပေါ့ကွာ'* လို့ မိန့်တော်မူပါသတဲ့ ဒကာကြီး။

Dr. အောင်သူ ။ ။ မှတ်သားလောက်ပါ တယ်ဘုရား။

ဆရာတော် ။ ။ နောက်တစ်ခု ပြောပြဦးမယ်။

Dr. အောင်သူ ။ ။ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဘုန်းတော်ကြီး ဦးသီလက ရဟန်းသံဃာများရဲ့ အပြစ်အနာအဆာကို ပြောလေ့ရှိတဲ့ ဦးဘိုးရင်ကို မိန့်တော်မူတဲ့ အဆုံးအမကိုလည်း ဒကာကြီးတို့လို ရဟန်းရွေးကိုးကွယ်ချင်ကြတဲ့သူတွေ သိသင့်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက *'ဟဲ့ ဘိုးရင်၊ နင့်စိတ် ပြုပြင်ပြီး ကြည်ညိုရင်လှူဒါန်း၊ မကြည်ညိုရင် မလှူဒါန်း*

*ဘဲနေပေါ့။ ဘာဘာညာညာ မပြောနဲ့’* လို့ ဆုံးမဖူးတယ်။

Dr. အောင်သူ ။ ။ တင်ပဲ့ပါဘုရား။

ဆရာတော် ။ ။ ဒါနဲ့ အလားတူ ညောင်လေးပင်မြို့က ရွှေ့နေဦးတိုးကြီးကလည်း ဘုန်းကြီးများရဲ့ အပြစ်ကို ပြောလေ့ရှိတဲ့အတွက် ဆရာတော်ကြီးက *“ဟဲ့ ငတိုး၊ ရှင်ဘုရင်တစ်ဦးမှာ သားတော်နှစ်ပါးရှိတယ်။ အကြီးက တရားရှိတဲ့ သူတော်ကောင်း၊ ချစ်ခင်ကြည်ညိုသူလည်း ပေါတယ်။ အငယ်ကတော့ တရားမဲ့တဲ့ သူယုတ်မာ၊ မျက်မုန်းကျိုးသူတွေလည်း များတယ်။ အဲဒီ သူယုတ်မာသားငယ်ကို လက်နဲ့ သွားပုတ်လိုက်ရင် ဘယ်လိုဖြစ်မယ် ထင်သလဲ”* လို့ မေးတော်မူတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရွှေ့နေကြီးဖြေတာက *‘သူ့အဖေဘုရင်ကြီးက လက်ဖြတ်မှာပါဘုရားတဲ့’ ‘ခြေနဲ့ကန်ရင်ရော’ ‘ခြေဖြတ်ခံရမှာပါဘုရား’ ‘ဆဲရေးတိုင်းထွာရင်ရော’ ‘လျှာဖြတ်ခံရမှာပါဘုရား’* လို့ ဖြေတယ်။

Dr. အောင်သူ ။ ။ တင်ပဲ့ပါ၊ မှတ်သားနေပါတယ်ဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက ရှေ့နေကို ပြန်မေးတော်မူတယ်။ *'ဘာဖြစ်လို့လဲဟဲ့' 'ဘုရင့်သားတော်မို့ပါဘုရား'*တဲ့ ဒါနဲ့ ဆရာတော်ကြီးက *'အိမ်း ဒီလိုသိရင်တော်ပြီ၊ ဘုရားရှင် သားတွေအပေါ်လည်းနှင်သတိထားတတ်ကရောပ'*လို့ မိန့်ကြားတော်မူပါတယ် ဒကာကြီး။

Dr. အောင်သူ ။ ။ တပည့်တော်လည်း ဆင်ခြင်ပါ့မယ်ဘုရား။

ပြောမှားခဲ့မိတာတွေ အတွက်လည်း တောင်းပန်ပါတယ်ဘုရား။

ကျမ်းညွှန်း
* မစိုးရိမ်ထေရုပ္ပတ္တိ (နှာ-၁၉၉)

# ကပ္ပိယများ၏ ရင်တွင်းစကား

## ၁။ ကပ္ပိယ မောင်ချစ်ကိုကို (ခ) အောင်မှုရဲ့ ရင်တွင်းစကား

ကျွန်တော်တို့ ရွာကျောင်းမှာ အလယ်တန်း အောင်ပြီးနောက် အထက်တန်းကျောင်းတက်ဖို့ ရန်ကင်းဆရာတော်ထံပါးကို ရောက်လာပါတယ်။ ဆရာတော်ဘုရားက ဒကာ၊ ဒကာမတွေ လာကန်တော့လို့ အကြောင်းတစ်ခုခုစပ်မိရင် '*ဒီကလေးက ပဲခူးရိုးမပေါ်က တောရွာလေးတစ်ရွာကနေ ဒီမှာ ကပ္ပိယကျောင်းသားလုပ်ရင်း ကျောင်းတက်နေတာ၊ သူ့ခမျာ အဖေလည်းမရှိတော့ဘူး။ အမေလည်း မရှိတော့ဘူး၊ သူ့အတွက် အဖေဆိုလည်း ဒီဘုန်းကြီးပဲ၊ အမေဆိုလည်း ဒီဘုန်းကြီးပဲ*' လို့ မိန့်တော်မူတဲ့စကားကို ဒီကနေ့အချိန်ထိ နားထဲ ကြားယောင်နေမိပါတယ်။ မိဘနဲ့အိမ်မှာ နေခဲ့ရတဲ့ စိတ်ခံစားမှုမျိုးနဲ့ ဆရာတော့်ထံပါးက မေတ္တာရရှိမှုတို့ဟာ ကျွန်တော့်အတွက် တစ်သားတည်း ဖြစ်လာပါတယ်။

မှတ်မှတ်ရရ သတိရတာတစ်ခု ရှိသေးတယ်။ ကျွန်တော် ရန်ကင်းတောရဆရာတော်ထံ

ရောက်ပြီး ၃ ရက်မြောက်တဲ့နေ့မှာ ဦးဇင်း ရန်ကုန်နဲ့ ကပ္ပိယအဖြစ် ကျွန်တော် ရန်ကုန်ကို လိုက်ခွင့်ရခဲ့ပါတယ်။ သွားတဲ့အကြောင်းက ဦးဇင်း ရန်ကုန်ရဲ့ခမည်းတော် ဘကြီးဦးတင်ထွန်း နေမကောင်းဖြစ်လို့ပါ။

နောက်နေ့မနက် ကျွန်တော် ကပ္ပိယအဖြစ် လိုက်ပြီး ဆေးရုံကို ဦးဇင်းနဲ့အတူ ဘတ်စ်ကား စီးပြီးသွားတာ ကျွန်တော် ကားပေါ် အိပ်ပျော်သွား တယ်။ ဆင်းရမဲ့မှတ်တိုင်မှာ ဦးဇင်းဆင်းတာ လည်း ကျွန်တော်မသိလိုက်ဘူး။ ဦးဇင်းက Taxi ငှားပြီး ကျွန်တော့်ကို လိုက်ခေါ်ရတယ်။

ဆေးရုံရောက်တော့ '*အဘရယ် သား အိပ်ပျော်ပြီး ဘတ်စ်ကားပေါ်ပါသွားတာ ဘယ် ရောက်မှန်းလည်း မသိတော့ဘူး၊ ဦးဇင်းလိုက် ခေါ်လို့သာ အခုလို ရောက်လာတာ*' လို့ပြော လိုက်တော့ နေမကောင်းတဲ့ အဘက အားရပါးရ ရယ်မောပြီး '*အောင်ပုဆိုတဲ့ ကောင်ကတော့ ကွာ*'လို့ ပြောတယ်။ ဒီဖြစ်စဉ်ကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူးခင်ဗျား။

## ၂။ ကပ္ပိယအဘဦးကျော်ဝင်း (ပျဉ်းမနား) ရဲ့ ရင်တွင်းစကား

ကပ္ပိယတာဝန် ထမ်းဆောင်တာမှာ ပတ်ဝန်းကျင်နှစ်မျိုးကို တွေ့ရပါတယ်။ ရွာကျောင်းတွေမှာ တွေ့ရလေ့ရှိတဲ့ ကပ္ပိယနဲ့ ဝိနည်းလေးစားတဲ့ သံဃာတော်တွေမှာ တွေ့ရတတ်တဲ့ ကပ္ပိယပါ။ ရွာကျောင်းတွေမှာတော့ ကျောင်းပေါ်မှီခိုပြီး နေကြရတာများပါတယ်။ ပတ်ဝန်းကျင်ရဲ့ လေးစားခံရတာ နည်းပါတယ်။ ဝိနည်းလေးစားတဲ့ ကျောင်းတွေမှာရှိကြတဲ့ ကပ္ပိယများကတော့ သဒ္ဓါအား ကောင်းတတ်ကြပါတယ်။ သာသနာပေါ်မှာလည်း လေးစား ကြည်ညိုကြတာများလို့ ပတ်ဝန်းကျင်ရဲ့ လေးစားမှုကို ရကြပါတယ်။

နောက်အကြောင်းအရာ တစ်ခုကတော့ ဝိနည်းအရာ ထိပ်တန်းကျတဲ့ ညီအစ်ကိုကောင်းမှု ဆရာတော် ရန်ကုန်ကြွတော့ ပျဉ်းမနားဘူတာအထိ လိုက်ပို့ခွင့် ရပါတယ်။ ဆရာတော်က ဝိနည်းတော်နဲ့အညီ သက်န်းရုံ သပိတ်လွယ် သွားရေနယ် အခင်းကိုခင်းပြီး ဘူတာရုံက ခုံတန်းလျားမှာ သီတင်းသုံးနေတော်မူပါတယ်။ ဆရာတော်နဲ့ ကျွန်တော် စကားပြောနေတုန်း ရဟန်းပျိုနှစ်ပါး အနီးကို ကြွလာပြီးတော့ "*ကိုယ်တော်က သပိတ်တွေ ဘာတွေနဲ့ပါလား*"လို့

ခနိုးခနဲ့ပြောရင်း သူတို့က ဆရာတော့်ခုံဘေးမှာ ဝင်ထိုင်လိုက်ကြတယ်။ ပြီးတော့ ဆရာတော်ကို မသင့်မရာတွေ ပြောပြီး စော်ကားသလိုမျိုး ဖြစ်နေတော့ ကျွန်တော်က "*ဝိနည်းလေးစားတဲ့ သံဃာတော်များ ဖြစ်ပါတယ်ဘုရား*"လို့ ဝင်ပြောလိုက်တယ်။ "*ဒကာက မြင်ရလို့လား*" ကျွန်တော့်ကို ငေါက်တယ်။

သူနဲ့အဖော်ပါလာတဲ့ ရဟန်းက "ကိုယ်တော်တော်တော့လေ၊ တော်ကြာ ဒီဘုန်းကြီးကို လိုက်ပို့တဲ့လူက ရဲအရာရှိဖြစ်နေရင် တပည့်တော်တို့ကို ရဲစခန်းခေါ်ပြီး စစ်လား၊ ဆေးလား လုပ်နေဦးမယ်"လို့ပြောလိုက်တယ်။ ကျွန်တော့်ကိုလည်း ဘုကြည့်ကြည့်ပြီး စောင်းကန်း၊ စောင်းကန်းနဲ့ ထွက်သွားကြတယ်။

ကျွန်တော့်ပုံစံကလည်း တောထဲနေတာ ကြာလို့ အသားကမည်းမည်း၊ ဗိုက်ကလည်း ခပ်ရွှဲရွှဲဆိုတော့ ရဲနဲ့များ တူနေရော့သလား မသိဘူး၊ ဘာပဲဖြစ်ဖြစ်လေ ဝိနည်းတော်နဲ့အညီ ကျင့်တော်မူတဲ့ ဆရာတော်တစ်ပါး ရန်လုပ်ခံနေရတဲ့ အန္တရာယ်ကြီးတစ်ခု ကျွန်တော့်ရဲ့ပုံစံကြောင့် ပြေငြိမ်းသွားတာကို ကပ္ပိယတစ်ယောက်အနေနဲ့ တွေးမိတိုင်း ကြည်နူးမိပါတယ်ခင်ဗျား။

## ၃။ ကပ္ပိယကိုသားကြီး (ရန်ကုန်) ရဲ့ ရင်တွင်းစကား

ကျွန်တော် ချစ်ခင်ရင်းနှီးတဲ့ မိတ်ဆွေ၊ လုပ်ငန်းခွင်မှာ ကျွန်တော့်အထက်လူကြီးဖြစ်ခဲ့တဲ့ ကိုဇော်ဇော်ထွန်းက ရဟန်းဘဝကူးပြီး ဦးစန္ဒိမာ အဖြစ် ရောက်ခဲ့တဲ့အတွက် ကျွန်တော်လည်း အခါအားလျော်စွာ ကပ္ပိယအဖြစ်ကို ရခဲ့ပါတယ် ခင်ဗျား။

လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်ကျော်လောက်က ဝိနည်းလေးစားတဲ့ ကျွန်တော့်ရဲ့ ဆရာရဟန်းကို ဦးဆုံး ဖူးတွေ့လိုက်ရတဲ့အခါမှာတော့ အလွန် ထူးဆန်းတဲ့၊ မြင်ရခဲတဲ့မြင်ကွင်းအဖြစ် စိတ်ထဲ စွဲထင် ကျန်ရစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော့်ပတ်ဝန်းကျင်မှာ မြင်ခဲ့ဖူး၊ တွေ့ခဲ့ဖူးသမျှ ရဟန်းတော်များနဲ့ လုံးလုံးကို မတူလို့ပါပဲ။

ရန်ကင်းတောရကျောင်းက ရဟန်းတော်များ ဝိနည်းကို လေးစားတန်ဖိုးထားသလို ရဟန်းတော်များအားလုံးလည်း ဝိနည်းလေးစားတန်ဖိုးထားကြရင် သိပ်ကြည်ညိုစရာကောင်းမှာပဲလို့ ကျွန်တော် တိတ်တခိုး တွေးမိဖူးပါတယ်ခင်ဗျား။

## ၄။ ကပ္ပိယကိုနိုင်လင်း (ရန်ကုန်) ရဲ့ ရင်တွင်းစကား

အရင်ကတော့ ကပ္ပိယဆိုတာ ကျောင်းမှာစား၊ ကျောင်းမှာအိပ်၊ ဦးဇင်းများခိုင်းတာ လုပ်တဲ့သူလို့ ထင်ထားတာ မပြည့်စုံကြောင်းကို ရန်ကင်းတောရ ဆရာတော်ထံပါး ကပ္ပိယအဖြစ် ဆောင်ရွက်ခွင့်ရမှ သိလာရပါတယ်။

ဝိနည်းလေးစားတော်မူတဲ့ ဆရာတော်များက ကျွန်တော်တို့နဲ့ ပြောဆိုဆက်ဆံတဲ့အခါမှာတော့ ဝိနည်းစည်းကမ်းနှင့်အညီ တည်တည်တံ့တံ့ ကြန္ဒြေသိက္ခာနဲ့ ဆက်ဆံပြောဆိုကြတာကို ဖူးတွေ့ရလေ့ ရှိပါတယ်။

သို့သော် သံဃာတော်များ အချင်းချင်းဆုံတွေ့ရာမှာတော့ အဝေးရောက်နေတဲ့ဆွေမျိုးများပြန်ဆုံကြသလို အလွန်ပဲ ဖက်လဲတကင်း ချစ်ခင်တော်မူကြတာကို ကြည်နူးစရာ ဖူးတွေ့ရလေ့ရှိပါတယ်။ အသက်အရွယ်နှင့် မဆိုင်ဘဲ ဝါကြီးတဲ့ထေရ်ရှင်ရဲ့ အဆုံးအမကို ရိုရိုသေသေ လေးလေးစားစား တန်ဖိုးထား မှတ်သားတော်မူကြပါတယ်။ ဆရာသခင်များရှေ့ရောက်ရင် ဖခင်ကို အလွန်ချစ်တဲ့ ကလေးငယ်လေးပမာ၊ ဆရာကို အလွန်ချစ်ကြောက်ရိုသေတဲ့ တပည့်လေးများပမာ ဆိုဆုံးမမှုကို လေးလေးစားစာ ခံယူလေ့ရှိတော်

မှုကြတာကို မကြာခဏ ဖူးတွေ့ရတာ ကြည်ညို မဆုံးပါဘူး။

"ဝိနည်းသီလကို အသက်နဲ့လဲပြီး စောင့်ရှောက်ကြရမယ်" ဆိုတဲ့ အဆုံးအမမျိုးကို ကြားသိရတဲ့အခါမှာလည်း ကပ္ပိယတစ်ဦး အနေနဲ့ သံဃာ့ဂုဏ်ကို တိုး၍ တိုး၍ ကြည်ညိုရပါတယ်။ သဒ္ဓါတရားလည်း ဆထက်ထမ်းပိုး တိုးပါတယ်။

ကပ္ပိယအဖြစ်ဆောင်ရွက်စဉ် အမှတ်တရတွေ ရှိခဲ့ပါတယ်။ ယင်းတို့အနက် တစ်ခုမှာ ရန်ကင်းတောရဆရာတော်အား ရန်ကုန်မှာ ဆွမ်းကပ်တဲ့ တစ်ရက်က ဆွမ်းဟင်းထဲမှာ အလွန်ဈေးကြီးပြီး အလွန်ပဲ စားကောင်းတဲ့ Cod Fish ငါးဟင်းတစ်မယ် ပါလာတယ်။ ဒါ့ကြောင့် ဆရာတော့်ကို ဒီငါးဟင်းကို ဘုဉ်းပေးဖို့ ငါးငြီးကာ ချဲ့ပြီး လျှောက်ထားလိုက်မိတယ်။

ဆရာတော်ကလည်း အဲဒီဟင်းကို ခပ်ယူဖို့ ဇွန်းကိုင်တော်မူစဉ်မှာ ကျွန်တော်က *"ဒီငါးက ဈေးလည်း အလွန်ကိုကြီးတာပါဘုရား"* လို့ နိဂုံးချုပ် လျှောက်မိရော ဆရာတော်က ငါးဟင်းကို မခပ်ယူတော့ဘဲ *"မင်းရဲ့ဟင်းက အဲ့ဒီလောက်ဈေးကြီးပြီး အဲသလောက်ကြီးကို အရသာကောင်းနေတယ်လို့ ကြားနေရတော့ ဘုန်းကြီး ငါးဟင်း ဘုဉ်းပေးပြီး ကိလေသာ အဖြစ်မခံဘူး"*လို့ မိန့်ပြီး အခြားဟင်းနဲ့ပဲ ဆွမ်းကို ဘုဉ်းပေးတော်မူတယ်။

ဆရာတော် ဆွမ်းဘုဉ်းပြီး ကျန်တဲ့ ဆွမ်းဟင်းတွေက ထုံးစံအတိုင်း ကျွန်တော်တို့ ကပ္ပိယဝိုင်းကို ရောက်လာပါတယ်။ အဲဒီ ငါးဟင်းခွက်ကို အလုအယက် ဝိုင်းနှိုက်လိုက်ကြတာ စက္ကန့်ပိုင်းအတွင်း ကုန်သွားပါတယ်။ ဆရာတော်က ဆွမ်းဘုဉ်းပြီး စကြံလျှောက်ရင်း *"ငါ့တပည့်တွေ အဲဒီ ဈေးကြီးပြီး အရသာပြည့်စုံလွန်းတဲ့ ငါးဟင်းကို ဘယ်လိုလုပ်လိုက်ကြသလဲ"*လို့ မေးတော်မူရာ ကပ္ပိယအားလုံးက သံပြိုင်ဖြေလိုက်မိတာက *"ကုန်အောင်စားပစ်လိုက်တယ်ဘုရား"*၊ *"ကောင်းတယ်၊ ကောင်းတယ် ဒါလည်း ကိလေသာကို ရှင်းတဲ့နည်း တစ်နည်းပဲ"*လေလို့ ရယ်ရယ်မောမော မိန့်တော်မူတာကို ငါးဟင်းစားခွင့်ကြုံခဲ့တဲ့ ကပ္ပိယအားလုံးက မှတ်မိနေပါသေးတယ်။

## ၅။ ကပ္ပိယကိုဂျင်မီထွန်း (B.E Electrical) ရဲ့ ရင်တွင်းစကား

ကျွန်တော်ကတော့ ကပ္ပိယဖြစ်ချင်လို့ ရန်ကင်းတောရကို ရောက်လာတာ မဟုတ်ပါဘူး ခင်ဗျား။ ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဆက်တက်ဖို့ အခက်အခဲဖြစ်နေချိန်မှာ ဆရာမ

ဒေါ်နွယ်နီအောင်ပို့ပေးလို့ ရောက်ခဲ့ပြီး ကပ္ပိယ ကျောင်းသားတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ကျွန်တော် အရမ်းကံကောင်းပါတယ်၊ ဒီလို နေရာမျိုးကိုရောက်ရတာ အပြင်မှာ မရနိုင်တဲ့ ဆိုဆုံးမဩဝါဒတွေ ရခဲ့ပါတယ်။ ရန်ကင်းတောရ ဆိုတာ ကျွန်တော်တို့ လူငယ်တွေအတွက် ကောင်း ကျိုးမှန်သမျှ အားလုံးကို လုပ်ခွင့်ရတဲ့ ဘဏ်တိုက် ကြီးပါပဲ၊ တက္ကသိုလ်ဆက်မတက်နိုင်လို့ ဒီလိုဘဝမျိုး ရောက်အောင်ပို့ပေးခဲ့တဲ့ ကျွန်တော့်အတိတ်ကံကို လည်းတွေးပြီး ကျေးဇူးတင်မိပါတယ်ခင်ဗျား။

## ၆။ ကပ္ပိယဦးကံမြင့်ဦးရဲ့ ရင်တွင်းစကား

ရန်ကင်းတောရမှာ ဝါဆိုတော်မူကြတဲ့ ရဟန်း သာမဏေတို့အား ဝါတွင်းကာလ ဆွမ်းလောင်း လှူရင်း၊ အပတ်စဉ် ပုံမှန် အဘိဓမ္မာသင်တန်းနဲ့ အခါအားလျော်စွာ ရက်တိုသင်တန်းတွေ တက် ရောက်ရင်း ကပ္ပိယကြီးဦးတင်ထွန်းနဲ့ ဦးကျော်ဝင်း တို့ကို ခင်မင်ရင်းနှီးခွင့် ရခဲ့ပါတယ်။

သူတို့က ရဟန်းတော်များရဲ့ လိုအပ်ရာရာ တို့ကို အပ်အပ်စပ်စပ်ဖြစ်အောင် လျှောက်ထား ဆက်ကပ်ကြတယ်။ ဝိနည်းဆောင် သံဃာတော်များ

အေးချမ်းစွာသီတင်းသုံးနိုင်ဖို့ ကပ္ပိယရဲ့အရေးပါမှုကို ပို၍ သိရှိနားလည်ခဲ့ရပါတယ်။ ဒါက ကျွန်တော်ရဲ့ ကပ္ပိယဘဝ အစဖြစ်ပါတယ်။

## ၇။ ကပ္ပိယမောင်စိုးသူ (B.E Civil) ရဲ့ ရင်တွင်းစကား

ကျွန်တော် တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ခဲ့ပါတယ်။ မိဘတွေ ငွေကြေးမတတ်နိုင်ပေမဲ့ အရဲစွန့်ပြီး အင်ဂျင်နီယာကျောင်းကို လျှောက်ခဲ့ပါတယ်။ အလုပ်တစ်ဖက်လုပ်ပြီး အင်ဂျင်နီယာတက္ကသိုလ်တက်မယ်လို့ အားတင်းခဲ့ပါသော်လည်း လက်တွေ့မှာ မဖြစ်နိုင်ခဲ့ပါဘူး။ ဒီလိုနဲ့ပဲ တက္ကသိုလ်မတက်ရဘဲ ၂ နှစ် နားလိုက်ရပါတယ်။ ဒါနဲ့ပဲ အားလျှော့ပြီး အဝေးသင်ပြောင်းလျှောက်ဖို့ ဆုံးဖြတ်တဲ့နေ့မနက်မှာပဲ ကျွန်တော့်ဆရာမ ဒေါ်နွယ်နီက အခေါ်လွှတ်လို့ ရောက်သွားတော့ "*နင့်ကို ကျောင်းထားပေးမဲ့ ဆရာတော်ကို တွေ့ပြီ*" လို့ ပြောတာကို ကြားရတာ ပျော်လွန်းလို့ မျက်ရည်တောင် ဝဲမိပါတယ်။ ကျွန်တော် ဒီလိုနဲ့ပဲ ရန်ကင်းတောရကိုရောက်ခဲ့ပြီး ကပ္ပိယ ဖြစ်လာပါတယ်။

ကျွန်တော် ကပ္ပိယကျောင်းသားအဖြစ် ဆရာတော်တို့က လက်ခံပြီးမို့ ကပ္ပိယများနေထိုင်ရာ သရက်ပင်ကျောင်းရှေ့ရောက်တော့ ကပ္ပိယတစ်ယောက်က ကျွန်တော်ကို ဝမ်းမြောက်ဝမ်းသာလာပြီး နှုတ်ဆက်ပါတယ်။ သူ့နှုတ်ဆက်ပုံကို ယခုထိ မမေ့ပါဘူး။ *“ညီလေး မင်းကဒီမှာ ကပ္ပိယလုပ်ရင်း ကျောင်းတက်မှာလားတဲ့”* “အေးဟုတ်တယ်” လို့ ဖြေလိုက်တယ်။ သူက ဆက်ပြီး *“မင်းက ဘယ်နှစ်တန်းတက်မှာလဲ၊ ငါက ရှစ်တန်းတက်ရမှာကွ”* လို့ပြောတယ်။ ကျွန်တော်က *“ဆယ်တန်းအောင်ပြီးပြီ၊* ကျွန်တော် *အင်ဂျင်နီယာတက္ကသိုလ်တက်ဖို့ ဘုန်းကြီးကျောင်းကိုလာတာ”*လို့ ပြောလိုက်တဲ့အခါမှာ သူမျက်လုံးပြူးနေရှာတယ်။ နောက်မှ သိရတာက ခရီးဦး ကြိုဆိုနှုတ်ဆက်တဲ့ ကပ္ပိယက ညီလေးအောင်ပု ဖြစ်ပါတယ်။

မနက်အစောကြီး ဦးဇင်းများနောက်မှ ချိုင့်ဆွဲပြီး ဆွမ်းခံလိုက်ရချိန်တိုင်းကတော့ အပျော်ရွှင်ဆုံးအချိန်တွေပါပဲ။ အမှားတစ်ခုခု လုပ်မိပြီဆိုရင် ဆရာတော်မှ တောင်ဝှေးနဲ့ အသာအယာ ခေါင်းခေါက်ပြီး *“ဒီသတ္တဝါကတော့ကွာ”* လို့ မိန့်တော်မူတာကို သတိရတိုင်း စိတ်ထဲကြည်နူးရပါတယ်။

## ၈။ ကပ္ပိယဦးအောင်ကျော်ငြိမ်းရဲ့ ရင်တွင်းစကား

ကျွန်တော့်ကို ကပ္ပိယအဖြစ် ဦးစွာပထမ တာဝန်ပေးအပ်ခံရတဲ့ ခရီးစဉ်တစ်ခုမှာ ရန်ကင်း တောရကဘုန်းကြီးတွေက တစ်ထပ်ဆွမ်းသာ ဘုဉ်းပေးလေ့ရှိပြီး ကပ္ပိယက ထမင်းသုံးထပ် အပြင် ကြုံရင်ကြုံသလို လက်ဖက်ရည်ပါ သောက် နေမိတာ ခရီးကနေ အိမ်ပြန်ရောက်မှ တွေးတွေး ပြီး ရှက်လိုက်တာဗျာ၊ အခုတွေးမိ အခုရှက် နေတုန်းပါပဲ။

## ၉။ ကပ္ပိယကိုအောင်ဟိန်း (BSC) ရဲ့ ရင်တွင်းစကား

ရန်ကင်းဆရာတော်ရဲ့ ကပ္ပိယဘဝကို ကျွန်တော်ဂုဏ်ယူပါတယ်။ တစ်နေ့ပြီးတစ်နေ့ သာသနာ့ဝေယျာဝစ္စတွေ လုပ်နေခဲ့ဖူးတာကိုလည်း ဒီနေ့အထိ ကျွန်တော် အရမ်းကို ကျေနပ်ပါတယ်။ ဘုန်းကြီးဝေယျာဝစ္စ လုပ်တယ်ဆိုတာ ကျွန်တော်တို့ အိမ်အလုပ်လုပ်တာလိုပဲ တွေးထားတာ ရန်ကင်း ကပ္ပိယဖြစ်ခွင့်ရတော့မှ ကျွန်တော်တွေးတာ လွဲနေမှန်း သိလာပါတယ်ခင်ဗျား။

ရန်ကင်းတောရမှာ ကျွန်တော့်တာဝန်က နံနက်ထပြီး အရုဏ်တက်ချိန်ကို နာရီမှန်ကန်အောင်ကြည့်ပြီး ဆရာတော့်ကျောင်းခေါင်းရင်းက တုံးမောင်းခေါက်ရပါတယ်။ ကျွန်တော်က အချိန်မှန်လိုက် မမှန်လိုက် ဖြစ်နေမိတယ်။ ဒါနဲ့ ဆရာတော်က *'ငါ့သား . . ဘုန်းဘုန်းတို့က ဒီတာဝန်ကို မင်းလုပ်နိုင်မယ်ထင်လို့ ပေးတာ၊ ယုံကြည်လို့ တာဝန်ပေးတာနော်'*လို့ နှစ်ကြိမ်မိန့်တော်မူတယ်။ နောက်ပိုင်း ကျွန်တော်ကို တာဝန်မပေးတော့ပါဘူး။ ကျွန်တော်လည်း နောက်ပိုင်း အိပ်ရာထ နောက်မကျရဲတော့ပါဘူး။

ကျွန်တော် ရန်ကင်းဆရာတော်အနားမှာ ကြည်နူးရတာတစ်ခုက အလုပ်ခုခုလုပ်တာ ပုံစံမကျရင်၊ မသပ်ရပ်ရင်၊ မှားယွင်းရင် ဆုံးမသြဝါဒပေးပြီး တောင်ဝှေးလေးနဲ့ သာသာလေး ခေါင်းခေါက်ပြီး ဆုချလေ့ ရှိပါတယ်။ အခုလို ဆရာတပည့်ရဲ့ ချစ်စရာကောင်းတဲ့ ဆက်ဆံရေးကို ကျွန်တော်စိတ်ထဲ စွဲပြီး တွေးမိတိုင်း ဒီနေ့အထိ အရမ်းကြည်နူးရပါတယ် ခင်ဗျား။

ဆရာတော် အလုပ်တစ်ခုခုလုပ်နေရင် ကျွန်တော်က အနားကနေ ကူညီပေးနိုင်ဖို့ အမြဲကြိုးစားတယ်။ ဆရာတော်က *"ငါ့သား . . အောင်ပဟိန်း ဒီပညာတွေတတ်ထားရင် ဘဝမှာ*

*ဘယ်တော့မှ ထမင်းမငတ်ဘူး၊ ရန်ကင်းတောရက တရားအားထုတ်နည်းသာ သင်ပေးတာ မဟုတ်ဘူး နော်၊ ဘဝမှာ ထမင်းမငတ်တဲ့ပညာတွေကိုလည်း သင်ပေးနေတယ်”*လို့ မေတ္တာကြီးမားစွာ တပည့်ကို မိန့်ခဲ့ဖူးတာ သတိရနေပါသေးတယ်။ အခွင့် သာရင်သာသလို ကျွန်တော်က ဆရာတော်ရဲ့ မနီးမဝေးမှာနေပြီး ဆရာတော့် အဆုံးအမစကားကို နားထောင်ရတာလည်း ကျွန်တော့်ဘဝမှာ အမှတ်ရ စရာ ဖြစ်ပါတယ်ခင်ဗျား။

## ၁၀။ ကပ္ပိယကိုပြည့်ဖြိုးမြတ် (BA) ရဲ့ ရင်တွင်းစကား

ကျွန်တော်က ပတ်ဝန်းကျင်ဆိုးထဲကနေ ကျောင်းကို ရောက်လာခဲ့ပြီး၊ ရန်ကင်းမှာ ကျောင်းသားပေါင်းစုံ၊ ဝါသနာစရိုက်ပေါင်းစုံ စုဝေးနေပေမဲ့ ဆရာတော်တို့က ကျောသား၊ ရင်သား မခွဲခြားဘဲ ဆက်ဆံခြင်းခံရလို့ ဒီကနေ့အထိ ကြည်နူးမဆုံး ဖြစ်ရပါတယ်။ ရွာထဲ၊ မြို့ထဲက ကျောင်းတွေ ရောက်ရင် ဆရာတော်၊ ဦးဇင်းများနဲ့ ကပ္ပိယတို့ရဲ့ ကြားက အပြောအဆို ဆက်ဆံမှုပုံစံက သာမန် လူတစ်ယောက်နဲ့ ပြောဆိုမှုပုံစံသာ ရှိပါတယ်။

ကြည်ညိုလေးစားမှု အပြန်အလှန် တန်ဖိုးထားမှုလည်း အားနည်းပါတယ်။

ဆရာတော်ဖွင့်တဲ့ သင်တန်းတွေမှာ ပါဝင်ပြီးဝေယျာဝစ္စ လုပ်ခွင့်ရတဲ့အခါမှာလည်း အသိပညာ အတတ်ပညာတွေ များစွာ ရရှိခဲ့ရပါတယ်။ နောက်ပြီး ဆရာတော်က ကျောင်းသားဆိုရင် ကျောင်းထားပေးတာတွေ၊ တက္ကသိုလ်ကျောင်းသားဆို တက္ကသိုလ်ထားပေးတာတွေ၊ လက်မှုပညာသင်ပေးတာတွေ၊ အသိပညာတွေနဲ့ အတတ် ပညာတွေ၊ ကားမောင်းအတတ်ပညာ သင်ပေးတာတွေ၊ စိတ်ကောင်းထားတတ်အောင် သင်ပေးတာတွေ၊ စဉ်းစားတွေးခေါ်နိုင်စွမ်း မြင့်မားအောင် သင်ပေးတာတွေ၊ လုပ်ငန်းခွင်ထဲ အလုပ်သွင်းပေးတာတွေစတဲ့ အရာအားလုံးက ကပ္ပိယတစ်ယောက်ဖြစ်လိုက်တာနဲ့ ရရှိတဲ့ အကျိုးကျေးဇူးတွေကများလှပါတယ်။ ကပ္ပိယသူငယ်ချင်း ကိုဇင်သူအောင်အမြဲပြောတတ်တဲ့ စကားတစ်ခု ရှိတယ် '*ဘာပဲလုပ်လုပ် သူများထက် နှာတစ်ဖျား သာအောင်လုပ်လို့ ဆရာတော်မှာထားတယ်*' ဆိုတဲ့ စကားပါပဲ။

## ၁၁။ ကပ္ပိယမောင်နန်းထက်လှိုင် (B.E Civil) ရဲ့ ရင်တွင်းစကား

ကျွန်တော် ကပ္ပိယဘဝကနေ တစ်ဆင့်တက်ပြီး သင်္ကြန်တွင်းမှာ ရဟန်းဝတ်ဖြစ်ခဲ့ပါတယ်။ မနက်ခင်း ဆွမ်းခံထွက်ရပါတယ်။ အဝေးဆုံးလမ်းကြောင်းဖြစ်တဲ့ နောင်ဘိုရွာကို သွားရပါတယ်။ သင်္ကြန်မဏ္ဍပ်တွေ ရှေ့ကနေကြွရပါတယ်။ အသွားလမ်းမှာ မဏ္ဍပ်မှာဖွင့်ထားတဲ့ သီချင်းတွေကို ရင်ထဲမရောက်အောင် သတိပဋ္ဌာန်ဘာဝနာနဲ့ ထိန်းသိမ်းပြီး မဏ္ဍပ်ကိုလည်း မကြည့်မိအောင် ဣန္ဒြေကို တော်တော် ထိန်းယူခဲ့ရတယ်။ အဆင်ပြေသွားပါတယ်။

အပြန်မှာတော့ ပြဿနာ စပါပြီ၊ သင်္ကန်းလက်ကတော့က စပြေကျလာတယ်။ သပိတ်ကလဲ ဆွမ်းအပြည့်ဆိုတော့ လေးလိုက်တာ ပခုံးနာနေပြီ။ လမ်းကလျှောက်နေကျ အကျင့်မရှိတော့ ညောင်းနေပြီ၊ ဒီကြားထဲ ဖိနပ်ကမစီးရတော့ ကျောက်စရစ်ခဲလေးတွေကစူးတာ တော်တော့ကိုကျိန်းနေပြီ၊ နေကလဲ ပြူလာပြီမို့ ချွေးတွေကထွက် ကျောင်းကို အမြန်ပြန်ရောက်ချင်စိတ်ပဲ ရှိတော့တယ်။

ဆရာတော်သင်ပေးထားတဲ့ အသိတွေ၊ သတိတွေ ကမ္မဋ္ဌာန်းတွေ ဘယ်ဆီရောက်ကုန်မှန်း မသိတော့ဘူး။ ညနေစောင်းတော့ တစ်နပ်ပဲ ဘုဉ်းပေးထားတဲ့ ဆွမ်းကလည်း ဘယ်ဆီရောက်ကုန်

မှုန်း မသိ၊ ဗိုက်က တဂွီဂွီအသံပေးလာပြီ၊ ညနေပိုင်းက အကပ်ခံထားပြီး သောက်ထားတဲ့ ဖျော်ရည်တစ်ခွက်ကလည်းက ဘယ်ဆီရောက်မှန်းမသိ တော်တော်ကြီးကို ခက်ကုန်ပြီ။

စုတင်တွေလဲ ဆောင်လို့ရသလောက်တော့ ဆောင်ကြည့်တယ်၊ တကယ်ကို မလွယ်တာပါခင်ဗျား၊ ရဟန်းဘဝရဲ့ ဒီတစ်ရက် အတွေ့အကြုံနဲ့တင် ကျွန်တော် ဆရာတော့်ကို တအားကြည်ညိုသွားတယ်။ (၇)ရက်တာကို တော်တော်ကြီး ခက်ခက်ခဲခဲ ဖြတ်ကျော်လိုက်ရပါတယ်ခင်ဗျား။

ရန်ကင်းက ရလိုက်တဲ့ "*ကိုယ့်ရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်က အကောင်းဆုံးစိတ်ထားနဲ့ အကောင်းဆုံး အရည်အချင်းတွေကို ဖော်ပြနေရမယ်*" ဆိုတဲ့ ဩဝါဒ ဆောင်ပုဒ်လေးကတော့ ရင်ထဲအသည်းထဲမှာ စွဲနေပါတယ်။ ဘယ်အလုပ်အကိုင် ရောက်ရောက်၊ ဘယ်အဖွဲ့အစည်းထဲ ရောက်ရောက် ကျွန်တော်က မခိုမကပ်ဘဲ အကောင်းဆုံး လုပ်ပေးတတ်တဲ့ အကျင့်လေးရှိအောင် အမြဲကြိုးစားလျက်ပါ။ နောက်တစ်ခုက "*ယုံကြည်မှုပျက်အောင် မလုပ်နဲ့တဲ့ ယုံကြည်မှုပျက်သွားရင် ပြန်တည်ဆောက်ဖို့ မလွယ်ဘူး*" ဆိုတဲ့ အဆုံးအမကိုလည်း အမြဲအမှတ်ရနေပါတယ် ခင်ဗျား။ ဒီအဆုံးအမနှစ်ခုနဲ့ကို ကျွန်တော့်ဘဝ အဆင်ပြေပြေ နေတတ်ထိုင်တတ် နေပါတယ်ခင်ဗျား။

## ၁၂။ ကပ္ပိယကျော်ဇင်းဟိန်း (L.LB) ရဲ့ ရင်တွင်းစကား

ရန်ကင်းတောရကို ရောက်ပြီးနောက် ဝိနည်း သီလနဲ့အညီ နေထိုင်ကျင့်ကြံသော ဆရာတော် များ၏ အနေအထိုင်ကျစ်လျစ်မှု၊ စံနမူနာထားရ လောက်တဲ့ စိတ်ထားတို့ကို လေးစားအားကျပြီး တော့ တပည့်တွေအပေါ် ဆုံးမပေးတဲ့ ဩဝါဒတို့ ကြောင့် ကပ္ပိယဖြစ်မှန်းမသိ ဖြစ်လာခဲ့ပါတယ် ခင်ဗျား။ ဆရာတော်က သီလကိုသာ ဇောင်းပေး ဆုံးမတာများတဲ့အတွက် အကြောင်းကြောင်း ကြောင့် မိမိကိုယ်တိုင် သီလကျိုးပျက် နေမိတဲ့အခါ များမှာတော့ ဆရာတော်ရှေ့ များစွာ မျက်နှာ ငယ်ရပါတယ်။

ကပ္ပိယက သံဃာတော်များရဲ့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ နဝကမ္မ စသည်တို့ကို ကောင်းမွန်စွာ စီမံခန့်ခွဲတတ်ဖို့အပြင် အပ်စပ်အောင် ဆောင်ရွက် တတ်ဖို့၊ ဒကာ ဒကာမများနဲ့ ပြောဆိုဆက်ဆံရာ မှာလည်း ကပ္ပိယကြောင့် သူတို့ သဒ္ဓါတရား မပျက်ဖို့အပြင် သူတို့ကြောင့်လည်း ဆရာတော်မှာ စိတ်အနှောင့်အယှက် မဖြစ်ဖို့နဲ့ ဆရာတော်အပေါ် ဝန်ပိပြီး စာရေးတဲ့အလုပ်၊ တရားအားထုတ်တဲ့ အလုပ် မပျက်အောင် တော်တော်သတိကြီးကြီး ထားပြီး လိမ္မာပါးနပ်စွာ ဆောင်ရွက်ခဲ့ရပါတယ် ခင်ဗျား။

ဒါကြောင့် ဆရာတော်က ကျွန်တော့်ကို *"ကပ္ပိယတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်က အရမ်းကျယ်ဝန်းတယ်နော်"* လို့ မကြာခဏ မိန့်တော်မူတာကို ကပ္ပိယအဖြစ် လိုက်ပါခွင့်ရခဲ့တဲ့ ဒီနှစ်နွေရာသီ ပြင်ဦးလွင် ခရီးစဉ်မှာ ကျွန်တော်ထဲထဲဝင်ဝင် သဘောပေါက်လာပါတယ် ခင်ဗျား။

အမှားအယွင်းတစ်ခုခု လုပ်မိပြောမိရင် ဆရာတော်က ပြုံးပြုံး ရွှင်ရွှင်နဲ့ *"သတ္တဝါကလည်း အူတူတူပါကွာ"* လို့ မိန့်ရင်း နားရွက်လေးဆွဲ ခေါင်းလေးပုတ်ခံရချိန်မှာ ဆရာတော့် မျက်နှာတော် ဖူးခွင့်ရတာ အလွန်ကြည်နူးစရာ ကောင်းလှပါတယ်။ ကပ္ပိယအတွက် အနီးကပ်သင်တန်းလည်း ဟုတ်ပါတယ် ခင်ဗျား။

ကပ္ပိယဘကြီး တစ်ယောက်ကပြောဖူးတယ် *'နေ့လယ် ထမင်းစားပြီး အိပ်မယ်ဟာကိုကွာ ဆရာတော်ရဲ့ သီလပေး ဩဝါဒက ရှည်လိုက်တာ ပြီးပဲမပြီးနိုင်တော့ဘူး"* ဒါပေမဲ့ အခုလို ဩဝါဒ ရှည်နေရင် ကပ္ပိယတွေမှာ အကြောင်းထူးတစ်ခုခု တော့ ရှိနေတာသေချာတယ်လို့ ကပ္ပိယဘကြီး တွေက ပြောပြဖူးတယ် ခင်ဗျား။

ရန်ကင်းဆရာတော် ကပ္ပိယတွေကို ဆရာစွဲ မထားဖို့ သင်ပေးတော်မူထားပါတယ်။ ဒါကြောင့် ကြုံတဲ့ရဟန်းတော်များကို ဝိနည်းနဲ့ပဲ ဆက်ဆံ ဖြစ်တယ်။ ဝိနည်းအားနည်းတဲ့ ရဟန်းများက

ကျွန်တော့်စီကနေ ပိုက်ဆံ အလှူခံတာကို ကြုံဖူးပါတယ်။ ကျွန်တော်က "*အရှင်ဘုရားတို့ ဘာများအလိုရှိပါသလဲဘုရား*" လို့ မေးတော့ ဆွမ်းဘုဉ်းဖို့လို့ မိန့်တဲ့အတွက် နီးစပ်ရာဆိုင်ထဲပင့်ပြီး ဆွမ်းကပ်မယ်ဆိုတော့ မျက်စိ မျက်နှာပျက်ပြီး အကြောက်အကန်ငြင်းပြီးတော့ ထွက်သွားတာ ကြုံဖူးတယ်။

သို့သော် ဝိနည်းနဲ့မညီတဲ့ မအပ်စပ်တဲ့ငွေတွေကို မလှူဒါန်းမိအောင်၊ မကြည်ညိုသော်လည်း အဂါရဝမပြုမိအောင်နဲ့ ကျွန်တော် ရဟန်းကောင်းတပည့်ဆိုတဲ့ မာန်မာနမထောင်မိအောင် သတိပြုပါတယ် ခင်ဗျား။

တစ်ပြိုင်နက်တည်း အလုပ်များစွာကို လုပ်လေ့ရှိတဲ့ ဆရာတော်ထံမှရခဲ့တဲ့ ဆုံးမမှုတွေကလည်း ဘဝအတွက် အသုံးတည့်လှပါတယ်။ "*ငါ့သား ယုံကြည်မှုတစ်ခုက မြန်မြန်ရဖို့ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။ သို့သော် အဲဒီယုံကြည်မှုပျက်သွားရင် ပြန်တည်ဆောက်ဖို့က အင်မတန်မှခက်ခဲတယ်နော်*" "*ဆုံးဖြတ်ချက်တစ်ခု ချတဲ့အခါရှုထောင့်စုံအောင် စဉ်းစားတတ်ရမယ်*" ဆိုတဲ့ ဆရာတော်တို့ရဲ့ ဆုံးမစကားကြောင့် ကျွန်တော့်ရဲ့ လုပ်ငန်းခွင်ထဲမှာ "*ပြည့်စုံအောင် လုပ်တတ်တယ်*" "*သူများနဲ့မတူတဲ့ အတွေးအခေါ် သူ့မှာရှိတယ်*" လို့ မကြာခဏ ချီးမွမ်းခံရဖူးပါတယ်။

| လှူငယ်များအတွက် ရန်ကင်းတောရဆရာတော် ရေးသားခဲ့သည့် စာအုပ်များမှာ | | |
|---|---|---|
| စဉ် | အမည် | အကြိမ် |
| ၁။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (ပထမပိုင်း) | အဋ္ဌမ |
| ၂။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (ဒုတိယပိုင်း) | ဆဋ္ဌမ |
| ၃။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (တတိယပိုင်း) | ပဉ္စမ |
| ၄။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (ပထမပိုင်း) | ပဉ္စမ |
| ၅။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (ဒုတိယပိုင်း) | တတိယ |
| ၆။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (တတိယပိုင်း) | တတိယ |
| ၇။ | Vipassana Primary Text Book (Elementary Level) Part-1 | ပထမ |
| ၈။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း - ၁) | စတုတ္ထ |
| ၉။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း - ၂) | တတိယ |
| ၁၀။ | ဖွံ့ဖြိုးတိုးတက်နေသည့်လူ့ဘောင်အတွက် ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ | ဆဋ္ဌမ |
| ၁၁။ | ဆဋ္ဌမအာရုံ (Intuitive Power) ကို ဝိပဿနာဖြင့် ချဉ်းကပ်လေ့လာခြင်း | ဒုတိယ |
| ၁၂။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၁ | (၂၅) |
| ၁၃။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာအဖွင့်) | ပဉ္စမ |
| ၁၄။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၂ | စတုတ္ထ |
| ၁၅။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၃ | ဒုတိယ |
| ၁၆။ | ကလေးလက်ထဲဆော့နေတဲ့ Game အကြောင်းကို လူကြီးမိဘများက သေသေချာချာ သိဖို့လိုတဲ့ခေတ်ရောက်ပါပြီ | ပထမ |
| ဆရာတော်၏ အခြားစာအုပ်များမှာ | | |
| ၁၇။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ပထမပိုင်း) | ဆဋ္ဌမ |
| ၁၈။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ဒုတိယပိုင်း) | ဆဋ္ဌမ |
| ၁၉။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း) | ဆဋ္ဌမ |
| ၂၀။ | ဥရောပယောဂီ၏ ဘဝနိဂုံး (အပိုင်း - ၁) | တတိယ |
| ၂၁။ | လူတို့နှင့်သက်ဆိုင်သော 'ရဟန်းဝိနည်းများ' (အပိုင်း - ၁) | ဆဋ္ဌမ |
| ၂၂။ | လူတို့နှင့်သက်ဆိုင်သော 'ရဟန်းဝိနည်းများ' (အပိုင်း - ၂) | တတိယ |
| ၂၃။ | 'ပဋ္ဌာနန္တရိယ' ကံနှင့် 'ပါဏာတိပါတ' ကံတို့အကြောင်း | ပဉ္စမ |
| ၂၄။ | ဤခရီးနီးလာပါသည် | စတုတ္ထ |
| ၂၅။ | 'အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်' မင်းအစိုးရထံလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ | ပဉ္စမ |
| ၂၆။ | ကောင်းကင်ကြယ် နက္ခတ်ကြည့်နည်းပညာနှင့် အရုဏ်တက်ချိန် | နဝမ |
| ၂၇။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၁) | ဒုတိယ |
| ၂၈။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၂) | ဒုတိယ |
| ၂၉။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၃) | ပထမ |
| ၃၀။ | နဘူးကျောင်းဆရာတော်ဘုရားကြီး၏စံနမူနာယူစရာ ကျင့်သီလ | ပထမ |
| ၃၁။ | ဘဝဆည်းဆာ လှစေချင်ပါသည် | ပဉ္စမ |
| ၃၂။ | လမ်းမပေါ်၌ လမ်းပျောက်ချင်သူ | ပထမ |
| ၃၃။ | ငြိမ်းအေးသောစိတ် (အပိုင်း - ၁) | ပထမ |
| ၃၄။ | သိကောင်းစရာရှုတင်သာသနာ | ပထမ |
| ၃၅။ | ပဌာန်းပညာဝါရ | ဒုတိယ |
| ၃၆။ | ပဌာန်းတရားတော်နှင့်ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ | ဒုတိယ |
| ၃၇။ | ဝိနည်းသင်ပုန်းကြီးဖတ်စာ | ပထမ |